# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၂)ရက် ၊ ကြာသပတေးနေ့ ၊ (16-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၇၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ကျစ်မြို့၌ ကျင်းပမည့် ပဉ္စမအကြိမ်မြောက် တရုတ်နိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (တိဗက်)၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဟိမဝန္တာတောင်တန်းဒေသဖြတ်ကျော်နိုင်ငံများဆိုင်ရာဖိုရမ်သို့တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျား နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးနိုင်မင်းကျော်၊ ဒေါက်တာသောင်းနိုင်ဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

အဆိုပါဖိုရမ်ကို ဟိမဝန္တာတောင်တန်းဒေသတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ ဒေသတွင်းနှင့် အခြားနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဘုံဖွံ့ဖြိုးမှုကိုမြှင့်တင်ရန်ရည်ရွယ်၍ ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

## ကင်းတားရေလှောင်တမံလက်ဝဲမြောင်းမကြီးမှ မိုးစပါးစိုက်ပျိုးရေ စတင်ပေးဝေလျက်ရှိ၊ စိုက်ပျိုးမြေဧက ၅၂၀၇၀ အကျိုးပြုမည်



မန္တလေး ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ရှိ ကင်းတားရေလှောင်တမံ လက်ဝဲမြောင်းမကြီးမှ ဝမ်းတွင်း၊ မြစ်သား၊ တံတားဦးမြို့နယ်တို့ရှိ စိုက်ပျိုးမြေဧက ၅၂၀၇၀ အတွက် မိုးစပါးနှင့် မိုးသီးနှံ စိုက်ပျိုးရေကို ယနေ့မှစတင်၍ အပြည့်အဝ ပေးဝေလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။


ကင်းတားလက်ဝဲမြောင်း ပေတိုင် ၁၃၄၂၀၀ ရှိ စမုံရေငုပ်ပြွန်မှာ ယခင်က ရာဂိမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သဖြင့် စိုက်ပျိုးရေပေးဝေမှုများရပ်တန့်ခဲ့ရပြီး ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ယာယီရေသွယ်လျောက်နှင့်ယာယီရေပေးမြောင်းများဆောက်လုပ်ကာ နွေစပါးနှင့် နွေသီးနှံစိုက်ဧက ၂၁၀၀၀ ကို ဆည်ရေဖြင့် ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

မိုးစပါးနှင့် မိုးသီးနှံများကို အချိန်မီ စိုက်ပျိုးရေပေးဝေနိုင်ရန် **စာမျက်နှာ ၁၉ ကော်လံ ၁**

## လေဖိအားနည်းရပ်ဝန်း နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဇူလိုင် ၁၅

ယနေ့ညနေ ၃ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ အိန္ဒိယနိုင်ငံ သြရိဿပြည်နယ်မြောက်ပိုင်း ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင်




ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ သြရိဿပြည်နယ် မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**

## ချင်းတွင်းနှင့် စစ်တောင်းမြစ်ရေအခြေအနေ

နေပြည်တော် ဇူလိုင် ၁၅

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေ၀က်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ပေ၀က်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စာမျက်နှာ ၁၉ ကော်လံ ၄**

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ – ၁၈

**ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၇၄၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်**

စာမျက်နှာ – ၂

**နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရေး အားကစားကဏ္ဍ မြှင့်တင်ပေး**

ဆောင်းပါး စာမျက်နှာ – ၂၆

ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်
အယ်ဒီတာ့အာဘော်

# သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သစ်တောဖုံးလွှမ်းမှုရေိယာတိုးလာစေရေး

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းသည် ပူပြင်းသည့်ရာသီဥတုဒဏ်ကို လျော့ပါးသက်သာစေရန် ကောင်းမွန်သည့်ဆောင်ရွက်ချက်ဖြစ်သည်။ သစ်ပင်များစိုက်ပျိုးခြင်းကြောင့် အရိပ်အာဝါသကောင်းများရရှိလာပြီး အပူချိန်လျော့ပါးလာခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာပြီး မျက်စိပသာဒဖြစ်စေခြင်း၊ လူအများ၏ စိတ်နှလုံးအေးမြစေခြင်း၊ ကျေးငှက်တိရစ္ဆာန်များစွာ နားခိုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သစ်ပင်သစ်တောများ၊ မြစ်ချောင်းအင်းအိုင်များ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော် နေရာဒေသ၊ ရေမြေ၊ ရာသီဥတုအပေါ်မူတည်ပြီး ဒေသတစ်ခုနှင့်တစ်ခု သစ်တောဖုံးလွှမ်းမှုကွာခြားသည်ကို တွေ့ရပေသည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ ၁၃ ခရိုင်တွင် ပူပြင်းခြောက်သွေ့ပြီး သစ်တောသစ်ပင်ကျဲပါးသည်။ သစ်တောသစ်ပင်ကျဲပါးသောကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန်အမြင့်မားဆုံးစာရင်းဝင်နေသည်ကိုတွေ့ရပြီး ၂၀၂၄ ခုနှစ်တွင် ချောက်မြို့သည် အပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်ထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် အပူချိန် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်၊ ယခုနှစ်တွင် အပူချိန် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်ရှိသည်။ မြေလတ်ဒေသမြို့ကြီး ၁၂ မြို့တွင် အပူချိန် ၄၁ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် နှစ်စဉ်ဦးဆောင်ကျင်းပဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်က ဦးဆောင်ပြီး သစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပနေသကဲ့သို့ နိုင်ငံတစ်ဝန်း နေရာဒေသအသီးသီးတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို ပြည်သူလူထုအားလုံးတက်ကြွစွာဖြင့် ပါဝင်စိုက်ပျိုးနေကြသည်ကို တွေ့ရပေသည်။

သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တောများထိန်းသိမ်းခြင်းဖြင့် သစ်ပင်သစ်တောများ များပြားလာပြီး သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများသည်လည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး သက်ရှိများကို များစွာအကျိုးပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်တည်ငြိမ်သည့် ပတ်ဝန်းကျင်ဂေဟစနစ်များ လက်ဆင့်ကမ်းနိုင်ရေးအတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်အောင် ရည်မှန်းချက်ထားဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် နေထိုင်ချင်စဖွယ်ကောင်းသည့်မြို့များ၊ ကျန်းမာသည့်လူမှုအသိုက်အဝန်းများနှင့် ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်သည့် လူနေမှုပတ်ဝန်းကျင်များကို ဖန်တီးနိုင်မည်ဖြစ်သည်။ သစ်တောသစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းသည် ဘက်စုံအကျိုးကျေးဇူးများရရှိနိုင်သကဲ့သို့ နိုင်ငံ၏ ကောင်းမွန်သည့် အနာဂတ်ကို တည်ဆောက်ခြင်းလည်းဖြစ်သည်။ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဟူသည့် မူဝါဒကိုအလေးထားလိုက်နာပြီး သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရန်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာစေရန်၊ ရာသီဥတုမျှတကောင်းမွန်လာစေရန်အတွက် အပူပိုင်းဒေသ ၁၃ ခရိုင်အပါအဝင် နိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၇၄၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၇၄၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၁၉၀၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၇၄၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မြေပဲ ၅၁၉၀၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၇၄၁၃ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်တွင် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



**ကျုံပျော် ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် မုန်လာဥဖြူများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ဇူလိုင်လပထမပတ်မှ စတင်ပြီး မုန်လာဥဖြူများဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် မုန်လာဥဖြူများ လက်ရှိတစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကျုံပျော်မြို့နယ်မှာ မုန်လာဥဖြူတွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ဒေသထွက် မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ အခုလပထမပတ်လောက်ကတည်းက စတင်အရောင်းအဝယ် ကောင်းနေတာဖြစ်ပါတယ်။ ဒေသထွက် မုန်လာဥဖြူတွေအပါအဝင် ကုန်စိမ်းအစုံကို အခြားဒေသတွေက ဝယ်ယူအားကောင်းနေပါတယ်။ ဒေသထွက်ကုန်တွေပဲ အရောင်းအဝယ်လုပ်ရတော့ အဆင်ပြေပါတယ်"ဟု ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူ ၁၀ ပိဿာလျှင် ငွေကျပ် ၃၅၅၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပုသိမ်ကြီးမြို့နယ် သုံးအိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ပုသိမ်ကြီး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သုံးအိမ်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဖွဲ့စည်းခြင်းကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင် ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်နေ ပြည်သူများ၏ တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၇-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | ဖိုရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၅၀ | ၃၃၉၀ | ၃၃၄၅ | ၃၂၆၅ | ၃၃၈၅ | ၃၄၁၀ | ၃၄၃၅ | ၃၃၃၀ | ၃၆၅၀ | ၃၆၉၀ | ၃၃၅၀ | ၃၄၈၀ | ၃၄၃၅ | ၃၃၉၅ | ၃၄၁၀ | ၃၆၅၀ |
| 95 Ron | ၃၃၁၀ | ၃၅၅၀ | ၃၅၀၅ | ၃၃၂၅ | ၃၅၅၅ | ၃၄၇၀ | ၃၄၉၅ | ၃၃၉၀ | ၃၇၁၅ | ၃၇၅၀ | ၃၄၁၀ | ၃၅၄၅ | ၃၄၉၅ | ၃၅၅၅ | ၃၄၇၀ | ၃၇၁၀ |
| HSD (500 ppm) | ၃၀၉၅ | ၃၂၂၅ | ၃၀၈၅ | ၃၁၀၀ | ၃၂၃၀ | ၃၂၅၀ | ၃၂၇၀ | ၃၀၇၀ | - | ၃၅၁၅ | ၃၀၉၀ | ၃၅၅၀ | ၃၂၇၀ | ၃၂၃၅ | ၃၂၄၅ | ၃၄၇၅ |
| HSD (50 ppm) | ၃၇၉၀ | ၃၉၂၅ | ၃၈၈၅ | ၃၈၀၅ | ၃၉၃၀ | ၃၉၄၅ | ၃၉၇၅ | ၃၈၇၀ | ၄၁၉၀ | ၄၂၂၅ | ၃၈၈၅ | ၄၀၁၅ | ၃၉၇၀ | ၃၉၃၀ | ၃၉၄၅ | ၄၁၈၅ |
| HSD (10 ppm) | ၃၇၉၀ | ၃၉၂၅ | ၃၈၈၅ | ၃၈၀၅ | ၃၉၃၀ | ၃၉၄၅ | ၃၉၇၅ | ၃၈၇၀ | | ၄၂၂၅ | ၃၈၈၅ | ၄၀၁၅ | ၃၉၇၀ | ၃၉၃၀ | ၃၉၄၅ | ၄၁၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၇၀ | ၃၁၆၅ |
| 95 Ron | ၃၁၂၉ | ၃၂၂၅ |
| HSD (500 ppm) | ၂၉၃၀ | ၃၀၁၈ |
| HSD (50 ppm) | ၃၅၉၀ | ၃၆၉၂ |
| HSD (10 ppm) | ၃၅၉၀ | ၃၆၉၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၅၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မြောင် ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၅၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ပဲတီစိမ်း ၁၆၉၅၂ ကေစိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၅၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲတီစိမ်းကေ ၁၆၀၀၀ စိုက်ပျိုးခဲ့ရာမှာ ဒီနေ့မှာတော့ ၁၁၅၅၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးနေပါတယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကိုအထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။ (၂၀၆)

## အမရပူရမြို့နယ် တောင်ယာဉ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မန္တလေး ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ယာဉ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူခုနစ်ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ရှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦး၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၃ ဦးကို ရန်ပုံငွေကျပ် ၅၇ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ရဲကျော်**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအနုပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ကွမ်းသီးအနုပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းနှင့်ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်း ကွမ်းသီးအနုပိဿာချိန် ၆၆၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်လိုအားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်က အမှာကုန်များလာလို့ ကွမ်းသီးအနုတွေ အများအပြားတင်ပို့နေရတာဖြစ်ပါတယ်။ ကွမ်းသီးအနုတင်ပို့ရောင်းချတဲ့လုပ်ငန်းက အတော်လေးကိုသွက်လာတာပါ။ လက်ရှိ မော်လမြိုင်ကျွန်းမြို့နယ်ကနေ တင်ပို့ရောင်းချနေတဲ့ ကွမ်းသီးအနု ၁၀ ပိဿာကို ငွေကျပ် ၇၂၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ရန်ကုန်ဈေးကွက်ကနေ အခြားဈေးကွက်တွေကို တင်ပို့ရောင်းချနေတာပါ။ လက်ရှိကွမ်းသီးတွေ အရောင်းအဝယ် ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေလည်ပတ်လုပ်ကိုင်နေရတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းနှင့်ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့်ကွမ်းသီးအနုများကို ကုန်သည်များမှ ကွမ်းသီးခြံများ အရောက်သွားရောက်ဝယ်ယူပြီး စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကွမ်းသီးအနုများ အရောင်းအဝယ်ကောင်းမွန်မှုကြောင့် ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ကုန်းဘောင်ခေတ် သူငယ်တော်သုတေသန

ကုန်းဘောင်ခေတ် သူငယ်တော်တို့၏ အခန်းကဏ္ဍသည်လည်း ပုဂံ၊ အင်းဝ၊ ညောင်ရမ်းခေတ်တို့နည်းတူ အမည်တူသော်လည်း အလုပ်အကိုင်ဌာနမှာ ကွဲပြားကြောင်းသိရသည်။ လေ့သင်းအတွင်းဝန်မင်းကြီးပြုစုသော ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် အုန်းပင်၏အကြောင်းကို ဖွင့်ဆိုရာ၌ သူငယ်တော်ကို ဘုရင်၏ လူယုံတော်အနေဖြင့် ဖော်ပြထားကြောင်း တွေ့ရသည်။

ကုန်းဘောင်ခေတ်ဦး စဉ့်ကူးမင်းလက်ထက်တွင် သူငယ်တော်တို့သည် မာရာဘင်တံခါးစောင့် အမှုထမ်းများဖြစ်ကြောင်းကို "မဟာဥကင်သ ဖွင့်တော်မူခဲ့သည့် ရာဇပြေကတေ့စာတမ်းခေါ် စဉ့်ကူးမင်း ရွှေနန်းတက်စာတမ်း"၌ ဖော်ပြထားသည်ကို တွေ့ရ၏။ ထိုစာတမ်း၌ ဖော်ပြထားသည်မှာ "မာရာဘင် တံခါးစောင့် သငယ်တော်အဂ္ဂန်း ၁၁၃၈ ခု၊ တပို့တွဲလဆန်း ၇ ရက်နေ့ (၁၇၇၇ ခု၊ ဇန်နဝါရီ ၁၅ ရက်) မင်္ဂလာထီးနန်း ဦးဂင်တော် (ဥကင်တော်) ဖွင့်တော်မူမည်မှာ သုံးရက်တွင် ပေါင်တက်ကတော်မယားတို့ အရှေ့သို့ ထွက်လာလျှင် နေ့ံလိုက်နေ့ံပါ အများမခေါ် မထွက်စေနှင့်။ ကွံ့ခွက်သောက်အိုး၊ ရေတကောင်း၊ ထွေးအင်၊ ဆေးတံကိုင်သာ ပါစေရမည်။ မိန်းမအလွတ်အများ မပါစေနှင့်၊ ယောကျ်ားများလည်း ရောနှောမလိုက်စေနှင့်။ နိုင်အောင်စောင့်နေ ဆီးတားရမည်။ အနောက်တံခါးနီမှူးကို ပေးသည်မှတ်စာ"ဟူ၍ ဖြစ်၏။

ဤစာတမ်းသည် စဉ့်ကူးမင်း ရွှေနန်းတက်သည်ကို မှတ်တမ်းတင်ထားသည့် စာတမ်းဖြစ်သည်။ ဤစာတမ်းအရ စဉ့်ကူးမင်းလက်ထက်တွင် သူငယ်တော်တို့သည် မာရာဘင်တံခါးစောင့် အမှုထမ်းများဖြစ်ကြောင်း သိရ၏။

မာရာဘင်တံခါးသည် နန်းတော်၏ အတွင်းဘက်အကျဆုံးဖြစ်၏။ မာရာဘင်တံခါးကို ကျော်ပြီးပြီဆိုလျှင် ရှင်ဘုရင် စက်တော်မူရာအဆောင်သို့ အလွယ်တကူရောက်ရှိ နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ရှင်ဘုရင်သည် မာရာဘင်တံခါးစောင့်ကို ယုံကြည်စိတ်ချရဆုံးသူများသာ ရွေးချယ်ခန့်ထား၏။ သို့ဖြစ်သောကြောင့် မာရာဘင်တံခါးစောင့်ရသော သူငယ်တော်တို့သည် ရှင်ဘုရင်ယုံကြည်စိတ်အချရဆုံးသူများ ဖြစ်သည်ဟုဆိုနိုင်သည်။ စဉ့်ကူးမင်းလက်ထက် ထိပင် သန့်ရှင်းရေးလုပ်ရသော သူငယ်တော်တို့ မရှိသေးပေ။

ဘိုးတော်ဗဒုံမင်းလက်ထက်တွင် သန့်ရှင်းရေး လုပ်သော သူငယ်တော်အမှုထမ်းတို့ စတင်ရာခေတ် ဖြစ်သည်ဟူ၍ ရွှေနန်းသုံးဝေါဟာရ အဘိဓာန်အရ ဆိုရပေမည်။ ထို့ပြင် ဘိုးတော်ဗဒုံမင်းလက်ထက်၌ပင် အဆင့်အတန်းမြင့် အမှုထမ်းရသော သူငယ်တော်များ လည်းရှိသည်။ ဘိုးတော် ဗဒုံမင်း သားတော်ရွှေတောင်မင်းကို သက္ကရာဇ် ၁၁၄၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက် ကြာသပတေးနေ့ (၁၇၈၃ ခု၊ ဇူလိုင် ၁၁ ရက်) တွင် အိမ်ရှေ့နှင်းခဲ့သည်။ ရွှေတောင်မင်းကို မဟာမုနိ ဘုရားကြီး ပင့်ဆောင်လာသည့် ရခိုင်နိုင်အိမ်ရှေ့ မင်းအဖြစ် အသိများကြသည်။ အိမ်ရှေ့မင်းကို အိမ်ရှေ့နှင်းသည့် စာတမ်းတွင် သူငယ်တော်အသုံး အနှုန်းကို နှစ်ကြိမ်တွေ့ရသည်။ စာတမ်းတစ်စောင် တည်း၌ဖြစ်သော်လည်း အသုံးအနှုန်းကား မတူပေ။ ထိုအသုံးအနှုန်းတို့မှာ "သူငယ်တော်တဘာသာ၊ သူငယ်တော်မှူး သွေးသောက်"ဟူ၍ဖြစ်သည်။

ဤအသုံးအနှုန်းများအရ ကုန်းဘောင်ခေတ်တွင်လည်း သူငယ်တော်တို့မှာ အမည်တူသော်လည်း အလုပ်မတူဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံတော်၏ အရေးအပါဆုံး အခမ်းအနားဖြစ်သည့် အိမ်ရှေ့နှင်း အခမ်းအနားတွင် သူငယ်တော် တဘာသာနှင့် သူငယ်တော်မှူးသွေးသောက်တို့ ပါဝင်ခြင်းအားဖြင့် ဤသူငယ်တော်တို့သည် အဆင့်နိမ့်ကျသော သူငယ်တော်များ မဟုတ်ကြောင်းကား သိသာပေသည်။

**အိမ်သာတံခါးစု စစ်တမ်း**

သက္ကရာဇ် ၁၁၄၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့ (၁၇၈၃ ခု၊ ဒီဇင်ဘာ ၁၀ ရက်) ကောက်ယူခဲ့သော အိမ်သာတံခါးစု စစ်တမ်းတွင် အိမ်သာတံခါးစုတွင် အမှုထမ်းရသော အိမ်ထောင်စုများကို ဖော်ပြထားသည်။ အိမ်သာတံခါးစုတွင် အမှုထမ်းရသော အိမ်ထောင်စုများ၌ သူငယ်တော်ရွာမှ အိမ်ထောင်စုလည်း ပါဝင်နေသည်။ ထိုစစ်တမ်းအရ သူငယ်တော်များသည် အိမ်သာတံခါးစုတွင် အမှုထမ်းရကြောင်းလည်း သိရသည်။ အိမ်သာတံခါးစု အမှုထမ်းများသည် ရွှေနန်းတော်အတွင်းရှိ အိမ်သာတော်တံခါးများတွင် နေ့ညစောင့်နေရသူများဖြစ်သည်။ စစ်တမ်း၌ တစ်လလျှင် အိမ်သာတံခါး၌ အဝန် ၁၊ ငယ်သား ၂ သည် နေ့တွင်စောင့်ရကြောင်းပါရှိ၏။ ထို့ကြောင့် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် အိမ်သာတံခါးစောင့် သူငယ်တော်များ ရှိလာပြီဖြစ်သည်။ သူငယ်တော်တို့သည် အိမ်သာတံခါးစောင့်များအဖြစ် အမှုထမ်းရကြောင်းမှာ ဤစစ်တမ်းအရထင်ရှားသည်။ စစ်တမ်း၌ အိမ်သာတံခါးစောင့်အဖြစ် အမှုထမ်းရကြောင်းသာ တွေ့ရပြီး အိမ်သာသန့်ရှင်းရေး လုပ်ရသည်ဟူ၍ ဖော်ပြမထားပေ။

ရွှေနန်းတော်သုံး ဝေါဟာရအဘိဓာန်တွင် သက္ကရာဇ် ၁၁၅၀ ပြည့်နှစ်၌ ရခိုင်မြို့၊ သံတွဲမြို့၊ ရမ်းဗြဲမြို့၊ မာန်အောင်မြို့တို့မှ အိမ်ထောင်စု ၁၁၀ ကို ခေါ်ဆောင်လာပြီး သူငယ်တော်အမှုထမ်းဖွဲ့ကာ နန်းတော်ဆောင်များအတွင်း သန့်ရှင်းရေး လုပ်ကိုင်စေခဲ့ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် သန့်ရှင်းရေးလုပ်ရသော သူငယ်တော်များ စတင်ရှိနေပြီဟု ဆိုရမည်ဖြစ်သည်။

ဘိုးတော်ဗဒုံမင်းနောက်တွင် ဘကြီးတော် စစ်ကိုင်းမင်း ထီးနန်းဆက်ခံသည်။ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်တွင် သမီးတော် သီရိတိလောကမြတ်စွာ (ဆင်ဖြူမရှင်)ကို နားထွင်းမင်္ဂလာကျင်းပ၏။ ထိုနားထွင်းမင်္ဂလာပွဲအတွက် ထုတ်ပြန်သော အမိန့်တော်တွင် "ရွှေမြို့တော်ရှိ နွားထိန်းသူငယ်တော်လယ်"ဟူ၍ သုံးနှုန်းထားသည်ကို တွေ့ရ၏။ အမိန့်တော်မှာ ၁၁၈၅ ခု ဒုတိယဝါဆိုလဆန်း ၁၁ ရက်နေ့ (၁၈၂၃ ခုနှစ်၊ ဇွန် ၂၇ ရက်) တွင် ထုတ်ပြန်ခဲ့သော အမိန့်တော်ဖြစ်သည်။ အမိန့်တော်တွင် နွားထိန်းသူငယ်တော်ဟု တွဲ၍ဆိုထားသောကြောင့် ရွှေမြို့တော်၌ (အင်းဝမြို့) နွားများကို ထိန်းကျောင်းရသော သူငယ်တော်များရှိမည်ဟု ယူဆရလေသည်။ နွားထိန်းသူငယ်တော်ဟူသည် နွားများထိန်းကျောင်းရသည့် သူငယ်တော်များကိုဆိုခြင်း ဖြစ်မည်ထင်ပါသည်။

မင်းတုန်းမင်းတရားကြီး လက်ထက်တွင် အလယ်နန်းမိဖုရားကမွေးသော သမီးတော်ကို ပုခက်တင်မင်္ဂလာပြုလုပ်ရာတွင် သူငယ်တော်အမှုထမ်းတို့ကို လက်ဖွဲ့ထည့်ပေးခဲ့ကြောင်း ရာဇဝင်ကြီးတို့၌ ဖော်ပြထားသည်။ သီပေါမင်းလက်ထက်တွင် သူငယ်တော်ကို အနောက်ရုံးစေအဖြစ် စာရင်းတင်ထားသည်ကိုတွေ့ရသည်။ အနောက်ရုံးစေ ဆိုသည်မှာ အနောက်ဝန်၊ အနောက်ဝန်စာရေးတို့က ဆင့်ခေါ်ခိုင်းသည့် အမှုသည်များကို အချိန်မရွေး သွားရောက်ခေါ်ဆောင်ပေးရသူများကို ဆိုခြင်းဖြစ်သည်။

❖ ကုန်းဘောင်ခေတ်သူငယ်တော်တို့၏ အခန်းကဏ္ဍသည်လည်း ပုဂံ၊ အင်းဝ၊ ညောင်ရမ်းခေတ်တို့နည်းတူ အမည်တူသော်လည်း အလုပ်အကိုင်ဌာနမှာ ကွဲပြားကြောင်းသိရသည်။ လေ့သင်းအတွင်းဝန်မင်းကြီးပြုစုသော ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် အုန်းပင်၏ အကြောင်းကိုဖွင့်ဆိုရာ၌ သူငယ်တော်ကို ဘုရင်၏ လူယုံတော်အနေဖြင့် ဖော်ပြထားကြောင်းတွေ့ရသည်။ ကုန်းဘောင်ခေတ်ဦး စဉ့်ကူးမင်းလက်ထက်တွင် သူငယ်တော်တို့သည် မာရာဘင်တံခါးစောင့် အမှုထမ်းများဖြစ်ကြောင်းကို "မဟာဥကင်သ ဖွင့်တော်မူခဲ့သည့် ရာဇပြေကတေ့စာတမ်းခေါ် စဉ့်ကူးမင်း ရွှေနန်းတက်စာတမ်း"၌ ဖော်ပြထားသည်ကို တွေ့ရ၏။ ❖

ဤနေရာတွင် ရှင်းလင်းတင်ပြရန်လိုသည်မှာ သူငယ်တော်တို့သည် သန့်ရှင်းရေးအမှုထမ်းများ ဖြစ်သည်ဟူသော ဖွင့်ဆိုချက်နှင့် ရွှေနန်းသုံးဝေါဟာရ အဘိဓာန်လာ ရခိုင်ပါလူများနှင့် သူငယ်တော်အမှုထမ်းဖွဲ့ကာ မသင့်မလျော် ရှင်းလင်းသန့်ရှင်းရသည်ဟူသော ဖွင့်ဆိုချက်ဖြစ်သည်။ သူငယ်တော်ကို သန့်ရှင်းရေးအမှုထမ်းအဖြစ် အစောဆုံးဖွင့်ဆိုပြသည်မှာ ယုဒသန်၏ အဘိဓာန်ဖြစ်သည်။ ရွှေနန်းသုံး ဝေါဟာရအဘိဓာန်က ဘိုးတော်ဗဒုံမင်းလက်ထက် ဖွဲ့သည်ဟု အတိအလင်းဆိုထားသည်။

ထိုသို့ သူငယ်တော်အမှုထမ်းများသည် အနောက်ဝင်းအတွင်း မိဖုရားတို့၏ အဆောင်တော်၊ အိမ်သာတော်များ သန့်ရှင်းရသည့် အမှုထမ်းဖြစ်သည်ဟူသောဖွင့်ဆိုချက်ကို အချို့က လက်မခံလိုကြပေ။ သူငယ်တော်တို့သည် ဘုရင့်လူယုံတော်၊ သံပျင်၊ ကလန်၊ ဟူးရား၊ သမား၊ သုခမိန်တို့နှင့် အဆင့်အတန်းတူညီသော အမှုထမ်းမျိုးဖြစ်ကြောင်းကို ကျောက်စာနှင့် အခြားမှတ်တမ်းများကို ကိုးကား၍ ဆိုကြသည်။ ထို့အတူ သူငယ်တော်အမှုထမ်းတို့သည် ရွှေနန်းသုံးဝေါဟာရအဘိဓာန်၌ဆိုသလို အမရပူရခေတ်ရောက်မှ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ပုဂံခေတ်ကတည်းကရှိခဲ့သော အမှုထမ်းများဖြစ်ကြောင်း ချေပ ပြောဆိုကြသည်။

စာရေးသူ၏ ယူဆချက်မှာ ရွှေနန်းသုံးဝေါဟာရ အဘိဓာန်၏ ဖွင့်ဆိုချက်သည် မှားသည်ဟုမထင်ပေ။ ရတနာပုံမန္တလေးခေတ်တွင် သူငယ်တော် အမှုထမ်းတို့သည် မိဖုရားအဆောင်တော်များအတွင်း သန့်ရှင်းရေးလုပ်ဆောင်ရသော အမှုထမ်းဖြစ်ကြောင်းကို ဖော်ပြထားသော အထောက်အထားများစွာရှိသည်။

## ဗိုလ်ရှိတ်(ရတနာပူရ)

မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၌ သူငယ်တော် အမှုထမ်းများနှင့် သားပေါက်တော် အမှုထမ်းတို့က သန့်ရှင်းရေးပြုလုပ်ရသည့်အကြောင်းကို "မင်းမိဖုရား၊ မင်းသမီးအပျိုတော်တို့နေသော အဆောင်အခန်းများနှင့် သွားလမ်း၊ လာလမ်း၊ ဒူးလမ်း၊ တော်လမ်းများမှာ သာယာသန့်ရှင်းရေး ရှိ၊ မရှိ ပျက်စီးယိုယွင်း ရှိ၊ မရှိများကို ကြည့်ရှုရသည်။ မသန့်မရှင်းသောအရာများမှာ တာဝန်ရှိသူ၊ သူငယ်တော်၊ သားပေါက်တော်တို့အပေါ်တွင် အနောက်ဝန်မင်းတို့က တိုက်ရိုက်စစ်ဆေး၍ အပြစ်ပေးနိုင်သည်" စသည်ဖြင့် ဖော်ပြထားသည်။ ဤမှတ်တမ်းအရ သူငယ်တော်တို့သည် အနောက်ဝန်မင်း လက်အောက်တွင်ရှိ၍ မိဖုရား၊ မင်းသမီး၊ အပျိုတော်အဆောင်များနှင့် သွားလမ်းလာလမ်းများ၌ သန့်ရှင်းရေးလုပ်ရသူဖြစ်ကြောင်း သိနိုင်သည်။

ဆရာကြီး မြကေတု၏ နန်းခလေ့မှတ်တမ်းတွင်လည်း သူငယ်တော်တို့သည် အိမ်သာတော် သန့်ရှင်းရေးလုပ်ရကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

"ဘုရင်သည် စက်တော်ရာအခန်း အပြင်ဘက်သို့ ထွက်တော်မူလာ၍ ရေအိမ်သာသို့ တက်တော်မူသည်။ တစ်ခုသောအခန်းကို လေးတောင်၊ ငါးတောင်ကန့်၍ အိမ်သာလည်းထားသည်။ စံနန်းဆောင်အပြင်ဘက်တွင်ကပ်လျက်ပင် အိမ်သာတော်တစ်ခု၊ နှစ်ခုရှိသည်။ ထိုအိမ်သာတော်အတွင်း၌ ရေအိုး၊ ဆပ်ပြာ၊ ပဝါများနှင့် အိမ်သာ၏အောက်တွင် စဉ့်ရေသုတ်အင်တုံ တစ်ခုရှိသည်။ အိမ်သာသို့တက်ရန် နင်းခုံတစ်ခုရှိသည်။ ၎င်းအညစ်အကြေး အင်တုံများကို သိမ်းယူသူများကို သူငယ်တော်ဟုခေါ်သည်။ ၎င်းတို့သည် နန်းတော်အတွင်း ရှိရှိသမျှ မင်းမိဖုရားများ၏ အိမ်သာများမှအင်တုံများကို သိမ်းဆည်းဆေးကြော၍ ပြန်ထားကြရသည်။ ၎င်းသူငယ်တော်များသည် နန်းတော်အုတ်ခုံ၏ တောင်ဘက်တွင် အလှည့်ကျနေကြရသည်။ ၎င်းတို့ကို ပါဠိဘာသာဖြင့် ပါရိဆတ္တက ဟုခေါ်သည်။ ပန်းအမှိုက်သွန်ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုထားသည်။"

ရွှေကိုင်းသားပြုစုသော အနှစ် (၁၀၀) ပြည့် မန္တလေးစာအုပ်တွင် "မင်းမိဖုရား၊ သမီးတော်၊ အပျိုတော်၊ ကိုယ်လုပ်တော်တို့နေသော အဆောင်ဆောင်အခန်းခန်းများနှင့် ထိုဆောင်တော်များ၏ အကြောင်းအကြားမှ သွားလမ်း၊ လာလမ်း၊ ဒူးလမ်း၊ တော်လမ်းများ သာယာသန့်ရှင်းမှုရှိစေရန် သူငယ်တော်များနှင့် သားပေါက်တော်များကို တာဝန်ပေး၍ မပြတ်သုတ်သင် ရှင်းလင်းစေရမည်။ အကယ်၍ မသန့်ရှင်းသောနေရာများ တွေ့ရှိခဲ့သော် တာဝန်ရှိသူ သူငယ်တော်သားပေါက်တို့အပေါ်တွင် အနောက်ဝန်မင်းက တိုက်ရိုက်အပြစ်ပေးနိုင်လေသည်"ဟူ၍ အတိအလင်းဖော်ပြထားသည်။ ထို့ပြင် မင်းတုန်းမင်းလက်ထက် ထုတ်ပြန်ခဲ့သော အနောက်ဝန်ခန့် အမိန့်တော်ပြန်တမ်းတွင် "အနောက်ရုံးတော်တွင်လည်း သွေးသောက်စု၊ မြင်းစု၊ ရုံးစေမှစ၍ သူငယ်တော်၊ သပေါက်တော်၊ ကြေးဘဏ္ဍာ၊ နွားဘဏ္ဍာအရပ်ရပ် အစုအငန်းနှင့်ဆိုင်ရာအမှုတော်ကို နေ့စဉ်လစဉ် မပြတ်ထမ်းရွက်ရသည်။ အနောက်၊ အတွင်းတော် တောင်ဝင်း (အိမ်သာ) အောက်အိမ်များနှင့် မသင့်မတင့်လှသည့်အခါ သုတ်သင်ရှင်းလင်းရန်ရှိလျှင်လည်း အနောက်ဝန်တို့ မပြတ်ဝင်ထွက် ကြည့်ရှုဆော်ဖန် စီရင်ရသည်။ အနောက်အတွင်းတော်တွင် အိပ်လှည့်အိပ်ဖန် အစောင့်အနေနှင့် သူငယ်တော်၊ သပေါက်တော်တို့နှင့် အရပ်ရပ် အမှုထမ်းတို့ကို နှိုးဆော်မပြတ် စောင့်နေထမ်းရွက်စေရမည်"ဟူ၍ အနောက်ဝန်၏လုပ်ငန်းကိုဖော်ပြရာတွင် သူငယ်တော်တို့၏လုပ်ငန်းကို တွေ့မြင်နိုင်ပေသည်။

**ဆက်လက်ဖော်ပြပါမည်။**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလိုဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့ တင်ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုး လိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၁၀၂၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၁၀၂၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံဧက ၂၀၃၀၀ စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၀၂၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲစင်းငုံဧက ၂၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာမှာ ဒီနေ့ထိ ဧက ၁၀၂၃၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေသြဇာစနစ်တကျ သုံးစွဲရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊ တောင်သူများ မြေသြဇာဝယ်ယူမှု သက်သာစေရန်အတွက် ယူရီးယားနှင့် လက်ချားဓာတ်မြေသြဇာ ပေါင်းစပ်သုံးစွဲသည့် နည်းပညာများလည်း ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားဓာတ်မြေသြဇာ ပေါင်းစပ်သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ် သက်သာကာ အပင်များ ပိုးမွှားကင်းစင်ပြီး အပင်ဖြစ်ထွန်းမှု ကောင်းမွန်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ကန်ရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကွက်ကျေးရွာအုပ်စု ကန်ရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကန်ရိုးကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကန်ရိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၁ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၉ ဒသမ ၈ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၄ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၆ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေကျပ် ၂၅ ဒသမ ၉ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ထူးမြတ်ဂုဏ်ပြ ဝါဆိုလ

\- ရာသီရယ် ကရကင်္ဂနဲ့
ပါဠိစာအပ် ကက္ကဋ္ဌပါ၊
ပုစ္ဆန်လုံး ကဏန်းတို့
ပေါ်မြန်း မြူးအခါ၊
အာကာထက် ပုံရုပ်လွှာ
ထင်ရှားရာ တစ်မျိုးလွှား၊
တာရာမှာ 'ဆင်' ဖြစ်ကြောင်း
ဖော်လှစ်ပြထား။

\- လပြည့်စန်းယှဉ် နက္ခတ်က
ပြုဗ္ဗာသဠ် အထူးပြတယ်၊
တစ်မျိုးမှာ ဥတ္တရာသဠ်ဟု
နှစ်လုံး ဖြစ်ကြယ်၊
ဝဿာန ဥတုတွယ်
အနောက်တောင်ရယ် မိုးသက်ကျ၊
ပုန်းညက်ပန်းတွေ လှိုင်လှိုင်ပွင့်တဲ့
တင့်ဆန်းကာလ။

\- ပဉ္စင်းတော်ခံ ဝါဆိုပွဲတို့
ဆင်နွဲကြ များသူငါ၊
ရိုးရာရယ် ဓလေ့များတို့
ထူးခြားပြုအခါ၊
ထွတ်မြတ်ထား သာသနာ
ထူးလှစ်ရာ လသည်ဖြစ်၊
ဘုရားရှင် ရည်မှတ်မှုက
လူ့ပြည်၌ သန္ဓေတည်ကာ
လေးပါးမည် နိမိတ်ကြီးတို့
မြင်ကာပြီး တောထွက်အခါရယ်
ဘုရားမြတ်စွာ ဖြစ်တည်သားအား
ဝန်ခံထား ထူးမြတ်အခါနှင့်
ဓမ္မစကြာ တရားဦးကို
ဟောကျူးထား ဆက်ကာဖော်တယ်
တန်ခိုးတော် ပြာဋိဟာပြထားတယ်တို့
စုံလွှားထူးလှစ်။ ။

**မောင်အောင်ဝေ(ညောင်ခြေထောက်)**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## ဥရောပသမဂ္ဂ၏ လူဦးရေပမာဏ ၂၀၂၉ ခုနှစ်တွင် အမြင့်ဆုံးသို့ရောက်ရှိနိုင်

**ပဲရစ် ဇူလိုင် ၁၅**

နိုင်ငံ ၂၇ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် ဥရောပသမဂ္ဂ၏ စုစုပေါင်း လူဦးရေသည် ၂၀၂၉ ခုနှစ်တွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနိုင်မည်ဖြစ်ပြီး နောက်ပိုင်းကာလများတွင် ပြန်လည်ကျဆင်းလာမည် ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက်တွင် ထုတ်ပြန်ထားသည့် အစီရင်ခံစာ၌ တင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဥရောပသမဂ္ဂ၏ လက်ရှိ လူဦးရေ စုစုပေါင်းသည် ၄၅၀ ဒသမ ၆ သန်းထိရှိပြီး ၂၀၂၉ ခုနှစ်တွင် ၄၅၃ ဒသမ ၃ သန်းဖြင့် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ ပူးတွဲသုတေသနဗဟိုဌာန၏ အဆိုပါ အစီရင်ခံစာ၌ ခန့်မှန်းထားသည်။

ထို့ပြင် ဥရောပသမဂ္ဂ၏ လူဦးရေ စုစုပေါင်းသည် ၂၀၂၉ ခုနှစ်တွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီးနောက် နောက်ပိုင်း ဆယ်စုနှစ်များအတွင်း တဖြည်းဖြည်း ပြန်လည်ကျဆင်းလာမည်ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာ၏ အဆိုအရ သိရသည်။

ဥရောပသမဂ္ဂ၏ လူဦးရေ စုစုပေါင်းသည် ၂၀၂၉ ခုနှစ် နောက်ပိုင်းတွင် တဖြည်းဖြည်း ပြန်လည် ကျဆင်းလာမည်ဖြစ်ပြီး ၂၁၀၀ ပြည့်နှစ်တွင် ၃၉၈ ဒသမ ၈ သန်းထိ ရောက်ရှိသွားနိုင်ကြောင်း ဥရောပသမဂ္ဂ အစီရင်ခံစာတွင် ခန့်မှန်းထားသည်။

၂၀၅၀ ပြည့်နှစ်တွင် ဥရောပသမဂ္ဂ ပြည်သူသုံးဦးလျှင် တစ်ဦးမှာ အသက် ၆၅နှစ်နှင့် အထက်ရှိသူများ ဖြစ်လာမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ခန့်မှန်းထားသည်။

၂၁၀၀ ပြည့်နှစ်တွင်မူ ဥရောပသမဂ္ဂပြည်သူများ၏ ပျမ်းမျှ ဘဝသက်တမ်းမှာ အမျိုးသမီးများအတွက် အသက် ၉၀ နှစ်အထက် ရှိလာမည်ဖြစ်ပြီး အမျိုးသားများအတွက် အသက် ၈၆ နှစ်ထိ ရှိလာနိုင်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ဘယ်လ်ဂျီယံ၌ ပြုပြင်ဆဲအဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွား၊ လူခြောက်ဦးသေဆုံး

**ဘရပ်ဆဲလ် ဇူလိုင် ၁၅**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ပြုပြင်ဆဲအဆောက်အအုံတစ်လုံး၌ ဇူလိုင် ၁၄ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူခြောက်ဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ မီးလောင်မှုသည် အဆောက်အအုံ၏ ဒုတိယထပ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုအတွင်း သေဆုံးခဲ့သူများ၏ ရုပ်အလောင်းများကို အဆောက်အအုံ၏ ဓာတ်လှေကားတစ်ခုအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဘယ်လ်ဂျီယံ တာဝန်ရှိသူများက ပြောကြားထားသည်။


မီးလောင်မှု ဖြစ်ပွားနေစဉ် အဆောက်အအုံအတွင်းရှိ အလုပ်သမား ဦးရေ ၂၅၀ တို့ကို မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း ဘယ်လ်ဂျီယံတာဝန်ရှိသူများက ပြောကြားထားသည်။

မီးလောင်မှု ဖြစ်ပွားစဉ်အတွင်း လူသုံးဦးဒဏ်ရာရရှိခဲ့ရာ ဆေးရုံသို့ တင်ပို့ထားကြောင်း ဘယ်လ်ဂျီယံ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် အဆိုပါ မီးလောင်မှုဖြစ်စဉ်ကို ဘယ်လ်ဂျီယံတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ ဆော်လ်မွန်ကျွန်းစုနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ



**ပေကျင်း ဇူလိုင် ၁၅**

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် ဇူလိုင် ၁၄ ရက်တွင် ဆော်လ်မွန်ကျွန်းစု နိုင်ငံခြားရေး ဝန်ကြီး ရစ်ခ်ဟိုအီနီဝီလာနှင့် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံအနေဖြင့် ပစိဖိတ်ကျွန်းနိုင်ငံများနှင့် ဆက်ဆံရာတွင် ပထဝီနိုင်ငံရေး ရည်မှန်းချက်များ မရှိသကဲ့သို့ ဩဇာစက်ဝန်းနယ်မြေ တည်ဆောက်ရန်လည်း ကြိုးပမ်းနေခြင်းမရှိကြောင်း ဆော်လ်မွန်ကျွန်းစု နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံ၏ ဆော်လ်မွန်ကျွန်းစုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံရေးအရ မည်သည့် နှောင်ကြိုးမျှမပါသည့် ပူးပေါင်း ဆောင်ရွက်မှုမျိုးဖြစ်ကြောင်းလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ပြောကြားခဲ့သည်။

ပစိဖိတ်သမုဒ္ဒရာ တောင်ပိုင်း၌ တရုတ်ရေတပ် ချူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီးသည် ထိပ်ဖူးတုတပ်ဆင်ထားသော တာဝေးပစ် ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့ပြီး ရက်သတ္တပတ်အကြာတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဆော်လ်မွန်ကျွန်းစု နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ပစိဖိတ် ကျွန်းစုနိုင်ငံများသည် တစ်စုံတစ်ဦး၏ နောက်ခံမပါဘဲ ရပ်တည်နေသော လွတ်လပ်သည့် အချုပ်အခြာပိုင် နိုင်ငံများဖြစ်ကြကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ဆော်လ်မွန်ကျွန်းစု နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တရုတ်ရေတပ်၏ ပစိဖိတ်သမုဒ္ဒရာဒေသ ဒုံးကျည်စမ်းသပ်မှုကို ဆော်လ်မွန်ကျွန်းစု ဝန်ကြီးချုပ် မက်သရူးဝေးလ်က မိတ်ဆွေမဆန်သောလုပ်ရပ်အဖြစ် ပြီးခဲ့သည့် ရက်သတ္တပတ်က ဝေဖန်ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဒေသတွင်း စွမ်းအင်လမ်းကြောင်းအားလုံးကို ပိတ်ပစ်မည်ဟု အီရန်နိုင်ငံ ပြောကြား

**တီဟီရန် ဇူလိုင် ၁၅**

အမေရိကန်နိုင်ငံနှင့် မဟာမိတ်များကို အကျိုးပြုနေသည့် အခြားပို့ကုန်လမ်းကြောင်း အားလုံးကို ပိတ်မည်ဟူ၍ အီရန်တော်လှန်ရေးအစောင့်တပ်က ယနေ့တွင် ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်နိုင်ငံက အီရန်ဆိပ်ကမ်းအားလုံးကို ရေတပ်အင်အားဖြင့် ပြန်လည်ပိတ်ဆို့ခဲ့ပြီးနောက် အီရန်တော်လှန်ရေးအစောင့်တပ်က ထိုသို့ပြောကြားထားခြင်းဖြစ်သည်။

ဒေသတွင်း စွမ်းအင်ပို့ကုန်လမ်းကြောင်းများသည် အားလုံးမျှဝေအသုံးပြုရမည့် လမ်းကြောင်းများဖြစ်ပြီး ထိုသို့ အသုံးမပြုနိုင်ပါက ထိုလမ်းကြောင်းအားလုံးကို ပိတ်ထားရမည်ဖြစ်ကြောင်း အီရန် တော်လှန်ရေးအစောင့်တပ်၏ ကြေညာချက်၌ ဖော်ပြထားသည်။

အီရန်နိုင်ငံအနေဖြင့် ပင်လယ်နီရေပြင်အတွင်းသို့ ဝင်ရောက်ရာလမ်းကြောင်းဖြစ်သည့် ဘက်အယ်လ်မင်ဒက် ရေလက်ကြားကို ပိတ်ဆို့ရေးအတွက် ၎င်း၏ မဟာမိတ်ဖြစ်သော ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုကို အသုံးချလာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ပြောကြားထားသည်။

ဘက်အယ်လ်မင်းဒက် ရေလက်ကြားသည် ပင်လယ်နီဒေသနှင့် အေဒင်ပင်လယ်ကွေ့တို့ကို ချိတ်ဆက်ပေးထားသည့် ရေလမ်းကြောင်းဖြစ်သည်။

ဘက်အယ်လ်မင်ဒက် ရေလက်ကြား အပိတ်ခံရပါက ကမ္ဘာ့အရေးကြီးဆုံး စွမ်းအင်သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှစ်ခု ပိတ်ဆို့သွားနိုင်သည်။

အီရန်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ စစ်ရေးအရ တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် ဟော်မုဇ် ရေလက်ကြားကို ပိတ်ဆို့ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## လစ်ဗျားအရှေ့ပိုင်းကမ်းရိုးတန်း ကမ်းလွန်ဒေသ၌ ရေယာဉ်နစ်မြုပ် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၅၀ ပျောက်ဆုံး

**ထရီပိုလီ ဇူလိုင် ၁၅**

လစ်ဗျားနိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းကမ်းလွန် မြေထဲပင်လယ်ရေပြင်အတွင်း ဇူလိုင် ၁၄ ရက်က သစ်ထည်ရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ အမျိုးသမီးနှင့် ကလေးများအပါအဝင်တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၅၀ ပျောက်ဆုံးနေကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ သစ်ထည်ရေယာဉ် တိမ်းမှောက်မှုအတွင်း လူ ၁၀ ဦး အသက်ရှင် ကျန်ရစ်ခဲ့ကြောင်း လစ်ဗျား တာဝန်ရှိသူများက ပြောကြားထားသည်။

အသက်ရှင်ကျန်ရစ်သူ ၁၀ ဦးကို လစ်ဗျားနိုင်ငံ တိုဘရုစ်မြို့ အနောက်ဘက် ၄၃ မိုင်အကွာတွင် တည်ရှိသော အယ်လ်ဘာဒါးကျွန်း အနီးတွင် ကယ်တင်နိုင်ခဲ့ကြောင်း လစ်ဗျား တာဝန်ရှိသူများက ပြောကြားထားသည်။

လစ်ဗျားခေါင်းဆောင် ကဒါဖီ ဖြုတ်ချခံခဲ့ရပြီးနောက်ပိုင်း လစ်ဗျားနိုင်ငံသည်သဲကန္တာရကိုဖြတ်၍လည်းကောင်း၊မြေထဲပင်လယ်ကို ဖြတ်၍ သော်လည်းကောင်း ဥရောပသို့သွားရောက်ရန်ကြိုးပမ်းသူ၊ အာဖရိက ရွှေ့ပြောင်း ဝင်ရောက်သူများ၏ အဓိကစခန်းနိုင်ငံ ဖြစ်လာခဲ့သည်။

ဇူလိုင် ၁၄ ရက်တွင် နစ်မြုပ်ခဲ့သော သစ်ထည်ရေယာဉ်ပေါ်တွင် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၆၀ ခန့် လိုက်ပါလာကြောင်း သိရသည်။

ထိုရေယာဉ်ပေါ်၌ လိုက်ပါလာသူများမှာ စစ်ရေးပဋိပက္ခများ ဖြစ်ပွားနေသော ဆာဟာရဒေသ နိုင်ငံများမှ နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# SCIENCE AND TECHNOLOGY

## အိုက်ဆာအေရိုစပေ့ကုမ္ပဏီက အာကာသမစ်ရှင်များအတွက် ကနေဒါနိုင်ငံ နိုဗာစကိုးရှားအာကာသစခန်းကို ငှားရမ်းအသုံးပြုမည်



ဘာလင် ဇူလိုင် ၁၅

ဂျာမနီနိုင်ငံအခြေစိုက် အိုက်ဆာအေရိုစပေ့ကုမ္ပဏီသည် ၎င်း၏ အာကာသမစ်ရှင်များအတွက် ကနေဒါနိုင်ငံ နိုဗာစကိုးရှားအာကာသစခန်းကို ငှားရမ်းအသုံးပြုမည်ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အိုက်ဆာအေရိုစပေ့ကုမ္ပဏီသည် နိုဗာစကိုးရှားအာကာသစခန်းကို ငှားရမ်းအသုံးပြုရေးအတွက် ကနေဒါနိုင်ငံ Maritime Launch Service(MLS)ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ သန်း ၁၅၀ တန်ဖိုးရှိ သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးထားကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်အရ အိုက်ဆာအေရိုစပေ့ကုမ္ပဏီသည် နိုဗာစကိုးရှားအာကာသစခန်းကို ၁၀ နှစ်ထိ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

အိုက်ဆာအေရိုစပေ့ကုမ္ပဏီသည် ယခုနှစ်ကုန်ပိုင်းတွင် နိုဗာစကိုးရှား အာကာသစခန်းပြုပြင်မွမ်းမံရေးလုပ်ငန်းကို စတင်ရန် စီစဉ်ထားကြောင်း သိရသည်။

အိုက်ဆာအေရိုစပေ့ကုမ္ပဏီသည် နိုဗာစကိုးရှားအာကာသစခန်းမှတစ်ဆင့် ပထမဆုံးမစ်ရှင်ကို ၂၀၂၈ ခုနှစ်တွင် စတင်လွှတ်တင်ရန်စီစဉ်ထားသည်။

၂၀၂၉ ခုနှစ် အရောက်တွင် နိုဗာစကိုးရှား အာကာသစခန်းမှတစ်ဆင့် အာကာသမစ်ရှင်ပေါင်း ၄၀ ထိ လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ချန်အာ-၇ လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်အတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီက ပြင်ဆင်မှုများစတင်နေပြီဖြစ်



ပေကျင်း ဇူလိုင် ၁၅

ချန်အာ-၇ လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်အတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီက ပြင်ဆင်မှုများ စတင်နေပြီဖြစ်ကြောင်း ဇူလိုင် ၁၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ချန်အာ-၇ လကမ္ဘာစူးစမ်းလေ့လာရေးအာကာသယာဉ်ကို လွှတ်တင်ရာတွင် အသုံးပြုမည့် လောင်းမတ်ချ်-၅ ပိုင် ၁၄ ဒုံးပျံကို တရုတ်အမျိုးသားအာကာသအေဂျင်စီက လွှတ်တင်ရေးနယ်မြေသို့ ဇူလိုင် ၁၃ ရက်ကပို့ဆောင်ထားကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချန်အာ-၇ လကမ္ဘာစူးစမ်းလေ့လာရေး အာကာသယာဉ်ကို ယခုနှစ်အတွင်း လွှတ်တင်ရန်စီစဉ်ထားသည်။

အဆိုပါ အာကာသယာဉ်ကို တရုတ်နိုင်ငံတောင်ပိုင်း ဝန်ချန်အာကာသစခန်းမှ တစ်ဆင့် လောင်း မတ်ချ်-၅ ပိုင် ၁၄ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချန်အာ-၇ အာကာသယာဉ်ကို ယခုနှစ် ဧပြီလကပင် ဝန်ချန်အာကာသစခန်းသို့ ပို့ဆောင်ထားပြီးဖြစ်သည်။

တရုတ်နိုင်ငံသည် ချန်အာ-၇ မစ်ရှင်အရ လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေသို့ လဆင်းယာဉ်နှင့် အခြားစက်ရုပ်ယာဉ်များ စေလွှတ်ရန် လေ့လာစူးစမ်းမှုများ ပြုလုပ်မည်ဖြစ်သည်။

Ref : Xinhua News
Trs : KKO

## အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီက Starship အာကာသဒုံးပျံကို လွှတ်တင်ရန် စီစဉ်ထား

ဝါရှင်တန် ဇူလိုင် ၁၅

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Starship အာကာသဒုံးပျံကို ဇူလိုင် ၁၆ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

စပေ့အိတ်ကုမ္ပဏီသည် အဆိုပါ ပုံစံ-၃ စတားရှစ်ဒုံးပျံကို တောင်တက္ကဆက်ဒေသ စတားဘေ့ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

အဆိုပါမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ၂၀၂၃ ခုနှစ်နောက်ပိုင်း ၁၃ ကြိမ်မြောက် Starship အာကာသဒုံးပျံ စမ်းသပ်လွှတ်တင်မှု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် ၁၂ ကြိမ်မြောက် Starship ဒုံးပျံလွှတ်တင်ခဲ့ပြီး နှစ်လခန့်အကြာတွင် ၁၃ ကြိမ်မြောက်မစ်ရှင်ကို လွှတ်တင်ရန်စီစဉ်ထားခြင်းဖြစ်သည်။

စပေ့အိတ်ကုမ္ပဏီသည် Starship ဒုံးပျံကို ၁၂ ကြိမ်မြောက်လွှတ်တင်ခဲ့ပြီးဖြစ်ရာ နောက်ဆုံးလွှတ်တင်ခဲ့သော မစ်ရှင်နှစ်ခုသာ အပြည့်အဝအောင်မြင်မှု ရရှိထားကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်ပေါ်သို့ လူသားများစေလွှတ်ရေးအတွက်Starship ဒုံးပျံများကို စမ်းသပ်လွှတ်တင်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# HEALTH

## Sleep Apnea ပြဿနာကြောင့် အသက် ၄၀ အထက်အမျိုးသားများ၌ ပန်းသေပန်းညှိုးရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

လန်ဒန် ဇူလိုင် ၁၅

အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာ(Sleep Apnea) ကြောင့် အသက် ၄၀ အထက် အမျိုးသားများ၌ ပန်းသေပန်းညှိုးရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၁၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Sleep Apnea ပြဿနာသည် အသက် ၄၀ အထက် အမျိုးသားထက်ဝက်ခန့် ရင်ဆိုင်နေရသည့် အိပ်စက်မှုပုံစံပြဿနာဖြစ်သည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Sleep Apnea ပြဿနာကြောင့် အသက် ၄၀ အထက် အမျိုးသားများ၌ ပန်းသေပန်းညှိုးရောဂါဖြစ်နိုင်ခြေ မြင့်တက်လာတတ်ကြောင်း သိရသည်။

Sleep Apnea ပြဿနာကြောင့် အိပ်ရေးမဝမှုပြဿနာနှင့် သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုနှုန်း ကျဆင်းလာတတ်ပြီး ဟော်မုန်းများပေါ်ထွက်မှုနှုန်း မညီမျှမှုပြဿနာ၊ သွေးစီးဆင်းမှုအကန့်အသတ်ရှိလာနိုင်မှု ပြဿနာနှင့် သွေးအတွင်း နိုက်ထရစ်အောက်ဆိုက်ပါဝင်မှုနှုန်း လျော့ပါးလာမှုပြဿနာတို့ပေါ်လာတတ်ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

## နားအတွင်းပိုင်းရှိ အာရုံခံအမွေးအမှင်များ ပြန်လည်မွေးထုတ်ပေးနိုင်မည့် ဇီဝယန္တရားစနစ်ကို သုတေသနပညာရှင်များ ဖော်ထုတ်တွေ့ရှိ

ဂျေရုဆလင် ဇူလိုင် ၁၅

နားအတွင်းပိုင်းရှိ အာရုံခံအမွေးအမှင်များ ပြန်လည်မွေးထုတ်ပေးနိုင်မည့် ဇီဝယန္တရားစနစ်ကို သုတေသနပညာရှင်များက ဖော်ထုတ် တွေ့ရှိထားကြောင်း ဇူလိုင် ၁၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဇီဝယန္တရားစနစ်ကို အစ္စရေးနိုင်ငံ တဲလ်အဗစ်တက္ကသိုလ် ဆေးပညာနှင့် ကျန်းမာရေးသိပ္ပံဌာနမှ သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နားအတွင်းပိုင်းရှိ Cochlea ခေါ် အရည်အိတ်အတွင်းမှ အမွေးအမှင်ဆဲလ်များ ပျက်စီးပါက အကြားအာရုံဆုံးရှုံးမှုပြဿနာကို ရင်ဆိုင်ရတတ်သည်။

အခြားနို့တိုက်သတ္တဝါများနှင့် မတူသည့်အချက်မှာ လူသားများ အနေဖြင့် ပျက်စီးသွားသော အဆိုပါ အမွေးအမှင်ဆဲလ်များကို ပြန်လည် မွေးထုတ်ပေးနိုင်စွမ်း မရှိပေ။

သို့သော် အစ္စရေးသုတေသနပညာရှင်များသည် အဆိုပါအမွေးအမှင်ဆဲလ်များကို ပြန်လည်မွေးထုတ်ပေးနိုင်သည့် ဇီဝယန္တရားစနစ်ကိုအစပျိုးပေးနိုင်သည့် ဆဲလ်တစ်မျိုးကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

tDCS ခေါ် အဆိုပါဆဲလ်သည် Cochlear Cell ခေါ် ကိုယ်ခန္ဓာအထောက်အကူပြု ဆဲလ်များကို အမွေးအမှင် ဆဲလ်များအဖြစ် ပြောင်းလဲပေးနိုင်မည့် ဇီဝယန္တရားစနစ်ကို အစပျိုးပေးနိုင်သည်ဟု အစ္စရေးသုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပနေသည့် Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ နံနက် ၈ နာရီခွဲက Shadow အသင်းနှင့် Gold Dream အသင်းတို့ကစားခဲ့ရာ Shadow FC အသင်းက လေးဂိုး သုံးဂိုး၊ နံနက် ၁၀နာရီက AC Milksteak အသင်းနှင့် SFG FC အသင်းတို့ကစားခဲ့ရာ SFG FC အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြပြီး နံနက် ၁၁ နာရီခွဲက DAE FC အသင်းနှင့် KYY FC အသင်းတို့ကစားခဲ့ရာ သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။



အလားတူ မွန်းလွဲ ၁ နာရီက JZ Yangon အသင်းနှင့် ပစိဖိတ်ဆန်းဖားအသင်းတို့ ကစားခဲ့ရာ ငါးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲက TKA Stars အသင်းနှင့် Galaxy FC အသင်းတို့ကစားခဲ့ရာ Galaxy FC အသင်းက သုံးဂိုး နှစ်ဂိုး၊ ညနေ ၄ နာရီက ULAD FC အသင်းနှင့် VUC FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဆက်လက်ပြီး Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၆ ရက် (ယနေ့)နံနက် ၈ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စကော့တီရှက်ဖလာနှင့် မက်အီရွိုင်းတို့ ပါဝင်ယှဉ်ပြိုင်မည်

လန်ဒန် ဇူလိုင် ၁၅

အင်္ဂလန်နိုင်ငံတွင် ကျင်းပမည့် Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာနှင့် ကမ္ဘာ့အဆင့်(၂) မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Golf Monthly သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

The Masters ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် Open Championship ဂေါက်သီးရိုက် ပြိုင်ပွဲတို့သည် ဂေါက်သီးရိုက်လောက၏ အရှိန်အဝါအကြီးဆုံး ပြိုင်ပွဲများဖြစ်သည့်အတွက် ကမ္ဘာ့အဆင့်ကစားသမားများ ပါဝင်ယှဉ်ပြိုင်လေ့ရှိသည့် ပြိုင်ပွဲများဖြစ်သည်။

ထို့ပြင် Open Championship ဂေါက်သီးရိုက် ပြိုင်ပွဲတွင် အောင်မြင်မှု ရယူနိုင်ရန်အတွက် အစစအရာရာ ပြင်ဆင်နေကြောင်း မက်အီရွိုင်းက ပြောကြားခဲ့သည်။

မက်အီရွိုင်းက "အသက်ရှင်နေစဉ်ကာလမှာတော့ ဂေါက်သီးရိုက်ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲလို ပြိုင်ပွဲမျိုးမှာတော့ မဖြစ်မနေ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမျိုးမှာ အောင်မြင်မှုရရှိထားရင် တစ်နေ့ကျွန်တော် မရှိတော့ရင်လဲ ကျွန်တော့်နာမည်က ဂေါက်သီးရိုက်လောကမှာ နှစ်ပေါင်းများစွာ ကျန်ရစ်နေခဲ့မှာပါ။ ဒါကြောင့် ဒီပြိုင်ပွဲဟာ ကျွန်တော့်အတွက် သိပ်ကိုအရေးပါတဲ့ ပြိုင်ပွဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Monthly
Trs : AZL



# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဖျော်ဖြေရေးအစီအစဉ်ကြောင့် ပထမပိုင်းအပြီးနားချိန် နာရီဝက်ခန့် ကြာမြင့်မည်

ဝါရှင်တန် ဇူလိုင် ၁၅

အမေရိကန်၊ ကနေဒါ၊ မက္ကဆီကိုနိုင်ငံတို့တွင် ကျင်းပနေသည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ပထမပိုင်းအပြီးတွင် ဖျော်ဖြေရေးအစီအစဉ်ကြောင့် နားချိန် နာရီဝက်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ အပါအဝင် အခြားဘောလုံးပွဲစဉ်များ၏ ပထမပိုင်းအပြီးတွင် နားချိန် ၁၅ မိနစ်သာ သတ်မှတ်ထားသော်လည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်ကို ပထမပိုင်းအပြီးတွင် ထည့်သွင်းကျင်းပမည်ဖြစ်သည့်အတွက် နားချိန် နာရီဝက်ခန့် ကြာမြင့်မည်ဖြစ်သည်။

အစောပိုင်းကဘောလုံးလောက၌ ဗိုလ်လုပွဲစဉ်များတွင် ပထမပိုင်းအပြီး ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းကျင်းပလေ့ရှိသော်လည်း အဆိုပါ အစီအစဉ်များအတွက် အများဆုံး ၁၁ မိနစ်သာ ကျင်းပခဲ့ပြီး လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဖျော်ဖြေရေးအစီအစဉ်ကို နာရီဝက်ခန့် ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၂၀ ရက်တွင် အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်ရှိ နယူးယောက်မြို့တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : B/R Football
Trs : STA

# ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ခွင့်အတွက် နိုအာကက်စ်က ဘီရင်ချက်ခ်နှင့် ထိုးသတ်မည်

လန်ဒန် ဇူလိုင် ၁၅

WBO ကမ္ဘာ့လိုက်ဝိတ်တန်း ချန်ပီယံကို စိန်ခေါ်ခွင့်အတွက် ဗြိတိန်လက်ဝှေ့သမား နိုအာကက်စ်နှင့် ယူကရိန်းလက်ဝှေ့သမား ဘီရင်ချက်ခ်တို့ ထိုးသတ်ရန် သဘောတူညီချက် ရရှိခဲ့ကြောင်း DAZN ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်ဟု DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နိုအာကက်စ်သည် WBO ကမ္ဘာ့လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်စိန်ခေါ်ပွဲကို ထိုးသတ်ခွင့်ရခဲ့သော်လည်း အဆိုပါပွဲစဉ်တွင် အမေရိကန်လက်ဝှေ့သမား မက်ဆင်ကိုရှုံးနိမ့်ကာ ချန်ပီယံဖြစ်ခွင့်ရမည့် အခွင့်အရေးဖြင့် လွဲချော်ခဲ့သည်။

ထို့နောက် ကမ္ဘာ့ချန်ပီယံကို ပြန်လည် စိန်ခေါ်ထိုးသတ်ခွင့်ရရှိရေးအတွက် ဘီရင်ချက်ခ်နှင့် ထိုးသတ်ရန် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

DAZN ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "WBO ကမ္ဘာ့လိုက်ဝိတ်တန်း ချန်ပီယံစိန်ခေါ်ခွင့်နေရာအတွက် နိုအာကက်စ်နဲ့ ဘီရင်ချက်ခ်တို့ ဩဂုတ် ၂၉ ရက် လန်ဒန်မြို့ရဲ့ O2 အရီနာကွင်းကြီးထဲမှာ ထိုးသတ်သွားကြမှာဖြစ်ပါတယ်။ အနိုင်ရတဲ့သူက ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်နိုင်မှာဖြစ်တဲ့အတွက် နှစ်ယောက်လုံးအတွက် အရေးပါတဲ့ ပွဲစဉ်ဖြစ်ပါတယ်။ ဒီပွဲစဉ်ကို DAZN ရဲ့ ရုပ်သံလိုင်းကနေပဲ ကြည့်ရှုနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN
Trs : AZL

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ပြင်သစ်အသင်းနည်းပြအဖြစ် နည်းပြ ဇီဒန်း တာဝန်ယူကိုင်တွယ်မည်

ပဲရစ် ဇူလိုင် ၁၅

လက်ရှိကျင်းပနေသည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အပြီးတွင် ပြင်သစ်အသင်း နည်းပြအဖြစ် နည်းပြဇီဒန်းက တာဝန်ယူကိုင်တွယ်မည်ဖြစ်ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ပြင်သစ်အသင်းကို တာဝန်ယူ ကိုင်တွယ်နေသည့် နည်းပြ ဒက်ချမ့်သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးကာ လမ်းခွဲမည် ဖြစ်သည့်အတွက် အသင်းနည်းပြအဖြစ် ဇီဒန်းက တာဝန်ယူကိုင်တွယ်မည် ဖြစ်သည်။



နည်းပြဒက်ချမ့်သည် ပြင်သစ်အသင်းကို ၂၀၁၂ ခုနှစ်ကတည်းက တာဝန်ယူ ကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းကို ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးပေးခဲ့ကာ ၂၀၂၂ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့သော်လည်း အာဂျင်တီးနားအသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်၌ စပိန်အသင်းကိုရှုံးနိမ့်ခဲ့ပြီး ဗိုလ်လုပွဲအဆင့်နှင့်လွဲချော်ခဲ့ကာ တတိယနေရာလုပွဲသာ ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်မှာ နည်းပြဒက်ချမ့်၏ ပြင်သစ်အသင်း နည်းပြဘဝ နောက်ဆုံးပွဲစဉ် ဖြစ်လာမည်ဖြစ်သည်။

အလားတူ နည်းပြဇီဒန်းသည်လည်း ၂၀၂၁ ခုနှစ်ကတည်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက်ပိုင်း အသင်းလက်မဲ့ဖြစ်နေပြီး ဥရောပထိပ်တန်းကလပ်အသင်းကြီးများက ကမ်းလှမ်းခဲ့သော်လည်း ၎င်းကိုယ်တိုင်က ပြင်သစ်အသင်းကို တာဝန်ယူ ကိုင်တွယ်လိုသည့်အတွက် ငြင်းဆန်ခဲ့ပြီးနောက် ယခုအခါ ကမ္ဘာ့ဖလားပြိုင်ပွဲ အပြီးတွင် ပြင်သစ်အသင်း နည်းပြအဖြစ် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်မည် ဖြစ်ကြောင်း သိရသည်။

Ref : One Football
Trs : STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ဇွဲကပင်ယူနိုက်တက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရ



**ရန်ကုန် ဇူလိုင် ၁၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားခဲ့ပြီး ပွဲချိန် မိနစ် ၄၀ တွင် ဇင်မိုးပြည့်က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းက ပိုမိုတိုက်စစ်ဆင် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၅၈ မိနစ်တွင် နန်းချိုမွှေးနှင့် ပွဲချိန် ၈၉ မိနစ်တွင် ဇင်မိုးပြည့်တို့က ဦးဆောင်ဂိုးများ ထပ်မံသွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက် အသင်းက ဇွဲကပင်ယူနိုက်တက် အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု (Player of the Match) ကို ရန်ကုန်ယူနိုက်တက်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသခဲ့ပြီး သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့သည့် နန်းချိုမွှေးက ဆွတ်ခူးခဲ့ကြောင်း သိရသည်။

STA

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရွှေလက်အိတ်ဆုကို စပိန်အသင်းဂိုးသမားဆိုင်မွန် ပြိုင်ပွဲမပြီးဆုံးမီဆွတ်ခူး

**မက်ဒရစ် ဇူလိုင် ၁၅**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကောင်းဆုံး ဂိုးသမားဆုဖြစ်သည့် ရွှေလက်အိတ်ဆုကို စပိန်အသင်း ဂိုးသမားဆိုင်မွန်က ပြိုင်ပွဲမပြီးဆုံးမီ ဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆိုင်မွန်သည် စပိန်အသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ကစားခဲ့သည့် ကိတ်ဗာဒီအသင်း၊ ဆော်ဒီအာရေဗျအသင်း၊ ဥရုဂွေးအသင်းတို့နှင့် ပွဲစဉ်များတွင် ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဩစတြီးယားအသင်း၊ ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ပေါ်တူဂီအသင်းတို့နှင့် ပွဲစဉ်များတွင်လည်း ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

ထို့နောက် ဆိုင်မွန်သည် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘယ်လ်ဂျီယံအသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုးပေးခဲ့ရသော်လည်း ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ကစားခဲ့သည့် ပြင်သစ်အသင်းနှင့် ပွဲစဉ်တွင် ဂိုးမပေးရအောင် စွမ်းဆောင်ခဲ့ပြီးနောက် လက်ရှိတွင် ခြောက်ပွဲထိ ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဂိုးမပေးရသည့် ပွဲအများဆုံး ဂိုးသမားစာရင်းတွင် ကိုလံဘီယာအသင်းမှ ဗားဂက်နှင့် ပြင်သစ်အသင်းမှ မိုက်မိုင်နန်တို့က လေးပွဲစီဖြင့်ရပ်တည်နေပြီး ၎င်းတို့သည်လည်း ပြိုင်ပွဲမှထွက်ခွာခဲ့ရသည့်အတွက် ဆိုင်မွန်က ပြိုင်ပွဲမပြီးဆုံးမီ ရွှေလက်အိတ်ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA



# ဗီယက်နမ်အသင်းနှင့် ကစားမည့် ခြေစမ်းပွဲစဉ်အတွက် မြန်မာအသင်း၏ အပြီးသတ်ကစားသမားစာရင်း ထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၁၅**

မြန်မာအသင်းနည်းပြ အန်ဒါဆန်က ဗီယက်နမ်အသင်းနှင့် ကစားမည့် ခြေစမ်းပွဲစဉ်အတွက် မြန်မာအသင်း၏ အပြီးသတ်ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာအသင်းသည် ယခုလအတွင်း Hyundai Cup 2026 ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များစတင် ကစားရမည်ဖြစ်သည့်အတွက် ပြိုင်ပွဲကြိုပြင်ဆင်သည့်အနေဖြင့် ဗီယက်နမ်အသင်းနှင့် ကစားမည်ဖြစ်သည်။

မြန်မာအသင်း၏ အပြီးသတ်ကစားသမား ၂၆ ဦးစာရင်းမှ ဂိုးသမားနေရာတွင် ဆန်းဆက်နိုင်၊ နေလင်းထက်၊ ဇင်ညီညီအောင်၊ ခံစစ်ကစားသမား နေရာတွင် ဟိန်းဖြိုးဝင်း၊ ဖွဲ့ခန့်မင်း၊ ဟိန်းဇေယျာလင်း၊ ဖြိုးပြည့်စုံ၊ မြတ်ဖုန်းခန့်၊ စိုးမိုးကျော်၊ နန္ဒကျော်၊ ကွင်းလယ်ကစားသမားနေရာတွင် ဝေလင်းအောင်၊ ရှိုင်းဝဏ္ဏအောင်၊ အောင်မျိုးခန့်၊ ဇော်ဝင်းသိန်း၊ မင်းမော်ဦး၊ လွင်မိုးအောင်၊ ကျော်မင်းဦး၊ မြတ်ကောင်းခန့်၊ ကောင်းမြတ်ငြိမ်း၊ မောင်မောင်လွင်၊ ဟိန်းထက်အောင်၊ ခွန်ကျော်ဇင်ဟိန်း၊ ရဲရင့်အောင်၊ တိုက်စစ်ကစားသမားနေရာတွင် ဝင်းနိုင်ထွန်း၊ စောမျိုးဇော်၊ သန်းပိုင်တို့ ပါဝင်ခဲ့ကြသည်။

မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင် ၁၈ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် နိုင်ငံတကာ ပြိုင်ပွဲများအတွက် ပြီးခဲ့သည့် ဇွန် ၁၈ ရက်ကတည်းက စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်နေပြီး ဇွန်လအတွင်းမှာပင် ဖိလစ်ပိုင် ဖိတ်ခေါ်ဖလားပြိုင်ပွဲ ဝင်ရောက်ကစားခဲ့ရာ ဂူအမ်အသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း အိမ်ရှင်ဖိလစ်ပိုင်အသင်းကို ငါးဂိုး တစ်ဂိုးဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် နိုင်ငံတကာခြေစမ်းပွဲစဉ်ကစားရန် ယနေ့ ညပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

STA

# ဒဏ်ရာမှသက်သာလာသည့် အယ်ကာရက်ဇ် တင်းနစ်ပြိုင်ပွဲများ ပြန်လည်ယှဉ်ပြိုင်မည်

**မက်ဒရစ် ဇူလိုင် ၁၅**

ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူနေရသည့် ကမ္ဘာ့အဆင့်(၃) စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်ပြီး ဆရာဝန်က ပွဲကစားရန် ခွင့်ပြုခဲ့သည့်အတွက် ပြိုင်ပွဲများ ပြန်လည် ယှဉ်ပြိုင်မည်ဟု အယ်ကာရက်ဇ်က ပြောကြားခဲ့ကြောင်း Ubi Tennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ပြီးခဲ့သည့် ဧပြီလကတည်းက လက်ကောက်ဝတ်ဒဏ်ရာကြောင့် အနားယူနေရပြီး အနားယူနေစဉ်ကာလအတွင်း အဓိကပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရပြီးနောက် ပြီးခဲ့သောရက်ပိုင်းက ထုတ်ပြန်ခဲ့သော ကမ္ဘာ့သတ်မှတ်ချက်တွင် ကမ္ဘာ့အဆင့်(၂)နေရာမှ ကမ္ဘာ့အဆင့်(၃)နေရာသို့ ကျဆင်းခဲ့သည်။

အယ်ကာရက်ဇ်သည် လာမည့် ဩဂုတ်လတွင် အမေရိကန်နိုင်ငံ၌ ကျင်းပသွားမည့် US Open တင်းနစ်ပြိုင်ပွဲမတိုင်မီ ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်လိုသည့်အတွက် Cincinnati Masters တင်းနစ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အယ်ကာရက်ဇ်၏ ပြောရေးဆိုခွင့်ရှိသူက "အယ်ကာရက်ဇ်ကို ဆရာဝန်က လေ့ကျင့်ခန်းပြန်ဆင်းခွင့်ပြုလိုက်ပါပြီ။ အယ်ကာရက်ဇ်က ညာဘက်လက်ကောက်ဝတ်ဒဏ်ရာကြောင့် ပြိုင်ပွဲတွေနဲ့ လေးလလောက် ဝေးကွာခဲ့ရပါတယ်။ သူ့အနေနဲ့ လေ့ကျင့်ခန်းပြန်ဆင်းတော့မှာပါ။ သူ့ရဲ့ အဓိကပစ်မှတ်ကတော့ US Open တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရဖို့ပဲဖြစ်ပါတယ်။ ဒါပေမဲ့လဲ US Open တင်းနစ်ပြိုင်ပွဲမတိုင်မီ ကျင်းပသွားမဲ့ Cincinnati Masters တင်းနစ်ပြိုင်ပွဲမှာလဲ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Ubi Tennis

Trs : AZL

# ဂျိုရှုအာဗန် UFC ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် စက်တင်ဘာလတွင် ပန်တိုဂျာနှင့် ပြန်လည်ထိုးသတ်ရမည်

**ရန်ကုန် ဇူလိုင် ၁၅**

လာမည့် UFC 311 ပြိုင်ပွဲတွင် လက်ရှိ ဖလိုင်းဝိတ်တန်းချန်ပီယံ မြန်မာနွယ်ဖွား ချင်းဖိုက်တာ ဂျိုရှုအာဗန်သည် ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်ကို ပြိုင်ဘက် ဟောင်းဘရာဇီးဖိုက်တာ ပန်တိုဂျာနှင့် ပြန်လည်ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။



UFC က လာမည့် UFC 311 ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် တွဲဆိုင်းများကို အတည်ပြုခဲ့ပြီးနောက် ဂျိုရှုအာဗန်အနေဖြင့် ဒုတိယအဓိကတွဲဆိုင်းအဖြစ် ပန်တိုဂျာနှင့် ထိုးသတ်ရမည်ဖြစ်သည်။

ဂျိုရှုအာဗန်သည် UFC အဖွဲ့ချုပ်နှင့် စာချုပ်ချုပ်ဆိုကာ UFC ပြိုင်ပွဲများ ဝင်ရောက်ထိုးသတ်ခဲ့ပြီးနောက် နိုင်ပွဲများဆက်တိုက် ရရှိခဲ့ကာ လက်ရှိ ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကို ပန်တိုဂျာကို အနိုင်ရခဲ့ပြီး ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် ပြီးခဲ့သည့် မေ ၉ ရက်က ဂျပန်ဖိုက်တာ တိုင်ရာနှင့် ထိုးသတ်ခဲ့ရာတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရခဲ့ကာ ချန်ပီယံခါးပတ်ကာကွယ်ထားခြင်းဖြစ်ပြီး လက်ရှိ ဖလိုင်းဝိတ်တန်း အဆင့်သတ်မှတ်ချက်တွင်လည်း ဂျိုရှုအာဗန်သည် အဆင့်(၁)နေရာ၌ ရပ်တည်နေပြီး ပန်တိုဂျာက အဆင့်(၂)နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

STA

# အလုပ်၊ မိသားစုနှင့် ကိုယ်ပိုင်ဘဝကြား မျှတစွာနေထိုင်ခြင်း (Work-Life Balance)

ယနေ့ခေတ်လူသားများ၏ဘဝသည် နည်းပညာတိုးတက်လာခြင်း၊ အလုပ်ပြိုင်ဆိုင်မှုများလာခြင်း၊ စီးပွားရေးဖိအားများလာခြင်းနှင့် လူမှုကွန်ရက်များကြောင့် အချိန်တိုင်း ဆက်သွယ်ဆောင်ရွက်လုပ်ကိုင်နေရသည့်အခြေအနေများသည် လူသားတို့၏ နေ့စဉ်ဘဝကို ပိုမိုရှုပ်ထွေးစေသည်။ အလုပ်ပြီးသွားပြီဟု ထင်ရသော်လည်း ဖုန်းထဲသို့အလုပ်စာတိုများ ဝင်လာတတ်သည်။ အိမ်ပြန်ရောက်သော်လည်း စိတ်က အလုပ်စားပွဲပေါ်တွင် ကျန်ရှိနေတတ်သည်။ ဤသို့ဖြင့် အလုပ်နှင့်ကိုယ်ပိုင်ဘဝကြားရှိ နယ်နိမိတ်သည် တဖြည်းဖြည်းမှုန်ဝါးလာနေကြသည်။

ဤအခြေအနေတွင် "Work-Life Balance" ဟူသောစကားလုံးသည် လူသားများအတွက် ဘဝကျင့်စဉ်တစ်ခုဖြစ်လာနေသည်။ Work-Life Balance ဆိုသည်မှာ အလုပ်ကိုမလုပ်ဘဲနေရန်မဟုတ်သလို အလုပ်ကိုအရေးမကြီးဟု သဘောထားခြင်းလည်း မဟုတ်ပါ။ အလုပ်၊ မိသားစု၊ ကျန်းမာရေး၊ စိတ်အေးချမ်းမှု၊ လူမှုဆက်ဆံရေးနှင့် ကိုယ်ပိုင်တိုးတက်မှုတို့ကြား မျှတစွာဆောင်ရွက်နိုင်ခြင်းဖြစ်သည်။


လူတစ်ဦး၏ဘဝသည် အလုပ်တစ်ခုတည်းဖြင့် ပြည့်စုံခြင်းမရှိနိုင်ပေ။ အလုပ်သည် ဘဝ၏အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း ဘဝတစ်ခုလုံးမဟုတ်ပေ။ လူတစ်ဦးသည် အလုပ်တွင် အောင်မြင်နိုင်သော်လည်း ကျန်းမာရေးမကောင်းခြင်း၊ မိသားစုဆက်ဆံရေးအဆင်မပြေခြင်း၊ စိတ်ထဲတွင် အမြဲပင်ပန်းနွမ်းနယ်ခြင်းများရှိနေပါက ထိုအောင်မြင်မှုသည် ပြည့်စုံသော အောင်မြင်မှုဟု မခေါ်ဆိုနိုင်ပေ။

ဘဝ၏အခြေအနေအလိုက် အလုပ်များသည့်ကာလ၊ မိသားစုကို ပိုမိုအချိန်ပေးရမည့် ကာလ၊ မိမိကျန်းမာရေးကို ဦးစားပေးရမည့်ကာလဟူ၍ ရှိနိုင်သည်။ Work-Life Balance သည် အချိန်နှင့် အခြေအနေအလိုက် ညှိနှိုင်းနေရသော ဘဝ၏အနုပညာတစ်ခုဖြစ်သည်။ အလုပ်အလွန်အကျွံလုပ်ခြင်းသည် ကြိုးစားမှု၊ တာဝန်ကျေပွန်မှု၊ အောင်မြင်လိုစိတ်ရှိမှုတို့၏ သင်္ကေတဖြစ်သည်။ သို့သော် ရေရှည်တွင် ကျန်းမာရေးကို ထိခိုက်လာစေနိုင်သည်။ WHO နှင့် ILO တို့၏အဆိုအရ တစ်ပတ်လျှင် ၅၅ နာရီနှင့်အထက်အလုပ်လုပ်ခြင်းသည် နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ခြင်းအန္တရာယ်များနှင့် ဆက်စပ်နေပြီး ၂၀၁၆ ခုနှစ်တွင် အလုပ်ချိန်ရှည်လျားခြင်းနှင့် ဆက်စပ်၍လေဖြတ်ခြင်းနှင့် နှလုံးသွေးကြောရောဂါကြောင့် သေဆုံးမှု ၇၄၅၀၀၀ ခန့်ရှိခဲ့ကြောင်း သိရသည်။ အလုပ်ချိန်ရှည်လျားခြင်းသည် လူ့ကျန်းမာရေးအတွက် အရေးကြီးသောပြဿနာတစ်ခုဖြစ်သည်။

အလုပ်ကြောင့် စိတ်ဖိစီးမှုဖြစ်ခြင်းသည်လည်း ခေတ်သစ်လူသားတို့ တွေ့ကြုံနေရသော ကျန်းမာရေးပြဿနာတစ်ခုဖြစ်သည်။ CDC/NIOSH ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အလုပ်ဖိစီးမှုဆိုသည်မှာ အလုပ်၏လိုအပ်ချက်များသည် လုပ်သား၏စွမ်းရည်၊ အရင်းအမြစ်များ လိုအပ်ချက်များနှင့် မကိုက်ညီသောအခါ ဖြစ်ပေါ်လာသော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်သောတုံ့ပြန်မှုများဖြစ်သည်။ အလုပ်ဖိစီးမှုကြောင့်ကျန်းမာရေးချို့ယွင်းမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများထိ ဖြစ်စေနိုင်သည်။

အလုပ်ဖိစီးမှုနှင့် စိန်ခေါ်မှုသည် မတူပါ။ စိန်ခေါ်မှုသည် လူကိုတက်ကြွစေသည်။ အသစ်သင်ယူလိုစိတ်၊ တိုးတက်လိုစိတ်၊ တာဝန်ယူလိုစိတ်တို့ကို ဖြစ်ပေါ်စေသည်။ သို့သော် စိန်ခေါ်မှုသည် မိမိစွမ်းရည်ထက်ကျော်လွန်၍ ထိန်းချုပ်မရနိုင်သော ဖိအားတစ်ခုဖြစ်လာသောအခါ စိတ်ဖိစီးမှု ဖြစ်လာသည်။ ထိုအခါ အလုပ်သည် စိတ်အားထက်သန်မှုကို မပေးတော့ဘဲ ပင်ပန်းနွမ်းနယ်ခြင်းကိုဖြစ်စေသည်။ ပင်ပန်းနွမ်းနယ်ခြင်းဖြစ်မှုသည် ပျက်စီးလာခြင်း လက္ခဏာတစ်ခုဖြစ်သည်။ အင်အားကုန်ခန်းခြင်း၊ အလုပ်အပေါ် စိတ်ကုန်လာခြင်း သို့မဟုတ် အဆိုးမြင်လာခြင်း၊ အလုပ်ကိုလုပ်ကိုင်နိုင်မှုစွမ်းအား လျော့နည်းလာခြင်းတို့ ပါဝင်သည်။ အလုပ်ကို မုန်းသွားခြင်းမဟုတ်ဘဲ အလုပ်နှင့်ပတ်သက်၍ စိတ်အား၊ ခန္ဓာအား၊ အတွင်းစိတ်အားတို့ ကုန်ခန်းလာခြင်းဖြစ်သည်။

Work-Life Balance မမျှတသောအခါ အိပ်ရေးပျက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အစာမကြေဖြစ်ခြင်း၊ သွေးတိုးခြင်း၊ စိတ်တိုလွယ်ခြင်း၊ စိုးရိမ်မှုများလာခြင်း၊ အာရုံစူးစိုက်မှု လျော့နည်းခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ နေ့စဉ်အလုပ်များကို လုပ်နိုင်နေသေးသော်လည်း အတွင်းပိုင်းတွင် စိတ်နှင့်ခန္ဓာသည် တဖြည်းဖြည်း ပင်ပန်းလာသည်။ ထိုအခြေအနေကို အချိန်မီ




မသိရှိပါက ကျန်းမာရေးပြဿနာများ ဖြစ်လာနိုင်သလို မိသားစုဘဝကိုလည်း ထိခိုက်လာနိုင်သည်။ အလုပ်မှ အိမ်သို့ပြန်ရောက်သော်လည်း စိတ်က အလုပ်ထဲတွင်ပဲရှိနေပါက မိသားစုနှင့် အချိန်ကုန်သော်လည်း ကလေးများ၊ မိဘများ၊ ဇနီးမောင်နှံ၊ မိတ်ဆွေများနှင့် ဆက်ဆံရေးများသည် အချိန်ကြာလာသည်နှင့်အမျှ အေးစက်သွားနိုင်သည်။ လူသားသည် အလုပ်လုပ်ရန်သာမက တစ်ဦးနှင့်တစ်ဦး ချစ်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ အပြန်အလှန်နားလည်ခြင်း၊ အတူတကွနေထိုင်ခြင်းတို့သည်လည်း လူ့ဘဝ၏ အရေးကြီးသော အစိတ်အပိုင်းများဖြစ်သည်။

ထို့ပြင် အချိန်ပိုအလုပ်လုပ်လျှင် အလုပ်ပိုပြီးမည်ဟု ထင်စရာရှိသော်လည်း စိတ်နှင့်ခန္ဓာ ပင်ပန်းနွမ်းနယ်လာသောအခါ ဆုံးဖြတ်ချက်ချနိုင်စွမ်း၊ ဖန်တီးနိုင်စွမ်း၊ အာရုံစိုက်နိုင်စွမ်းများ လျော့နည်းလာသည်။ အနားယူမှုမရှိသော ကြိုးစားမှုသည် အလုပ်၏ အရည်အသွေးကိုပါ ထိခိုက်စေနိုင်သည်။

Work-Life Balance ကို ထိန်းသိမ်းရန် မိမိဘဝ၏ ဦးစားပေးအရာများကို သိရှိရန်လိုအပ်ပြီး မိမိအတွက် တကယ်အရေးကြီးသောအရာများမှာ ဘာများလဲဟု မိမိကိုယ်ကိုမေးရမည်။ အလုပ်အောင်မြင်မှုလား၊ မိသားစုအတွက် အချိန်၊ ကျန်းမာရေး၊ စိတ်အေးချမ်းမှု၊ လူမှုအကျိုးပြုလုပ်ငန်း ၊ မိမိကိုယ်ပိုင်တိုးတက်မှုတို့သည် အားလုံးအရေးကြီးသော်လည်း အားလုံးကို တစ်ပြိုင်နက်တည်း ဦးစားပေးဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အရေးကြီးမှုနှင့် အရေးပေါ်မှုကို ခွဲခြားနိုင်ရန်လိုအပ်သည်။

အလုပ်ချိန်နှင့် ကိုယ်ပိုင်အချိန်အကြား နယ်နိမိတ် တဖြည်းဖြည်းပျက်စီးလာပါက ဘဝတစ်ခုလုံးသည် အလုပ်၏လက်အောက်ခံဖြစ်သွားနိုင်သည်။ အလုပ်ပြီးချိန်တွင် အရေးပေါ်မဟုတ်သော message များကို ချက်ချင်းမဖြေရန်၊ မိသားစုနှင့်ရှိနေသည့်အချိန်တွင် ဖုန်းကိုခဏဖယ်ထားရန်၊ အိပ်ခါနီးတွင် အလုပ်နှင့်ပတ်သက်သည့်စာများ မကြည့်ရန် စသည့် အပြုအမူလေးများသည် ကြီးမားသောအကျိုးကျေးဇူးကို ဖြစ်စေနိုင်သည်။ အနားယူခြင်းသည် ပျင်းရိခြင်းမဟုတ်ပါ။ အနားယူခြင်းသည် အလုပ်ကို ပိုမိုထိရောက်စွာလုပ်နိုင်ရန် ကိုယ်ခန္ဓာနှင့် စိတ်ကို ပြန်လည်အားဖြည့်ခြင်း ဖြစ်သည်။ ကောင်းမွန်သော အိပ်စက်ခြင်း၊ လမ်းလျှောက်ခြင်း၊ မိသားစုနှင့် စကားပြောခြင်း၊ စာဖတ်ခြင်း၊ တိတ်ဆိတ်စွာ နားနေခြင်းတို့သည် အလုပ်အောင်မြင်မှုကို ထောက်ပံ့ပေးသော အရာများဖြစ်သည်။

မိမိ၏အချိန်၊ စွမ်းအားနှင့် ကျန်းမာရေးသည် အကန့်အသတ်ရှိသည်။ အရာရာကို လက်ခံခြင်း၊ လူတိုင်းကိုစိတ်ကျေနပ်စေရန် ကြိုးစားခြင်း၊ တာဝန်တိုင်းကို မိမိသာတာဝန်ယူခြင်းသည် ရေရှည်တွင် မိမိအတွက် ထိခိုက်လာနိုင်သဖြင့် မိမိ၏စွမ်းအားကို ပါးနပ်စွာ စီမံခန့်ခွဲနိုင်ရန်လိုအပ်သည်။ အရေးကြီးသောအလုပ်ကို အရင်လုပ်ခြင်း၊ တစ်ချိန်တည်းတွင် အလုပ်များစွာမလုပ်ခြင်း၊ အလုပ်များကို အပိုင်းလိုက်ခွဲခြားခြင်း၊ မလိုအပ်သောအစည်းအဝေးများနှင့် အချိန်ဖြုန်းမှုများကို လျှော့ချခြင်းတို့သည် အလုပ်ချိန်ကို ပိုမိုထိရောက်စေသည်။ အလုပ်ထိရောက်စွာလုပ်နိုင်လာလျှင် ကိုယ်ပိုင်ဘဝအတွက် အချိန်ပိုရလာနိုင်သည်။

အလုပ်များသောသူများသည် ကျန်းမာရေးကို နောက်ဆုံးမှာထားတတ်ကြသည်။ အလုပ်ပြီးမှနားမယ်၊ အလုပ်ပြီးမှဆေးစစ်မယ်၊ အလုပ်ပြီးမှလေ့ကျင့်ခန်းလုပ်မယ်ဟု ပြောကြသည်။ သို့သော် ကျန်းမာရေးမကောင်းလျှင် အလုပ်နှင့်ကိုယ်ပိုင်ဘဝလည်း ထိခိုက်မည်၊ မိသားစုလည်း စိုးရိမ်သောက ဖြစ်ကြရမည်။ ထို့ကြောင့် ကျန်းမာရေးသည် အလုပ်လုပ်နိုင်ရန် ဦးစားပေး စဉ်းစားရမည့် အရင်းအမြစ်ဖြစ်ပေသည်။

Work-Life Balance တွင် အလုပ်ရှင်များ၊ ခေါင်းဆောင်များ၏ အခန်းကဏ္ဍလည်း အရေးကြီးသည်။ ILO ၏ အစီရင်ခံစာတွင် အလုပ်ချိန်ပုံစံများနှင့် အလုပ်ချိန်ညှိနှိုင်းမှုများသည် လုပ်သားများ၏ Work-Life Balance အပေါ် သက်ရောက်မှုရှိပြီး အလုပ်ချိန်စနစ်များ အသုံးချနိုင်ပါက လုပ်သားနှင့် အဖွဲ့အစည်းနှစ်ဖက်စလုံးအတွက် အကျိုးရှိနိုင်ကြောင်း ဖော်ပြထားသည်။ အလုပ်ပြီးချိန်တွင် message မပို့ရန်၊ အနားယူခွင့်ကို အားပေးရန်၊ အလုပ်တာဝန်များကို သင့်တင့်စွာခွဲဝေရန်၊ လူတစ်ဦး၏တန်ဖိုးကို အလုပ်ချိန်ဖြင့်သာ မတိုင်းတာရန် လိုအပ်သည်။ လုပ်သား၏ ကျန်းမာရေးနှင့် စိတ်ချမ်းသာမှုကို ဦးစားပေးသော အဖွဲ့အစည်းသည် ရေရှည်တွင် ပိုမိုတည်တံ့နိုင်သည်။

မိသားစုတာဝန်များ၊ အလုပ်ဖိအားများ၊ စီးပွားရေးအခက်အခဲများ၊ လူမှုရေးတာဝန်များ ကြားတွင် မိမိကိုယ်ကို ဂရုစိုက်ရန် အချိန်နည်းလာကြသည်။ မိမိကိုယ်ကို ဂရုစိုက်ခြင်းသည် ကိုယ်ကျိုးရှာခြင်းမဟုတ်ဘဲ မိမိကျန်းမာမှ မိသားစုကို ကူညီနိုင်မည်။ မိမိစိတ်တည်ငြိမ်မှ အလုပ်ကို ကောင်းစွာလုပ်နိုင်မည်။ မိမိဘဝမျှတမှ လူမှုအကျိုးကိုလည်း ပိုမိုထမ်းဆောင်နိုင်မည်ဖြစ်သည်။

Work-Life Balance ရရှိရန် နေ့စဉ်ဘဝထဲမှ သေးငယ်သောပြောင်းလဲမှုများဖြင့် စတင်နိုင်သည်။ ညဘက် အနည်းငယ်စော၍ အိပ်ခြင်း၊ နေ့စဉ် ၁၅ မိနစ်ခန့် လမ်းလျှောက်ခြင်း၊ မိသားစုနှင့် ထမင်းစားချိန်တွင် ဖုန်းမသုံးခြင်း၊ တစ်နေ့တာအလုပ်စာရင်းကို ဦးစားပေးအလိုက် စီစဉ်ထားခြင်း၊ မလိုအပ်သောတာဝန်အချို့ကို ငြင်းပယ်ခြင်း၊ တစ်ပတ်လျှင် တစ်ကြိမ် မိမိအတွက် အချိန်ချန်ထားခြင်းတို့ဖြင့် စတင်ပြုလုပ်နိုင်သည်။

မိမိဘဝကို မိမိပိုင်ဆိုင်ရန်နှင့် အလုပ်သည် ဘဝကို ထောက်ပံ့ရန်သာဖြစ်သင့်ပြီး ဘဝတစ်ခုလုံးကို အလုပ်အတွက် စတေးရန်မလိုအပ်ပေ။ အောင်မြင်မှုကို ရာထူး၊ ဝင်ငွေ၊ ဂုဏ်သိက္ခာများဖြင့်သာ မတိုင်းတာသင့်ပါ။ ကျန်းမာစွာ နေထိုင်နိုင်ခြင်း၊ မိသားစုနှင့် အချိန်ရှိခြင်း၊ စိတ်အေးချမ်းခြင်း၊ လူမှုဆက်ဆံရေးကောင်းခြင်း၊ မိမိအလုပ်ကိုအဓိပ္ပာယ်ရှိစွာ လုပ်နိုင်ခြင်းတို့သည်လည်း ဘဝအောင်မြင်မှု၏ အစိတ်အပိုင်းများဖြစ်သည်။

Work-Life Balance သည် ခေတ်သစ်လူသားတို့အတွက် ကျန်းမာရေး၊ မိသားစုဘဝ၊ အလုပ်နှင့် လူ့ဘဝ၏ အဓိပ္ပာယ်တို့အတွက် မရှိမဖြစ်လိုအပ်သောဘဝကျင့်စဉ်တစ်ခု ဖြစ်လာပြီဖြစ်သည်။ အလုပ်ကို တန်ဖိုးထားသကဲ့သို့ ဘဝကိုလည်း တန်ဖိုးထားရမည်။ တာဝန်ကို ထမ်းဆောင်သကဲ့သို့ မိမိကိုယ်ကိုလည်း စောင့်ရှောက်ရမည်။ အောင်မြင်မှုကို လိုချင်သကဲ့သို့ အေးချမ်းမှုကိုလည်း မမေ့မှရမည်။ အလုပ်လည်း အဓိပ္ပာယ်ရှိစွာလုပ်နိုင်ပြီး ဘဝလည်း ပြည့်စုံစွာနေထိုင်နိုင်ရန် မိမိ၏အချိန်၊ စွမ်းအားနှင့် ဦးစားပေးမှုများကို ပညာရှိစွာ စီမံနိုင်ခြင်းသည် Work-Life Balance ဖြစ်သည်။ ထို့ကြောင့် ခေတ်သစ်လူသားများအတွက် အရေးကြီးသော မေးခွန်းမှာ "ဘဝတစ်ခုလုံးကို အလုပ်၊ မိသားစုနှင့်မိမိကိုယ်ပိုင်ဘဝကြား မျှတစွာစီမံခန့်ခွဲပြီး အဓိပ္ပာယ်ရှိစွာ နေထိုင်နိုင်မလား"ဆိုသည့် မေးခွန်းဖြစ်ပါသည်။

**ကိုးကား**

- **World Health Organization and International Labour Organization. Long working hours increasing deaths from heart disease and stroke. WHO, 17 May 2021.**
- **International Labour Organization. Working Time and Work-Life Balance Around the World. ILO, 2023.**

မန္တလာဆရာမျိုး

# သူစိမ်း ရုပ်သံဇာတ်လမ်းတွဲကို Mahar ရုပ်သံလိုင်းနှင့် Mahar Application မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဇူလိုင် ၁၅**

Mahar ရုပ်သံလိုင်းနှင့် Mahar Application မှ သူစိမ်း ရုပ်သံဇာတ်လမ်းတွဲကို ဇူလိုင် ၂၂ ရက်မှ စတင်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ သူစိမ်း ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ညီနန္ဒထံမှ သိရသည်။

အဆိုပါ သူစိမ်း ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အေမွန်ကိုက ရေးသားပြီး အေမွန်ကိုနှင့် လူညီချောတို့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ အိ (အရဏ်ဦး)က အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးနဲ့ Mahar တို့ ပူးပေါင်းစီစဉ်ထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ သူစိမ်းဆိုတဲ့ အတိုင်း ပဟေဠိဆန်တဲ့ ဆက်ဆံရေးတွေ၊ ဖုံးကွယ်ထားတဲ့ အမှန်တရားတွေနဲ့ စိတ်လှုပ်ရှားစရာ အကြောင်းအရာတွေကို မြင်တွေ့ရမှာပါ"ဟု သရုပ်ဆောင် ညီနန္ဒက ပြောပြသည်။

သူစိမ်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ညီနန္ဒ၊ ဗညားဘုန်းပြည့်၊ တေဇလင်းရောင်၊ ရဲရင့်စည်သူ၊ ဖူးစုံ၊ ထက်ထက်ထွန်း၊ သင်းသဲဗို၊ ရွှေပုံ၊ နှင်းဝတ်ရည်ကျော်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# The Country ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသမီး ဂျူဒီဝစ်တိတ်ကာ ပါဝင်မည်

**နယူးယောက် ဇူလိုင် ၁၅**

The Country အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားတွင် မင်းသမီး ဂျူဒီဝစ်တိတ်ကာ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက် သတင်းများအရ သိရသည်။

The Country ဇာတ်ကားတွင် ဂျူဒီဝစ်တိတ်ကာသည် မင်းသား အိုင်းမက်ကော၊ ဂျိတ်ကန်နီဘန်း၊ မင်းသမီး အန်နာပေါ့ပယ်ဝဲတို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Country ဇာတ်ကားကို ဒါရိုက်တာ အယ်လာဂရေ့ကနေဒီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် ဘာသာရေးအစွန်းရောက် အဖွဲ့အစည်းတစ်ခု၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

The Country ဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကို အမျိုးသမီး ဒါရိုက်တာ အယ်လာဂရေ့ကနေဒီကပင် တာဝန်ယူရေးသားထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Country ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# Cloud Seven Production & Entertainment က ရိုက်ကူးထုတ်လုပ်မည့် မိသားစု ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

**ရန်ကုန် ဇူလိုင် ၁၅**

Cloud Seven Production & Entertainment က ရိုက်ကူးထုတ်လုပ်မည့် မိသားစု ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အိမ်တော်ရာစေတီ၌ ဇူလိုင် ၁၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မိသားစု ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အင်ကြင်းဟန်က ရေးသားထားပြီး ဒါရိုက်တာ ပွင့်သိင်္ဂီဇော်က တာဝန်ယူပုံဖော်ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီ မိသားစုဇာတ်လမ်းတွဲမှာ ကိုယ်က အငယ်ဆုံးသားပေါ့။ မိသားစုကိုလဲ တအားချစ်တယ်။ ကိုယ်ချစ်တဲ့ ကောင်မကလေးနဲ့ တွေ့ပြီးသွားချိန်မှာ မိသားစုနဲ့ ကိုယ့်ကောင်မကလေး ကြားမှာ သဘောထားကွဲလွဲတဲ့ ပုံစံပေါ့။ ဘယ်လို အသိုင်းအဝိုင်းမှာမဆို မိသားစုတွေ ကပ်ပါလာတယ်ဆိုရင် အဆင်မပြေမှုတွေ တောက်လျှောက်ဖြစ်လာတာပဲလေ။ သရုပ်ဆောင်တွေကလဲ Cloud Seven က သရုပ်ဆောင်တွေ အများကြီး



ပါတယ်"ဟု အဆိုပါ မိသားစု ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် အလင်းရောင်က ပြောပြသည်။

မိသားစု ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အလင်းရောင်၊ စည်ဖြိုး၊ ဝင့်ယမုံနိုင်၊ မြတ်ကေသီအောင်၊ ဝါဝါအောင်၊ ပက်စီ၊ နှင်းရွှေရည်တို့နဲ့အတူ Cloud Seven မှ ဖြိုးဟန်ကျော်၊ ခန့်အုပ်စိုး၊ ဘုန်းမြတ်မင်းသန့်၊ အောင်ဖြိုးဟိန်း၊ ဖူးဖူးနန်းတော်၊ ကျော့ကျော့လီမွန်၊ နှင်းရွှေရည်ဝင်း၊ ရတီနန္ဒာ၊ မေရတီခန့်၊ နန်းဦးလှိုင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည် ဖြစ်ကြောင်း သိရသည်။

ASH

# The Nightingale ဇာတ်ကားကို ၂၀၂၇ ခုနှစ် မတ် ၁၉ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဇူလိုင် ၁၅**

The Nightingale အမည်ရှိ ရုပ်ရှင်ဇာတ်ကား ရုံတင်ရက်ကို တစ်လနောက်ဆုတ်၍ ၂၀၂၇ ခုနှစ် မတ် ၁၉ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဇူလိုင် ၁၄ ရက် သတင်းများအရ သိရသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် The Nightingale ရုပ်ရှင်ဇာတ်ကားကို မူလက ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရုံတင်ရန်စီစဉ်ထားခြင်း ဖြစ်ကြောင်း သိရသည်။


The Nightingale ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း တစ်ကွဲတစ်ပြားစီဖြစ်ခဲ့ရသော ညီအစ်မနှစ်ဦးတို့၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး အယ်လီဖန်းနင်းနှင့် ဒါကိုတာဖန်းနင်းတို့ ပါဝင်သရုပ်ဆောင်ထားသည်။

The Nightingale ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်မောရစ်က တာဝန်ယူရိုက်ကူးပေးထားပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒါနာစတီဗင်က တာဝန်ယူရေးသားထားသည်။

အဆိုပါဇာတ်ကားသည် စာရေးဆရာမ ခရစ္စတင်းအန်နာရေးသားထားသည့် The Nightingale ဝတ္ထုကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကို ပံ့ပိုးရန်အတွက် သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက ငွေကျပ် ၂၅ သိန်း လာရောက်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၅**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကို ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပံ့ပိုးရန်အတွက် သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက အလှူငွေကျပ် ၂၅ သိန်းကို ဇူလိုင် ၁၄ ရက်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းထံမှ သိရသည်။

အဆိုပါ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကို ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပံ့ပိုးလှူဒါန်းပွဲကို ဇူလိုင်လတတိယပတ်အတွင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်တွေရဲ့ သားသမီးတွေကို ပညာသင်စရိတ်၊ စာရေးကိရိယာနဲ့ ကျောင်းဝတ်စုံတွေ ပံ့ပိုးလှူဒါန်းပွဲအတွက် ရုပ်ရှင်အနုပညာရှင်တွေနဲ့ ရုပ်ရှင်ထုတ်လုပ်ရေးတွေက လာရောက် လှူဒါန်းနေပါတယ်။ သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက ဇူလိုင် ၁၄ ရက်က အလှူငွေကျပ် ၂၅ သိန်း လာရောက်လှူဒါန်းခဲ့ပါတယ်"ဟု ဦးကြည်စိုးထွန်းက ပြောပြသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ရုပ်ရှင်လောကသားများဖြစ်သည့် ဒါရိုက်တာအလွှာ၊ တည်းဖြတ်မှတ်တမ်းအလွှာ၊ ဗီဒီယိုအလွှာ၊ အဓိကသရုပ်ဆောင်အလွှာ၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းအလွှာ၊ ပြဇာတ်နှင့်တေးဂီတအလွှာ၊ ဇာတ်ပို့၊ ဇာတ်ရံအလွှာ၊ အုပ်ချုပ်၊ ဖြန့်ချိအလွှာ၊ စက်မှုအလွှာတို့မှသားသမီး ဦးရေ ၁၃၀ ကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှင့် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ထီးနှင့် အသင့်စားခေါက်ဆွဲခြောက်များ ပံ့ပိုးလှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# Vice President Daw Nan Ni Ni Aye leads Myanmar delegation to China



Vice President Daw Nan Ni Ni Aye is seen off by officials at Yangon International Airport before departing for the People's Republic of China.

**Yangon July 15**

Vice President Daw Nan Ni Ni Aye of the Republic of the Union of Myanmar, leading a Myanmar delegation, departed from Yangon by air this afternoon to attend the Fifth China Xizang (Tibet) International Forum on Trans-Himalayan Cooperation, which will be held in Nyingchi, People's Republic of China.

The delegation was seen off at Yangon International Airport by Yangon Region Chief Minister U Aung Naing Thu, Yangon Region ministers, Chinese Ambassador to Myanmar Ms. Ma Jia, and other officials.

The Vice President was accompanied by Deputy Ministers U Naing Min Kyaw and Dr. Thaung Naing Oo, departmental heads, and other officials.

The forum, scheduled to take place from July 16 to 18, aims to deepen international cooperation in the Himalayan region and promote collaboration and shared development among countries in the region and the international community.

MNA

# 41 members from KPMF and KNLA groups enter legal fold with weapons and ammunition, systematically transferred to their parents and guardians

**Nay Pyi Taw July 15**

The Tatmadaw has consistently prioritized national stability and achieved success in counter-terrorism operations, regaining permanent control over areas previously under temporary terrorist occupation. Local ethnic residents have welcomed and supported these military achievements with enthusiasm, expressing their trust and cooperation with the armed forces. As a result of these joint efforts, armed terrorist groups have come to understand the peace process and have begun reporting to nearby regional military camps and security police stations to re-enter the legal framework.

In a significant development for Myanmar's peace process, 41 members from the Karen Peace Maintenance Force (KPMF) and KNLA groups have surrendered their weapons and formally returned to the legal framework. This morning, a formal ceremony was held at the Aung San Hall of the Southeastern Command to transfer 41 individuals who had returned to the legal fold back to their parents and guardians. The event was attended by Mon State Chief Minister U Aung Win Than, Lt-Gen Kyaw Lin Maung of the Office of the Commander-in-Chief (Army), Commander Brig-Gen Thura Zaw Lwin Soe, officials, departmental representatives, the returnees, and their parents and guardians.

The ceremony began with a speech from the State Chief Minister, followed by an educational discussion on legal matters led by the Commander. During the proceedings, the returnees surrendered an array of weaponry, including one M-16 rifle, two M-4 rifles, one Uzi submachine gun, one Point-22 homemade gun, two homemade 9-round magazine guns, three Sigsauer pistols, two 9mm pistols, one homemade pistol, ten MG-1 hand grenades, six walkie-talkies, eleven magazines, and 188 rounds of various ammunition. These items were received by the State Chief Minister, Lt-Gen Kyaw Lin Maung, the Commander, and other officials. Following the surrender, the authorities distributed cash rewards, including 20 million kyats for four bolt-action rifles, 1.5 million kyats for three homemade guns, 10 million kyats for five pistols, 500,000 kyats for one homemade pistol, 3 million kyats for ten MG-1 hand grenades, 1.2 million kyats for six walkie-talkies, and 2.005 million kyats for the returnees themselves. The total rewards amounted to 38.205 million kyats, along with gift items, all of which were accepted by the returnees. After signing commitment letters, the returnees were systematically transferred to their parents and guardians, and one returnee expressed gratitude on behalf of the group.



Officials inspect weapons and ammunition surrendered by individuals who have returned to the legal fold.

The 41 returnees came from a wide range of locations across the country, including ten from Kawkareik Township, one from Hlaingbwe Township, and one from Kamamaung Township in Kayin State; three from Bilin Township and nine from Thaton Township in Mon State; two from Tamwe Township, one from Dagon Seikkan Township, three from East Dagon Township, one from South Okkalapa Township, one from North Okkalapa Township, and two from Yankin Township in Yangon Region; one from Monywa Township in Sagaing Region; two from Pyigyitagon Township and two from Meiktila Township in Mandalay Region; and one from Bago Township and one from Padaung Township in Bago Region.

Authorities continue to welcome and provide necessary support to those returning to the legal framework, and reports indicate that many more individuals remain interested in returning. Those wishing to return to the legal fold are encouraged to contact nearby district or township administrative bodies, military camps, or police stations, where they will be welcomed and provided with necessary assistance, and appropriate rewards will also be given for surrendered weapons and ammunition.

100

# Kyunhla Township grows more than 6,000 acres of pigeon pea this monsoon



A pigeon pea plantation.

**Kyunhla July 15**

Local farmers planted more than 6,000 acres of pigeon pea as monsoon crops in Kyunhla Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 monsoon cropping season, Kyunhla Township has planned to cultivate 11,540 acres of pigeon pea (pulses). Cultivation began in May this year, and so far, 6,195 acres have already been planted.

"It is planned to cultivate over 11,000 acres of pigeon pea in Kyunhla Township this monsoon season. So far, more than 6,000 acres have already been cultivated. Efforts are being made to achieve the target acreage. Measures are also being taken to ensure good yields in pigeon pea cultivation. Farmers grow pigeon pea both as a sole crop and as an intercropped or mixed crop," said Daw Myint Myint Yi, Head of the Kyunhla Township Department of Agriculture.

It is reported that the Township Department of Agriculture is conducting field visits to educate pigeon pea farmers on the selection of good-quality and pure seeds, proper cultivation methods, pest control, and practices to improve yields.

In addition, the department is disseminating technology on the combined use of urea and borax (litharge/borate fertilizer) to reduce farmers' costs of foliar fertilizer purchases. It is reported that the use of urea and borax helps lower cultivation costs, reduce pest infestation, and improve plant growth and development. 206

# Cucumber marketable with high demand at domestic market

**Kangyidaunt July 15**

Daw Nyo Nyo, the green grocery trader in Kangyidaunt Township of Ayeyawady Region, said that cucumber, produced by Kyangyidaunt Township, is in high demand at the domestic market.

In Kangyidaunt Township, locally grown cucumbers have been traded in the market since the third week of June this year, and buying and selling activities have continued until today. Demand has increased, with daily purchases reaching 40,000 to 45,000 cucumbers, resulting in active trading. The price has reached up to K13,000 per 100 cucumbers.

"The cucumbers produced from this area are in high demand from buyers in other townships. Currently, up to 45,000 cucumbers are being traded. The cucumbers that are selling well now are of good quality and fresh. Since they are locally produced goods, consumers can buy affordable, clean, and fresh food products. Other regions are actively purchasing the cucumbers supplied from this area. As demand for locally produced cucumbers has increased, farmers who grow them are gaining more opportunities," said Daw Nyo Nyo.

It is reported that Kangyidaunt Township is currently in the season when locally produced vegetables, including cucumbers, are available. The strong demand and active sales of locally grown cucumbers, the trading of mainly local products, lower transportation costs, and the freshness of the produce are among the benefits.

Kyaw Kyaw Lin



Cucumbers seen at a local market.

# Pantanaw Township supplies 52,000 viss of river catfish to Yangon market in May

**Pantanaw July 15**

Daw Aye Win, the owner of fishery product trading depot in Pantanaw Township of Ayeyawady Region, said that local merchants shipped 52,000 viss of river catfish to Yangon marke in May.

River catfish exports from Pantanaw Township to the Yangon market reached only 40,000 viss in April this year, but increased to 52,000 viss during the one-month period in May.

"During the past month, we exported up to 52,000 viss of river catfish. The volume exported was considerably higher than in the previous month. Aquatic products produced in Pantanaw Township are being exported to the Yangon market. Demand for aquatic products from Yangon has been good both over the past month and at present. River catfish are also actively traded in the domestic market. As exports have increased, people involved in the river catfish business have seen better business conditions," said Daw Aye Win.

River catfish exported from Pantanaw Township to the Yangon market are currently fetching up to K185,000 per 10 viss, it is reported. Due to the increased exports of river catfish to the Yangon market, fish farmers, fish traders, fish pond workers, and truck operators are experiencing improved business conditions.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Local traders from Kyaiklat Township ship large volume of eels to Yangon market

**Kyaiklat July 15**

Local merchants from Kyaiklat Township Agriculture Department in Ayeyawady Region sold a large volume of eel to Yangon market in May, said Daw Zar Zar Oo, the fishery product wholesaler in Kyaiklat Township.

In Kyaiklat Township, exports of eels to the Yangon market increased from 45,000 viss in April to 56,000 viss between May 1 and May 31. The increase in eel shipments was due to stronger demand from the Yangon market, according to reports.

"Since the first week of last month, eel exports have noticeably increased. The rise in eel trading is reportedly because domestic eel businesses have resumed operations. Locally produced eels are mainly shipped to Yangon. From Yangon, they are further distributed and sold to other domestic and overseas markets. With demand improving like this, eel farmers, workers, and eel catchers have seen better business opportunities," said Daw Zar Zar Oo.

It is reported that in January, the price of 10 viss of eels exported from Kyaiklat Township to the Yangon market reached up to K215,000. Locally produced eels are mainly shipped to the domestic Yangon market and then further distributed to other regions through Yangon.

Kyaw Kyaw Lin



Eels high in demand in local market.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီနိုင်ငံက ရေတပ်သုံးလေဆာလက်နက်စနစ်တီထွင်ရန် MBDA၊ Rheinmetall ကုမ္ပဏီတို့နှင့် စာချုပ်ချုပ်ဆို




ဂျာမနီနိုင်ငံ လက်နက်ဝယ်ယူရေး အေဂျင်စီသည် ဂျာမနီရေတပ်အတွက် စွမ်းအင်မြင့် လေဆာလက်နက်စနစ် တီထွင်ရန် MBDA ကုမ္ပဏီ၊ Rheinmetall ကုမ္ပဏီတို့ပါဝင်သော ပူးပေါင်းအဖွဲ့နှင့် စာချုပ်ချုပ်ဆိုလိုက်ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူရိုသန်းရာပေါင်းများစွာ တန်ဖိုးရှိသည့် ဤစာချုပ်သည် ထောက်လှမ်းရေးမှ ပစ်မှတ်ခြေရာခံခြင်းနှင့် ပစ်မှတ်ဖျက်ဆီးခြင်းထိ လုပ်ငန်းစဉ်တစ်ခုလုံးပါဝင်သော ရေတပ်သုံး လေဆာလက်နက်စနစ်တစ်ခုလုံးကိုတီထွင်ရန် အကျုံးဝင်ပြီး ၂၀၂၉ ခုနှစ်တွင် ပေးအပ်နိုင်မည်ဟု ခန့်မှန်းရသည်။

ဤစာချုပ်ကို အကောင်အထည်ဖော်ရန်အတွက် MBDA ကုမ္ပဏီနှင့် Rheinmetall ကုမ္ပဏီတို့သည် ဖက်စပ်လုပ်ငန်းတစ်ခုကို တည်ထောင်လျက်ရှိပြီး အစီအစဉ်တစ်လျှောက်လုံးတွင် ဂျာမနီနိုင်ငံ၏ ထောက်ပံ့ရေးကွင်းဆက်များနှင့် ပြည်တွင်းကျွမ်းကျင်မှုများကို အထူး အလေးပေး သွားမည်ဖြစ်သည်။ "ဒီလေဆာလက်နက်စနစ်ဟာ ရေတပ်သင်္ဘောတွေပေါ်မှာ တာဝန်ထမ်းဆောင်နေတဲ့ကျွန်တော်တို့ရဲ့ စစ်သည်တွေကို အထူးသဖြင့် ဒရုန်းတွေရဲ့ ခြိမ်းခြောက်မှုကနေ ပိုမိုကောင်းမွန်တဲ့ကာကွယ်မှုတွေ ပေးစွမ်းနိုင်မှာပါ"ဟု Rheinmetall ကုမ္ပဏီ၏ လက်နက်နှင့်ခဲယမ်းဌာန အကြီးအကဲ Roman Koehne က ပြောကြားခဲ့သည်။ "စီးပွားဖြစ် ထုတ်လုပ်မှုတွေကို ဂျာမနီမှာပဲ အဓိကထား လုပ်ဆောင်သွားမှာဖြစ်လို့ လေ့ကျင့်ရေးနဲ့ အလုပ်အကိုင် အခွင့်အလမ်းသစ်တွေ ဖန်တီးပေးနိုင်မှာပါ။ ဒီစာချုပ်ကတစ်ဆင့် ကျွန်တော်တို့အပေါ် ယုံကြည်မှုပြသတဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ လေဆာလက်နက်သည် ဂျာမနီရေတပ်၏ လက်ရှိအသုံးပြုနေသော အမြောက်များနှင့် လမ်းညွှန်ဒုံးကျည်များကို အားဖြည့်ပေးသွားမည်ဖြစ်သည်။ ၎င်းသည် Sachsen ဖရီးဂိတ်စစ်သင်္ဘောပေါ်တွင် တစ်နှစ်ကျော်ကြာ ပင်လယ်ပြင်စမ်းသပ်မှုများ ပြီးမြောက်ခဲ့ကာ MBDA ကုမ္ပဏီနှင့် Rheinmetall ကုမ္ပဏီတို့ ပူးတွဲတီထွင်ထားသော ရေတပ်သုံး လေဆာလက်နက်ကို အခြေခံထားခြင်း ဖြစ်သည်။ စမ်းသပ်မှုများအတွင်း အဆိုပါစနစ်သည် မြောက်ပင်လယ်၊ ဘောလ်တစ်ပင်လယ်နှင့် မြေထဲပင်လယ်တို့တွင် ရေမိုင် ၂၈၀၀၀ ခန့် ခရီးနှင်ခဲ့ပြီး ရာသီဥတုဆိုးရွားသည့် အခြေအနေများ အပါအဝင် ဝေဟင်၊ ရေပြင်နှင့် ကုန်းမြေပြင်ရှိပစ်မှတ်များကို အောင်မြင်စွာ ပစ်ခတ်မှုပေါင်း ၁၀၀၀ ကျော် ပြုလုပ်နိုင်ခဲ့သည်။

စမ်းသပ်ဆဲ သရုပ်ပြစနစ်သည် အဆင့်မြင့် ရောင်ခြည်အရည်အသွေးနှင့် ပစ်မှတ်ခြေရာခံခြင်းစွမ်းရည်တို့ကို အတည်ပြုနိုင်ခဲ့ရာ လေဆာအနေဖြင့် လှုပ်ရှားနေသောပစ်မှတ်များကို စွမ်းအင်နည်းနည်းဖြင့် ပိုမိုမြန်ဆန်ထိရောက်စွာ ပစ်မှတ်ထား ဖျက်ဆီးနိုင်ခဲ့သည်။

"MBDA ကုမ္ပဏီနဲ့ Rheinmetall ကုမ္ပဏီတို့တီထွင်တဲ့ ဒီလေဆာလက်နက်စနစ်ဟာ အလွန်မြင့်မားတဲ့ နည်းပညာအဆင့်အတန်းနဲ့ တည်ဆောက်ထားတဲ့ ထိပ်တန်းနည်းပညာစီမံကိန်းတစ်ခုဖြစ်ပါတယ်" ဟု MBDA Deutschland၏ မန်နေဂျင်းဒါရိုက်တာနှင့် MBDA၏ မဟာဗျူဟာနှင့် အနာဂတ်တိုးတက်မှုဆိုင်ရာအမှုဆောင် ဒုတိယဥက္ကဋ္ဌ Thomas Gottschild က ပြောသည်။ "ဒါဟာ ဂျာမနီတပ်ဖွဲ့တွေရဲ့ သီးခြားလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပြီး ဂျာမနီရေတပ်ရဲ့ ဝေဟင်၊ ရေပြင်နဲ့ ကုန်းမြေပြင်ပစ်မှတ်တွေကို ကာကွယ်နိုင်စွမ်းကို သိသိသာသာမြှင့်တင်ပေးပါလိမ့်မယ်။ အခု လေဆာလက်နက်စနစ်ဟာ ဆိပ်ကမ်းလုံခြုံရေးနဲ့ အခြားအသုံးချမှုတွေအတွက်လည်း ကုန်ကျစရိတ်သက်သာစေမှာပါ"ဟု ၎င်းက ပြောကြားခဲ့သည်။

**Germany Awards MBDA-Rheinmetall Contract to Develop Naval Laser Weapon အား ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်နိုင်ငံ OpenWorks Engineering ကုမ္ပဏီက Vision Pace ပစ်မှတ်ရှာဖွေရေးစနစ်ကို လက်တွေ့သရုပ်ပြသခဲ့

ဗြိတိန်နိုင်ငံ Northumberland မြို့အခြေစိုက် ဒရုန်းဖျက်လက်နက် အထူးပြု ကုမ္ပဏီတစ်ခုဖြစ်သည့် OpenWorks Engineering သည် ဗြိတိန်ကြည်းတပ်၏ Larkhill Garrison စစ်အခြေစိုက်စခန်းတွင် မကြာသေးမီက ကျင်းပပြုလုပ်ခဲ့သော တန်ပြန်ဒရုန်း တိုက်ဖျက်ရေးစနစ်ပြပွဲတွင် ၎င်းတို့ တီထွင်ထားသော Vision Pace ပစ်မှတ်ရှာဖွေရေးစနစ်ကို ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း Next Gen Defense သတင်းဌာနက ဇူလိုင် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Larkhill Garrison စစ်စခန်းသည် စစ်မြေပြင်တွင် ပစ်မှတ်များကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ချေမှုန်းတိုက်ခိုက်ခြင်းဆိုင်ရာကိစ္စရပ်အားလုံးအတွက် ဗြိတိန်ကြည်းတပ်၏ အဓိကဗဟိုချက်ကြီးဖြစ်လာခဲ့သည်။ လက်ရှိအချိန်တွင်မူ Vision Pace ပစ်မှတ်ရှာဖွေရေးစနစ်သည် စစ်ဆင်ရေးတာဝန်များ ဝေးလံလှသော ရန်သူ့စခန်းများကို အမြောက်ကြီးများဖြင့် ချိန်ရွယ်ပစ်ခတ်ရုံသက်သက်တင်မကဘဲ၊ အရွယ်အစားသေးငယ်ပြီး အရှိန်ပြင်းစွာ ပျံသန်းနေသောဒရုန်းများကို ဝေဟင်၌ ကြားဖြတ်ပစ်ချရမည့် တာဝန်များပါ သိသိသာသာ တိုးမြှင့်ပါဝင်လာခဲ့ပြီဖြစ်သည်။

"ဗြိတိန်ကြည်းတပ်၏ Larkhill Garrison စစ်အခြေစိုက်စခန်းမှာ ပြုလုပ်သော စက်မှုလုပ်ငန်းအခြေပြုပြပွဲကို မကြာသေးမီက တက်ရောက်ခဲ့ပြီး Vision Pace စနစ်ကို လက်တွေ့ပြသခဲ့သလို ကာကွယ်ရေးနဲ့လုံခြုံရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း OpenWorks Engineering ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ကုမ္ပဏီအနေဖြင့် တစ်နေ့ထက်တစ်နေ့ ပြောင်းလဲတိုးတက်လာသော ခြိမ်းခြောက်မှုဆိုင်ရာ အခင်းအကျင်းများ၊ အသစ်ထွက်ပေါ်လာသော နည်းပညာများနှင့် အနာဂတ်ဒရုန်းဖျက်စနစ်ရဲ့ စွမ်းဆောင်ရည်အပေါ် အပြန်အလှန်အတွေးအမြင်ဖလှယ်ခွင့်ရခဲ့၍ အဖိုးတန်အခွင့်အရေးတစ်ခုဖြစ်ခဲ့ကြောင်း သိရသည်။

ကုမ္ပဏီ၏အဆိုအရ ဤစနစ်သည် အန္တရာယ်ကို ချေမှုန်းနိုင်ရန်အတွက် မိုက်ခရိုရေဒီယန် အဆင့်တိကျသော ပစ်မှတ်ချိန်ရွယ်မှုကို ပေးစွမ်းနိုင်ကြောင်း သိရသည်။ ၎င်းသည် အစိတ်အပိုင်း အလွန်သေးငယ်သော ပမာဏထိ တိုင်းတာသည့် တိကျမှုမျိုးရှိသဖြင့် လှုပ်ခါနေသော ယာဉ် သို့မဟုတ် ရေယာဉ်ပေါ်ကနေ ပစ်ခတ်လျှင်ပင် အရှိန်ပြင်းစွာ ပျံသန်းနေသောဒရုန်းကို ထိမှန်အောင် ပစ်ချနိုင်စွမ်းရှိသည်။ ဤစနစ်ကို လက်ရှိအသုံးပြုနေသော မှန်ဘီလူးအလင်းစနစ်များကို အနည်းငယ်တိုးမြှင့်မွမ်းမံထားခြင်းမျိုးမဟုတ်ဘဲ၊ စစ်မှန်သောကဏ္ဍသစ်တစ်ရပ်ဆီသို့ သိသိသာသာပြောင်းလဲတိုးတက်လာသည့် နည်းပညာဖြစ်ကြောင်း ကုမ္ပဏီအနေဖြင့် ဖော်ပြခြင်းဖြစ်သည်။

ဝေဟင်ခြိမ်းခြောက်မှုများ ပိုပြီးတော့ မြန်ဆန်လာတာနှင့်အမျှ တိကျမှုနှင့် မြန်ဆန်မှု၏ လိုအပ်ချက်ဟာ ထင်ရှားလာကြောင်း OpenWorks Engineering က ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ကုမ္ပဏီက "ဗစ်ရှင်ပေ့စ် (Vision Pace)စနစ်ကို ရင်ဆိုင်နိုင်ဖို့ အင်ဂျင်နီယာပညာရပ်နှင့် အထူးဒီဇိုင်းဆွဲ တည်ဆောက်ထားခြင်းဖြစ်ပြီး၊ အန္တရာယ်ကိုချေမှုန်းရန်အတွက် မိုက်ခရိုရေဒီယန်အဆင့် တိကျတဲ့ ပစ်မှတ်ချိန်ရွယ်မှုကို ပေးစွမ်းနိုင်တဲ့အပြင်၊ အဆင့်ဆင့်ကာကွယ်ထားတဲ့ လေကြောင်းရန် ကာကွယ်ရေးစနစ်သည် ကြီးမားသော နည်းပညာအပြောင်းအလဲသစ်ကို ကိုယ်စားပြုကြောင်း သိရသည်။



**British Army hosts demo of new UK counter-drone targeting system အား ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ဒီပဲယင်း ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၆၈၆၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၈၄၁၃ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နှမ်း ၂၆၈၆၉ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ၂၈၄၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဒီပဲယင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် တောင်သူများအနေဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း ဒီပဲယင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။ (၂၀၆)




# မင်းလှမြို့နယ် ချောင်းသစ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**မင်းလှ ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းသစ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက ချောင်းသစ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ချောင်းသစ်တန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၆၀ ကို ငွေကျပ် ၄၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၇ ဒသမ ၁ သန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၂ ဦးကို ငွေကျပ် ၄၇ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# ဓနုဖြူမြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဓနုဖြူ ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ဒေသထွက် တိုင်ထောင်ပဲသီးများ ယခုနှစ် ဇူလိုင်လ ပထမပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေ ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ တစ်ရက်လျှင် ပိဿာချိန် ၄၅၀၀ မှ ၇၅၀၀ ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

''ဓနုဖြူမြို့နယ်ကနေ ထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ လက်ရှိ တိုင်ထောင်ပဲသီး ပိဿာချိန် ၇၅၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို



ဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ အရောင်းအဝယ်ကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်''ဟု ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက်ကုန်ဟင်းသီးဟင်းရွက်များပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါတိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဆင်ပေါင်ဝဲမြို့နယ် ကုတင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထိန်အင်းကျေးရွာအုပ်စု ကုတင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကုတင်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၅၅ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးအတွက် ရန်ပုံငွေကျပ် ၆၀ ဒသမ ၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က ပြောပြသည်။

**ငြိမ်းသူ(စလင်း)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် “နိုင်ငံတော်၏ပညာရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာဆောင်ရွက်ချက်များ” ပညာရေးဝန်ကြီးဌာနက ရှင်းလင်းတင်ပြ



**နေပြည်တော် ဇူလိုင် ၁၅**

လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် “နိုင်ငံတော်၏ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ”ကို ပညာရေးဝန်ကြီးဌာနက ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက Jang Phang နော်တောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက ယနေ့ပြုလုပ်သည့် အစီအစဉ်သည် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ JCC ၏ အစီအစဉ်နှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များသိရှိနိုင်ရန် ရှင်းလင်းတင်ပြသွားမည့် အစီအစဉ်ဖြစ်ကြောင်း၊ ယခုအစီအစဉ်ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပညာရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပိုမိုသိရှိနားလည်ပြီး လွှတ်တော်ကိုယ်စားလှယ်များတာဝန်ထမ်းဆောင်မှုနှင့်စွမ်းဆောင်ရည်ပိုင်းတွင် ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ကြောင်း၊ ဝန်ကြီးဌာနများ၏ သတင်းအချက်အလက်များမျှဝေပေးခြင်း အစီအစဉ်ကို ကဏ္ဍများအလိုက် ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမဆို ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်လိုပါက လူသားအရင်းအမြစ်ဖွံ့ဖြိုးရန်လိုအပ်ကြောင်း၊ လူသားအရင်းအမြစ်ကို ပျိုးထောင်ပေးနေသည့် နည်းလမ်းသည် ပညာရေးကဏ္ဍကိုမြှင့်တင်ခြင်းဖြစ်ကြောင်း၊ ပညာရေးသည် လူတစ်ဦးချင်းစီ၏ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက တစ်နိုင်ငံလုံး၏ စီးပွားရေး၊ လူမှုရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ဒီမိုကရေစီနှင့် လူမှုရေးတရားမျှတမှု၊ နည်းပညာခေတ်နှင့် လိုက်လျောညီထွေဖြစ်မှုစသည့် ယနေ့ခေတ် ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုများကို ရင်ဆိုင်နိုင်ရေးအတွက် အလွန်ပင်အရေးပါကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍမြှင့်တင်ရေးသည် အနာဂတ် နိုင်ငံတော်အတွက်တန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း။

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသောအခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏အကြားတွင် ပညာရေး၏ ကွာဟမှုမြင့်မားခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊နိုင်ငံတစ်နိုင်ငံတိုးတက်ရေးအတွက် အဓိကလုပ်ဆောင်ကြသည့် ကဏ္ဍများတွင် ပညာရေးကဏ္ဍသည် ထိပ်ဆုံးမှပါဝင်ကြောင်း၊ ပညာရေးကဏ္ဍကို ပြုပြင်ပြောင်းလဲသည့် အခါ အတိမ်းအစောင်းအနည်းငယ်သည်ပင် လျှင် ကြီးစွာသောသက်ရောက်မှုကိုဖြစ်ပေါ်စေနိုင်ကြောင်း၊ အထူးသဖြင့် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များသည် စာသင်ခန်းများအတွင်းမှထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အမြော်အမြင်ကြီးမားသည့် နိုင်ငံ့ခေါင်းဆောင်တိုင်းသည် ပညာရေးကဏ္ဍ တိုးတက်အောင် အဘက်ဘက်က အားပေးဆောင်ရွက်လျက်ရှိကြကြောင်း။

ဥပဒေပြုရေးမဏ္ဍိုင်သည် နိုင်ငံတော်အတွက်အရေးပါသည့် မဏ္ဍိုင်တစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးနှင့် စပ်လျဉ်းသောဆွေးနွေးပွဲတွင်ပညာရေးကဏ္ဍ၏အလွန်အရေးကြီးသည့် အကြောင်းအရာများ ပါဝင်ကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့အရည်အသွေးမြှင့်တင်ရေးကို စဉ်ဆက်မပြတ် လေ့ကျင့်တည်ဆောက်ရမည်ဖြစ်သည့်အတွက် ယနေ့ဆွေးနွေးပွဲမှ ကိုယ်စားလှယ်များ၏စွမ်းရည်ကို ပိုမိုပြည့်စုံကောင်းမွန်လာရန်များစွာအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း။

ကိုယ်စားလှယ်များအနေဖြင့် ယနေ့ ပညာရေးကဏ္ဍမြှင့်တင်ရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲမှရရှိလာမည့် အသိပညာ၊ ဗဟုသုတများကို မိမိတို့၏ သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင် အကျိုးရှိစွာပြန်လည်အသုံးချပြီး နိုင်ငံနှင့်ပြည်သူက အားကိုးအားထားပြုရသည့်၊ အရည်အချင်းပြည့်ဝသည့် ကိုယ်စားလှယ်များဖြစ်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ မူဝါဒများ၊စံတန်ဖိုးများ၊ပညာရေးဝန်ကြီးဌာနဖွဲ့စည်းပုံ၊ ပညာရေးမြှင့်တင်မှုမဟာဗျူဟာများ၊ ကျောင်းများဖွင့်လှစ်ခြင်း၊ ကျောင်းသားမိဘများ၏ ပညာရေးကုန်ကျစရိတ်လျှော့ချပေးရေး၊ တိုင်းရင်းသားဘာသာစကားသင်ကျောင်းများကို အားပေးပံ့ပိုးရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အားပေးပံ့ပိုးရေး၊ ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်၊ ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်၊ ဆရာအသစ်ခန့်အပ်မှု၊ ကျောင်းများအခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာ့ပညာရေးရုပ်သံ ထုတ်လွှင့်နေမှု၊ Naypyitaw State Academy တည်ထောင်ဖွင့်လှစ်ခြင်း၊ ဘာသာရပ်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ BA(Law), BA(Eco) သင်တန်းများဖွင့်လှစ်ရေး၊ ပါရဂူဘွဲ့သင်တန်းများတိုးချဲ့ဖွင့်လှစ်ရေး၊ ပါရဂူဘွဲ့သင်ကြားနေသောဘာသာရပ်များ၊ ဆရာများဖြည့်ဆည်းရေးအတွက် လေ့ကျင့်ပေးသည့် ပညာရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ ဆရာ၊ဆရာမများ ဖြည့်ဆည်းရေးအတွက် ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်းများ၊ မဟာဝိဇ္ဇာ၊မဟာသိပ္ပံ(ပညာရေး)ဘွဲ့သင်တန်းတက်ရောက်ရန် လျာထားကျောင်းသားစာရင်း၊ တက္ကသိုလ်အသစ်ဖွင့်လှစ်ရာတွင် အနိမ့်ဆုံးလိုအပ်သော သတ်မှတ်ချက်များ၊ လူတိုင်းအကျုံးဝင်ပညာရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများဖွင့်လှစ်ခြင်း၊ University of Distance Educationတို့နှင့် စပ်လျဉ်း၍လည်းကောင်း။

ပညာရေးသင်ယူမှု အခွင့်အလမ်းဖွင့်တက္ကသိုလ်(Open University)၊ ဘဝတစ်သက်တာ လေ့လာသင်ယူနိုင်မှုမြှင့်တင်ရေး၊ ကျောင်းသားဗဟိုပြုလေ့လာသင်ယူမှုအပေါ် အလေးထားဆောင်ရွက်ရေး၊ အပြန်အလှန်သင်ကြားသင်ယူမှု(Interactive Teaching and Learning)၊ ဆရာ၊ ဆရာမ များစွမ်းရည်မြှင့်မားရေး၊ ပညာရေးဝန်ထမ်းများကို ခံစားခွင့်ချီးမြှင့်ခြင်း၊ သင်ရိုးညွှန်းတမ်းပြုပြင်မွမ်းမံရေး၊ သာသာ၊ စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများပို့ချနေမှု၊ အွန်လိုင်းစနစ်ဖြင့် ကျောင်းသားမှတ်ပုံတင်ခြင်းနှင့် ငွေပေးသွင်းခြင်းစနစ်၊ သင်ယူမှု စီမံခန့်ခွဲရေးစနစ်(LMS)ဆိုင်ရာ အနာဂတ်အစီအစဉ်များ၊ AI+ပညာရေး ပေါင်းစပ်အသုံးချမှု၊ တက္ကသိုလ်ဝင်စာမေးပွဲနှစ်အလိုက်အောင်ချက်ရာခိုင်နှုန်း၊ အနာဂတ်မြန်မာ့ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ စစ်ဆေးအကဲဖြတ်ခြင်း၊ ထူးချွန်သူများကိုချီးမြှင့်ရေး၊လူ့ရည်ချွန်စီမံကိန်း၊အားကစားနှင့် ပညာရေးပေါင်းစပ်သင်ကြားရေး၊ သုတေသနအားပေးဆောင်ရွက်ရေး၊ ဒစ်ဂျစ်တယ်ပညာရေး၊လက်ရှိပညာရေးဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက မြန်မာ့ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ပြီး ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **အသိပေးကြေညာခြင်းမှ**

MPU Debit Card ဖြင့်လည်းကောင်း၊ MMQR Code ကိုအသုံးပြု၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay၊ M-Pitesan၊ GTB Pay ၊ MoMoney စသည်တို့ဖြင့်လည်းကောင်း၊ uab Bank ၊ Shwe Bank၊ A Bank တို့၏ Mobile Banking စနစ်များဖြင့် လည်းကောင်း ပေးဆောင်နိုင်ပါသည်။

၄။ အခွန်ပေးဆောင်ပြီးပါက VAVS စနစ်မှရရှိသည့် အီလက်ထရောနစ်အခွန်ဆိုင်ရာစိစစ်ဆောင်ရွက်ပြီးကြောင်း ထောက်ခံချက်(e-Tax Clearance Certificate) QR Form ကို ကြည်လင်ပြတ်သားစွာထုတ်ယူ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၅။ ကနဦးမော်တော်ယာဉ်များ၊ ကုမ္ပဏီအမည်ဖြင့် အမည်ပြောင်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ဝင်ငွေရလမ်းတင်ပြမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ မူလဆောင်ရွက်သည့် လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက Call Center ဖုန်းနံပါတ် 1515 သို့လည်းကောင်း၊ techsupport. vavs@ird.gov.mm နှင့် callcenter.vavs@ird.gov.mm သို့ အီးမေးလ်ပေးပို့၍ လည်းကောင်း၊ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ(ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) (၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာဆိုင်ရာအကူအညီပေးရေးစင်တာ(e-Service Help Desk Center)(၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁)၊ နီးစပ်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်သွားရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ထူးခြားသည့် နေ့အပူချိန်များ (၁၅-၇-၂၀၂၆)

| | | | | |
|---|---|---|---|---|
| တံတားဦး | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

# နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ်သိသာစွာ တိုးမြှင့်ပါဝင်လာစေရန် ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်နှင့်ပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားရန်အတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးသည် အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ရေအား လျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့အရင်းအမြစ်များအပေါ်တွင် အဓိကမှီခိုအားထားနေရပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုတွင် စိန်ခေါ်မှုများရှိနေသကဲ့သို့ ကမ္ဘာ့စွမ်းအင်ဈေးနှုန်းမတည်ငြိမ်မှုများသည်လည်း မိမိတို့၏ စွမ်းအင်လုံခြုံရေးအတွက် ရေရှည်တွင် စဉ်းစားစရာဖြစ်လာပါကြောင်း၊မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိ လျှပ်စစ်နှင့်စွမ်းအင်အရင်းအမြစ်များအပေါ်အခြေခံပြီး နိုင်ငံတော်အတွက် သင့်လျော်သည့်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု(Generation Mix)ကို သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် တွက်ချက်စီမံလျက်ရှိပါကြောင်း။

နေရောင်ခြည်စွမ်းအင်သည် မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထားအရ သဘာဝပေးအရင်းအမြစ်ကြွယ်ဝခြင်း၊ အခြားသောဓာတ်အားပေးစနစ်များနှင့် နှိုင်းယှဉ်ပါက စီမံကိန်းကာလ တိုတောင်းခြင်းတို့ကြောင့် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းများအတွင်းသို့ သင့်တင့်သည့်အချိုးအစားဖြင့် ဆိုလာစနစ်ကို ထည့်သွင်းနိုင်ရေးနှင့် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ မိမိတို့အစီအစဉ်ဖြင့် Solar Home System စနစ်ကို တပ်ဆင်အသုံးပြုနိုင်ရေး နည်းလမ်းနှစ်ခုဖြင့် အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါတွေ့ကြုံနေရသည့် နည်းပညာဆိုင်ရာကန့်သတ်ချက်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အခက်အခဲများကို ယနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဝိုင်းဝန်းအကြံပြုဆွေးနွေး၊ အဖြေရှာခြင်းဖြင့် အကျိုးရှိထိရောက်သည့် အစီအမံများနှင့် စီမံကိန်းများသည် လျင်မြန်စွာ အကောင်အထည်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ဆိုလာဓာတ်အားပေးစနစ်ကို စွမ်းရည်မြင့်မားစွာနှင့် ထိထိရောက်ရောက် အသုံးချနိုင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် စာတမ်းရှင်များ၊ ဟောပြောဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး အသိပညာရှင်၊ အတတ်ပညာရှင်များကလည်း "မြန်မာနိုင်ငံတွင် နေရောင်ခြည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားစနစ်၏ တည်ငြိမ်စိတ်ချမှုကိုထိန်းသိမ်းခြင်း"ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ပေါကြွယ်ဝလှသော နေရောင်ခြည်စွမ်းအင်အရင်းအမြစ်ကို အပြည့်အဝအသုံးချ၍ ဓာတ်အားထုတ်လုပ်ခြင်းဖြင့် စွမ်းအင်ဖူလုံပြီး စိမ်းလန်းစိုပြည်သော အနာဂတ်နိုင်ငံတော်ကြီးဆီသို့ အောင်မြင်စွာ ရှေ့ဆက်တက်လှမ်းနိုင်ပါစေကြောင်း နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီကောင်စီဝင် ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ပညာရှင်များ၊ အခြားဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ပြည်ပကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သီးခြားဖိတ်ကြားထားသူများ၊ စိတ်ပါဝင်စားသူ စုစုပေါင်း ၄၇၅ ဦး တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဇူလိုင် ၁၅**

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးတွင် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၈၈ ခုနှစ် ဒုတိယဝါဆိုလပြည့် ဇူလိုင် ၂၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ရာ ကဏ္ဍများအလိုက် လုပ်ငန်းများ ချောမွေ့စွာပြီးစီးရေး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ကဏ္ဍများအလိုက်ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများကဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



● **နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်မှ အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင်ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

■ **အနီးစခန်းလေယာဉ်ကွင်းမှ**

နည်းပါးတတ်ပါတယ်။ ဒါပေမဲ့ ဒီနှစ်မှာ တော့ထူးထူးခြားခြားလာရောက်တည်းခိုကြတဲ့ ဧည့်သည်တွေများပြားနေလို့ အံ့သြခဲ့ရတယ်။ အဲဒါကလဲ အနီးစခန်းလေယာဉ်ကွင်းဖွင့်လှစ်လိုက်တဲ့အတွက်ကြောင့်ဖြစ်မယ်ထင်တယ်။ ဒီရက်ပိုင်းတွေမှာ ကျွန်မတို့ဟိုတယ်ကိုလာရောက်ကြတဲ့ ဧည့်သည်အများစုက လေယာဉ်ခရီးစဉ်ရှိတဲ့ မြို့တွေကဖြစ်ကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုလိုအချိန်ဟိုတယ်မှာ ဧည့်သည်အဝင်၊အထွက် များပြားနေတာကြောင့် ဝမ်းသာရပါတယ်"ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိ ပြင်ဦးလွင်မြို့၏အခြေအနေမှာ ယခင်ကနှင့်လုံးဝမတူတော့ဘဲ အချို့နေရာများတွင် မမှတ်မိလောက်အောင်တိုးတက်ဖွံ့ဖြိုးပြောင်းလဲနေကြောင်း၊ ယခင်က သုမင်္ဂလာဈေးလေးနေရာတွင် ယခုအဆင့်မြင့် သုမင်္ဂလာဈေးသစ်ဖွင့်လှစ်ထားပြီး ဈေးဝယ်သူ၊ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေကြောင်း၊ နောက်တစ်ကြိမ် ပြင်ဦးလွင်မြို့ကို ပြန်လည်ရောက်ရှိလာမည်ဆိုလျှင်လည်း ယခုထက်မက တိုးတက်ဖွံ့ဖြိုးနေမည်ဟုထင်ကြောင်း၊ယခုကဲ့သို့အနီးစခန်းလေယာဉ်ကွင်းဖွင့်လှစ်ထားပြီး မြစ်ကြီးနား-ပြင်ဦးလွင်ခရီးစဉ်ကဲ့သို့ အခြားခရီးစဉ်များ အမြဲတမ်းရှိနေမည်ဆိုလျှင် ပြင်ဦးလွင်ကို မကြာခဏရောက်ဖြစ်နေဦးမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့မှ ပြင်ဦးလွင်မြို့သို့ လာရောက်လည်ပတ်သူတစ်ဦးက ပြောပြသည်။

"ကျွန်တော်ငယ်ငယ်တုန်းက ပြင်ဦးလွင်မြို့မှာကျောင်းတက်ခဲ့တာပါ။ ကိုယ်ပညာသင်ခဲ့ရတဲ့မြို့လေးကို သံယောဇဉ်ရှိပြီး တစ်ခါတလေသတိရမိပါတယ်။ ဒါပေမဲ့ မြစ်ကြီးနားနဲ့ ပြင်ဦးလွင်ဆိုတာက တော်ရုံတန်ရုံသွားလာဖို့မလွယ်ဘူးလေ။ အခု မြစ်ကြီးနား-ပြင်ဦးလွင် တိုက်ရိုက်လေကြောင်းခရီးစဉ်ရှိတဲ့အခါ ကိုယ်ပညာသင်ယူခဲ့တဲ့၊ သံယောဇဉ်ရှိနေတဲ့မြို့နာမည်ကိုတွေ့မြင်လိုက်ရတဲ့အခါ သွားချင်စိတ်တွေဖြစ်ပေါ်လာခဲ့ပြီး အခုလိုရောက်ရှိလာတာပါ"ဟု ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ယခုကဲ့သို့ အနီးစခန်းလေယာဉ်ခရီးစဉ်များရှိနေခြင်းကြောင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်နေပြီဖြစ်ကြောင်း သိရသည်။

(၁၆၅)

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်း၊တံတားဆိုင်ရာ အဆင့်မြှင့်တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ **သီပေါမြို့နယ် လောဝ်ခွန် - မူးလေး - တိန်ခမ်း- ဖိုက်ကန်လမ်းပိုင်းကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဖိုင်ကန်-တဲစန်း-လောင်ခွန်-ကွန်ကျောင်း-တိန်းခမ်းလမ်းသည် ၆ မိုင် ၆ ဖာလုံရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းကို ပထမအဆင့်အနေဖြင့် ရာသီမရွေးသွားလာနိုင်စေရန် မြေသားလမ်းအပိုင်းကို ကျောက်ခင်းလမ်းအဖြစ် တစ်မိုင်ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

ကျန်ရှိသော မြေသားလမ်းအပိုင်းများကို ကျောက်ခင်းလမ်းဆောင်ရွက်ပြီးစီးပါက ၁၂ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် နှစ်အလိုက်လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးကိုကိုဦး၏ **ချမ်းမြသာစည်မြို့နယ် ၁၀၉ လမ်း၊ ၅၅-၅၆ ကြားရှိ ပန်းရံတော်ချောင်းကူး ကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်ရန် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ချမ်းမြသာစည်မြို့နယ်ရှိ ပန်းရံတော်ချောင်းသည် အရှည် ၂ ဒသမ ၅၂ မိုင်ရှိပြီး အဆိုပါလမ်းပိုင်းတွင် တံတား နှစ်စင်းရှိပါကြောင်း၊ ၁၀၉ လမ်း၊ ၅၅ - ၅၆ လမ်းကြားတွင် ပေ ၆၀ အရှည် ပေ ၃၀ အကျယ် တံတားတစ်စင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုမိုဇော်၏ **သဲကုန်းမြို့နယ် အင်းမချောင်းကူး တံတားအနောက်ဘက်မှ မြို့တွင်းသို့ သုံးဖာလုံခန့်ကို လမ်းသားအမြင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သဲကုန်းမြို့နယ် အင်းမမြို့ ချောင်းကူး အင်းမတံတားမှ အနောက်ဘက် အင်းမမြို့တွင်း သုံးဖာလုံခန့်လမ်းအပိုင်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊အဆိုပါ အင်းမချောင်းကူးတံတားအနောက်ဘက်မှ မြို့တွင်း မိုင်တိုင်(၁၅၃/၃ နှင့် ၁၅၃/၆)ကြား သုံးဖာလုံကို လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဖြူးမဲဆန္ဒနယ်မှ ဦးမြင့်ဇော်လင်း၏ **ကညွတ်ကွင်းမြို့အနောက် ရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်မှု ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကညွတ်ကွင်း-မြင်ပင်-ရေအိုးစင်လမ်း၏ လက်ရှိလမ်းအခြေအနေမှာ အမာခံလမ်း ၇ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ အမာခံလမ်းပိုင်း ပထမအဆင့်အနေဖြင့် ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် တစ်မိုင် ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊



ဆက်လက်၍ ကျန်ရှိသော အမာခံလမ်းပိုင်းကို ကျောက်ခင်းလမ်းအဖြစ်ဆောင်ရွက်ပြီး ကျောက်ခင်းလမ်းဆောင်ရွက်ပြီးစီးပါက ၁၂ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် နှစ်အလိုက်လျာထားဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှမြို့နယ် အမှတ် (၇)ရပ်ကွက်ရှိ လမ်းသွယ် ခြောက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မင်းလှမြို့ ပြည်တော်သာအိမ်ရာအတွင်း၌ ပြည်တော်သာလမ်းသွယ် လမ်းသွယ်ခြောက်လမ်းရှိပြီး အဆိုပါလမ်းသွယ်များအနက် လမ်းသွယ်(၁ နှင့် ၂)ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကနဦးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊

ကျန်ရှိနေသည့် လမ်းသွယ်(၃ နှင့် ၄)နှင့် လမ်းသွယ်(၅ နှင့် ၆)တို့ကို ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင် ၁၂ ပေအကျယ် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ်အတွင်းရှိ သာပေါင်း- ရေနံ့သာကားလမ်းမကြီးကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်သွားမည့်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သာပေါင်းမြို့နယ်အတွင်းရှိ သာပေါင်း - ရေနံ့သာလမ်းအပိုင်း ၂၃ မိုင်နှင့်စပ်လျဉ်း၍ ပထမအဆင့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အဆိုပါလမ်းပိုင်းကို ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

ဒုတိယအဆင့်အနေဖြင့် အမာခံလမ်းနှင့်မြေသားလမ်းပိုင်းများကို ရာသီမရွေးသွားလာနိုင်မည့် ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ နှစ်အလိုက်လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း တင်သွင်းသည့် **"မြန်မာနိုင်ငံ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများမှရရှိသော ကိန်းဂဏန်းအချက်အလက်များကို စနစ်တကျထိရောက်စွာစီမံခန့်ခွဲ၍ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရန်လိုအပ်သည့်"အမျိုးသားလူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်"တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို"**နှင့် စပ်လျဉ်း၍ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်က အဆို၏ ရည်ရွယ်ချက်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသောရည်ရွယ်ချက်ဖြစ်သည်ကို အသိအမှတ်ပြုပါကြောင်း၊ သို့ရာတွင် ကော်မရှင်အသစ်တစ်ရပ်ဖွဲ့စည်းခြင်းထက် လက်ရှိဆောင်ရွက်နေသည့် ယန္တရားများကို ပိုမိုအားကောင်းအောင်ဆောင်ရွက်ခြင်း၊ ဌာနအချင်းချင်းညှိနှိုင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ အချက်အလက်များကို ထိရောက်စွာအသုံးချနိုင်သည့် စနစ်များတည်ဆောက်ခြင်းတို့က ပိုမိုအရေးကြီးသည်ဟုခံစားမိပါကြောင်း၊ ထို့ကြောင့် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို ဆက်လက်အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်ပါက အမျိုးသားအဆင့်ညှိနှိုင်းရေးယန္တရားကို ဖွဲ့စည်းပုံအတွင်းမှ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်သင့်ကြောင်း အဆိုနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် နိုင်ငံ၏ လူဦးရေ၊ အသက်အရွယ်ဖွဲ့စည်းပုံ၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ မသန်စွမ်းသူဦးရေ၊ သက်ကြီးရွယ်အိုဦးရေ၊ ကလေးသူငယ်ဦးရေ၊ ရွှေ့ပြောင်းနေထိုင်မှု၊ ပြည်တွင်းပြည်ပသွားရောက်နေထိုင်လုပ်ကိုင်မှု၊ အိမ်ရာအခြေအနေ၊ စက်ပစ္စည်းများနှင့် ယာဉ်ယန္တရားအခြေအနေများကို သိရှိနိုင်သော အခြေခံအချက်အလက်များကို ပေးစွမ်းနိုင်ပါကြောင်း၊ သို့သော် အချက်အလက်ကောင်းများရှိရုံမျှဖြင့် မလုံလောက်ပါကြောင်း၊ ထိုအချက်အလက်များကို စနစ်တကျစုစည်းခြင်း၊ သုံးသပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် မူဝါဒချမှတ်ရာတွင် အကျိုးရှိစွာအသုံးချနိုင်မှသာ ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိမည်ဖြစ်ပါကြောင်း သို့ဖြစ်ပါ၍ ကော်မရှင်ကို ဖွဲ့စည်းသင့်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာငွေးဝင်းက သန်းခေါင်စာရင်း အချက်အလက်များမှတစ်ဆင့် မိမိတို့နိုင်ငံ ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံအဖြစ်သို့ ကျန်းမာသော၊ ဉာဏ်ရည်ဖွံ့ဖြိုးသော၊ အာဟာရပြည့်ဝသော၊ လူငယ်လူရွယ်များဖြင့်ဖွဲ့စည်းသည့် ပိုမိုကောင်းမွန်သောအနာဂတ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ အချက်အလက်အသုံးပြုသူများနှင့် ပြည်သူလူထုအားလုံးအတွက် အထောက်အကူပြုပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်းအဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောင်မြင်စွာကောက်ယူပြီးစီးကာ နောက်ဆုံးရ အချက်အလက်အသစ်များရရှိထားပြီဖြစ်သောကြောင့် ဤအချိန်သည် သက်သေအခြေပြုအမျိုးသားလူဦးရေမဟာဗျူဟာတစ်ရပ် ချမှတ်အကောင်အထည်ဖော်ရန် အသင့်ဆုံးအချိန်ဖြစ်ပါကြောင်း၊

လူဦးရေဆိုင်ရာအခွင့်အလမ်းအရ အလုပ်လုပ်နိုင်သော အသက်အုပ်စု(၁၅-၆၄နှစ်)သည် မှီခိုသူဦးရေထက် အချိုးအစားများပြားလာသည့်အခါ ထုတ်လုပ်မှုစွမ်းအားမြင့်တက်ပြီး စီးပွားရေးတိုးတက်မှုကို တွန်းအားပေးနိုင်ပါကြောင်း၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ၂၀၂၅ ခုနှစ် သုံးသပ်ချက်အရ မြန်မာနိုင်ငံသည် ယခုအခါ ဤအခွင့်အလမ်းကို အသုံးချရန် အရေးကြီးသောကာလသို့ ရောက်ရှိနေပြီဖြစ်၍ လူငယ်များအတွက် ရင်းနှီးမြှုပ်နှံမှုများကို အရှိန်မြှင့်ရန် လိုအပ်ပါကြောင်း၊

ကလေးမွေးဖွားနှုန်းကျဆင်းခြင်းနှင့် သက်တမ်းရှည်လာခြင်းတို့ကြောင့် သက်ကြီးရွယ်အိုဦးရေတိုးလာခြင်းသည် လူမှုဖူလုံရေး၊ကျန်းမာရေးစောင့်ရှောက်မှုနှင့်စီးပွားရေးတို့အပေါ် ဖိအားသက်ရောက်စေသည့်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် လိုအပ်ပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးမိုးတင်က ယနေ့ခေတ်သည် လျင်မြန်စွာပြောင်းလဲနေသော လူမှုစီးပွားအခြေအနေများကို တုံ့ပြန်ရန်ကြိုးစားနေရသည်မှာ အလွန်ခက်ခဲလှပါကြောင်း၊ အချက်အလက်များကို စနစ်တကျကောက်ယူပြီး နိုင်ငံတော်၏ မူဝါဒများချမှတ်ရာတွင် အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်မည့် "အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်"ပေါ်ထွန်းလာရန် အလွန်လိုအပ်ပါကြောင်း၊ ကော်မရှင်သာပေါ်ပေါက်လာပါက မည်သည့်ဒေသတွင် ကျွမ်းကျင်မှုလိုအပ်ကြောင်း၊ မည်သည့်လုပ်ငန်းခွင်သို့ လူငယ်အင်အားလွှဲပြောင်းပေးရမည်ကို တိကျသောအချက်အလက်ဖြင့် ညွှန်ပြနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မရှင်ဖွဲ့စည်းခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဇဗ္ဗာန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်က ကော်မရှင်တစ်ရပ်ဖွဲ့စည်းခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ရေရှည်မဟာဗျူဟာမြောက် အကျိုးကျေးဇူးအဖြစ်ဘတ်ဂျက်နှင့် နိုင်ငံတော်အရင်းအမြစ်များကို လေလွင့်မှုမရှိဘဲ ထိရောက်စွာသုံးစွဲနိုင်ခြင်း၊ ယခင်က မိမိတို့နိုင်ငံတွင် ဒေသန္တရဖွံ့ဖြိုးရေးဘတ်ဂျက်များချထားရာတွင် သမိုင်းကြောင်းအရသော်လည်းကောင်း၊ ခန့်မှန်းခြေဖြင့်သော်လည်းကောင်း ခန့်မှန်းခွဲဝေခဲ့ကြခြင်းကြောင့် လိုအပ်ချက်နှင့် ထောက်ပံ့မှုလွဲချော်မှုများရှိခဲ့သည့်ကို သုံးသပ်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုကော်မရှင်က သန်းခေါင်စာရင်းအချက်အလက်များကို Advanced Analytics နည်းပညာဖြင့် တိတိကျကျဆန်းစစ်ပေးမည်ဖြစ်သည့်အတွက် အမှန်တကယ်ဆင်းရဲမှုအမြင့်ဆုံးဒေသ၊ အလုပ်လက်မဲ့အများဆုံးဒေသနှင့် အခြေခံအဆောက်အအုံ အလိုလားဆုံးဒေသတို့ကို တိကျစွာဖော်ထုတ်ပြီး နိုင်ငံ့ဘဏ္ဍာငွေတစ်ကျပ်တစ်ပြားမကျန် အထိရောက်ဆုံး ဦးတည်သုံးစွဲနိုင်မည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မရှင်ဖွဲ့စည်းရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဇူလိုင် ၁၆ ရက်တွင် ကျင်းပမည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ဇူလိုင် ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်



## လွတ်လပ်တဲ့လူမျိုးနဲ့ ထိုက်တန်တဲ့စိတ်ဓာတ်မျိုးမဟုတ်

လေ့တွေပြိုင်လိုက်တာ နှစ်စင်းပြိုင်တဲ့အခါမှာ နိုင်တဲ့အစင်းက ပန်းတိုင်မရောက်သေးဘူး။ ရှေ့ကို နည်းနည်းရောက်တယ်ဆိုရင်ပဲ တက်ထောင်တယ်၊ ကြွားတယ်။ တစ်ခါ ရှုံးတဲ့နောက်ကနေတဲ့ လှေကလည်းပဲ ပန်းတိုင်မရောက်သေးဘူး။ ကြိုးစားချင်ကြိုးစားနိုင်တယ်။ မကြိုးစားချင်တော့ဘူး။ ရှုံးတော့မှာပါပဲကွာဆိုပြီး ခြေပစ်လက်ပစ်နဲ့ တက်မခတ်ချင်တော့ဘူး။ ဒါဟာ ဘာလဲဆိုရင် တကယ့်တိုင်းပြည်ထူထောင်တဲ့နေရာမှာ လွတ်လပ်တဲ့ လူမျိုးနဲ့ ထိုက်တန်တဲ့စိတ်ဓာတ်မျိုးမဟုတ်ဘူး။ အဲဒီစိတ်ဓာတ်မျိုးဟာ ကျွန်ဖြစ်မယ့် စိတ်ဓာတ်မျိုး။

၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၃ရက်တွင် ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT) ဖွင့်ပွဲ တက်ရောက်



**မန္တလေး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီးရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဥပဒေချုပ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT)သို့ မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူး စုစုပေါင်း ဦးရေ ၁၈၀ တက်ရောက်ကြပြီး မြို့နယ်ဥပဒေအရာရှိများက စာတွေ့နှင့်ကိုယ်တွေ့များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် နန်းမြို့ ကျောက်တိုင်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် ပြင်ဦးလွင်တပ်နယ်အသင်းနှင့် ကျောက်ဆည်တပ်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဇူလိုင် ၂၇ ရက်ထိကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(၅၀၁)**

### ချင်းတွင်းနှင့်စစ်တောင်းမြစ်ရေမှ

ထို့အတူစစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် ဖောင်းပြင်မြို့နယ်နှင့် မဒေါက်မြို့တို့ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာ နေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

### ရှေ့ဖုံးမှအဆက်

စမုံရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်ခြင်းနှင့် တူးမြောင်းအသစ်မြေဖို့လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပမာဏ ၄၅ ရာခိုင်နှုန်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့် ၅၅ ရာခိုင်နှုန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ အချိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင်လ ပထမပတ်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးတင်မြင့်အောင်က ပြောသည်။

ယင်းနောက် စမုံရေငုပ်ပြွန်အောက်ပိုင်းရှိ စိုက်ပျိုးမြေများအတွက် ဆည်ရေကို ဇူလိုင် ၁၁ ရက်တွင် စမ်းသပ်လွှတ်ခဲ့ပြီး စမ်းသပ်မှုအောင်မြင်ပြီးနောက် ဇူလိုင် ၁၅ရက်မှစတင်၍ မိုးစပါးစိုက်ပျိုးရေကို အပြည့်အဝပေးဝေလျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

မိုးသောက်ပန်း ဂျာနယ်
ကလေးငယ်များအတွက် ပညာလည်းပေး ဗဟုသုတလည်းရ ဟာသလည်းပါ၊ ဉာဏ်ရည်လည်းတိုးမဲ့
- မျက်နှာဖုံးတွင် ကာတွန်းစိုပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကိုကောင်း၊ ကာတွန်းစောဟန်နှင့် ကာတွန်းထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်)တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ ရဲဘော်မြသိန်း(ဟိုပုံး)၊ နီဦးဖော်၊ ဂန္ထဝင်ချစ်သူ၊ ဓာနည်၊ ကန့်ဘာလူခင်မောင်ဆွေနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။
ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၇-၇-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၃၀)၊ အမှတ်(၂၅)ထွက်ပြီ။
◆ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ◆



# ဆိုလာစနစ်ဆိုတာ ကမ္ဘာမြေကြီးက လူသားတွေအားလုံးကို အညီအမျှပေးထားတဲ့ အမြဲတမ်းမကုန်ခန်းနိုင်တဲ့ စွမ်းအင် တစ်ခုပဲ ဖြစ်ပါတယ်

ဦးအောင်သူထွန်း



ဦးအောင်သူထွန်း



ဦးထောင်းဇိုခိုင်



ဦးကောင်းဆက်သူ



ဦးဇေယျာဝင်း



ဦးဟန်ဇော်



ဒေါ်မြမြအေး

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ်သိသာစွာ တိုးမြှင့်ပါဝင်လာစေရန် ရည်ရွယ်သည့် နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့် ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆိုလာနည်းပညာနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲမှတစ်ဆင့် မြန်မာနိုင်ငံတွင် နေရောင်ခြည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် အခြေအနေနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲတက်ရောက်လာကြသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**ဦးအောင်သူထွန်း Executive Director၊**

**Head of Power Systems၊ ZEYA & ASSOCIATES Co., Ltd.**

ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်နေတဲ့ဓာတ်အားကို ဆိုလာကနေ ပိုမိုအကျိုးရှိရှိနဲ့ effective ဖြစ်အောင် ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ဆွေးနွေးပွဲတက်ရောက်လာတဲ့ ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ဆွေးနွေးချက်တွေ၊ အကြံဉာဏ်တွေကို လာရောက်လေ့လာတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆိုလာစီမံကိန်းတွေ ထပ်ပြီးအကောင်အထည်ဖော် ဆောင်ရွက်ဖို့လည်း ရှိပါတယ်။ တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာဆိုင်ရာလိုအပ်ချက်တွေနဲ့ ကိုက်ညီပြီး အရည်အသွေးကောင်းတဲ့ ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းတွေကို ဆောင်ရွက်နေတာလည်းရှိပါတယ်။ ဆိုလာစနစ်ဆိုတာ ကမ္ဘာမြေကြီးက လူသားတွေအားလုံးကို အညီအမျှပေးထားတဲ့ အမြဲတမ်းမကုန်ခန်းနိုင်တဲ့ စွမ်းအင်တစ်ခုပဲ ဖြစ်ပါတယ်။ ဒီစွမ်းအင်ကို ကျွန်တော်တို့က အကျိုးရှိရှိအသုံးချနိုင်ရင် တစ်နိုင်ငံလုံးလိုအပ်နေတဲ့ လျှပ်စစ်စွမ်းအားကို အချိန်တိုအတွင်းမှာ အမြန်ဆုံးရရှိနိုင်မှာ ဖြစ်ပါတယ်။

**ဦးထောင်းဇိုခိုင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊**

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

ဒီနေ့ဆွေးနွေးပွဲမှာ ဆိုလာစွမ်းအင်ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဆိုလာစွမ်းအင်ကို စနစ်တကျနဲ့ တစ်ပိုင်တစ်နိုင် ဘယ်လိုအသုံးချမလဲ၊ တစ်ဦးတစ်ယောက်ချင်းစီဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ ထုတ်လုပ်နိုင်မှုတွေနဲ့ ဓာတ်အားစနစ် မရောက်သေးတဲ့နေရာတွေမှာလည်း ဘယ်လိုအသုံးချနိုင်မလဲဆိုတဲ့ အဖြေတွေရရှိဖို့ ရည်ရွယ်ဆောင်ရွက်တာဖြစ်ပါတယ်။ ပြီးတော့ ဆွေးနွေးပွဲမှာ ဓာတ်အားထုတ်လုပ်တဲ့ အခြေအနေတွေမှာ ကြုံတွေ့ရတဲ့ အတွေ့အကြုံတွေ၊ အခက်အခဲတွေကို ကျော်ဖြတ်ပြီး ဆိုလာဓာတ်အားပေးစက်ရုံတွေ ဘယ်လိုတည်ဆောက်ခဲ့တယ်ဆိုတဲ့ အချက်တွေ၊ နောက်ပြီး ဓာတ်အားစနစ်အတွင်းမှာ ဆိုလာပါဝင်မှု ရာခိုင်နှုန်းက သင့်တင့်မျှတတဲ့ အနေအထားဖြစ်ဖို့၊ အိမ်သုံးဆိုလာစနစ်တွေကိုစနစ်တကျနဲ့ တစ်ပိုင်တစ်နိုင်လုပ်ငန်းတွေမှာ ဆောင်ရွက်သွားနိုင်မယ့် အခြေအနေတွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒီနေ့ဆွေးနွေးပွဲမှာ အသိပညာရှင်၊ အတတ်ပညာရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာ နေရောင်ခြည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရေးနဲ့ လျှပ်စစ်ဓာတ်အားစနစ်ရဲ့ တည်ငြိမ်စိတ်ချရမှုကို ထိန်းသိမ်းခြင်းဆိုတဲ့ခေါင်းစဉ်နဲ့ ဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ထွက်ပေါ်လာတဲ့ မူဝါဒ၊ လမ်းညွှန်ချက်တွေအပေါ် ကျွန်တော်တို့အနေနဲ့ ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးကောင်းဆက်သူ**

**Huawei Top Partner, SEC Solar**

ကျွန်တော်တို့အနေနဲ့ လူနေအိမ်တွေ၊ ဌာနဆိုင်ရာတွေ၊ စက်မှုလုပ်ငန်းတွေအတွက် ဆိုလာစနစ်တွေ ဆောင်ရွက်ပေးနေပါတယ်။ ပြီးတော့ ပြည်သူတစ်ဦးချင်းစီသုံးနိုင်တဲ့ အိမ်သုံးဆိုလာ product တွေကိုလည်း ရောင်းချပေးနေပါတယ်။ ကျွန်တော်တို့ကို ဆက်သွယ်လာပြီဆိုရင် တစ်အိမ်ချင်းစီမှာ လိုအပ်တဲ့ စွမ်းအင်ပမာဏအပေါ်မူတည်ပြီး ပစ္စည်းတွေ အကုန်မှာယူလို့ရပါတယ်။ ဆိုလာကတော့ သန့်စင်တဲ့ green energy ဖြစ်ပါတယ်။ ပြီးရင် ဆိုလာဘက်ထရီသက်တမ်းတွေက အခုဆိုရင် နှစ် ၂၀ ကနေ ၂၅ နှစ်အထိ အသုံးခံနေကြပြီဖြစ်ပါတယ်။ ဒါကြောင့် အခုအချိန်မှာ ဆိုလာစွမ်းအင်ကို ရွေးချယ်မယ်ဆိုရင် မြန်မာနိုင်ငံနဲ့ အသင့်တော်ဆုံး ဖြစ်တယ်ဆိုတာ အကြံပြုချင်ပါတယ်။

**ဦးဇေယျာဝင်း**

**Head of Department၊ Myanmar Padauk Power Co.,Ltd.**

လက်ရှိ ဆိုလာစနစ်ဆောင်ရွက်လာတဲ့အခါမှာ လျှပ်စစ်မီးတွေ ပိုမိုရရှိလာပြီး နိုင်ငံတော်အတွက် အထောက်အကူလည်း ဖြစ်စေပါတယ်။ အခုဆိုရင် အိမ်တွေ၊ စက်ရုံတွေမှာ တစ်ပိုင်တစ်နိုင်ဆိုလာလေးတွေကို တပ်ဆင်ပြီးတော့ အသုံးပြုလာကြပါပြီ။ ကျွန်တော်တို့အနေနဲ့ မဟာဓာတ်အားလိုင်းမရတဲ့နေရာတွေမှာ ဆိုလာစနစ်တွေ တပ်ဆင်ဆောင်ရွက်သွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဆိုလာစနစ်ကို အသုံးပြုမယ့်သူတွေအတွက် စဦးတပ်ဆင်ကုန်ကျစရိတ်ရှိပေမယ့် zero carbon ဖြစ်ပါတယ်။ ရေရှည်အတွက် အကျိုးရှိတဲ့အတွက် သန့်စင်တဲ့ စွမ်းအင်ဖြစ်တာမို့ အသုံးပြုသင့်ပါတယ်။

**ဦးဟန်ဇော်**

**အထွေထွေမန်နေဂျာ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း**

ဒီနေ့ကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲကတော့ ကျွန်တော်တို့အတွက် အများကြီးအကျိုးရှိတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိအခြေအနေအရ ဒီ green energy ကနေ ဓာတ်အားကွန်ရက်ကို အထောက်အကူပြုနိုင်မယ့်နည်းလမ်းတွေ အသုံးပြုပြီး ကိုယ်ပိုင်လည်း ထုတ်လို့ရမယ်၊ နောက်ပြီး နိုင်ငံတော်ရဲ့ grid နဲ့လည်း ချိတ်ဆက်ပြီးတော့ သုံးစွဲလို့ရမယ့်ဆိုလာစနစ်ကို အဓိကဦးစားပေးဖော်ဆောင်တဲ့ အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပါတယ်။

ဆိုလာရဲ့ သဘာဝကိုက တစ်ပိုင်တစ်နိုင်လုပ်လို့ရတယ်။ အိမ်ထောင်စုတစ်ခုချင်းစီကနေ နိုင်ငံတော်အဆင့်အထိ သန့်စင်တဲ့ စွမ်းအင်အဖြစ် အသုံးပြုဆောင်ရွက်နိုင်တယ်ဆိုတာကို အသိပညာပေးမျှဝေတဲ့ သဘောလည်းပါပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လက်ရှိဌာနမှာ သုံးနေတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ဘယ်လိုချိတ်ဆက်ပြီး လုပ်ရမယ်၊ နည်းပညာပိုင်းအရ ဘာတွေလိုအပ်တယ်ဆိုတာတွေကိုလဲ ဆွေးနွေးကြတာဖြစ်ပါတယ်။

**ဒေါ်မြမြအေး မန်နေဂျင်းဒါရိုက်တာ၊**

**ကောင်းကျော်စေ အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်**

ဆိုလာစွမ်းအင်က နေရောင်ခြည်ကရတာဖြစ်တဲ့အတွက် သန့်ရှင်းတဲ့ စွမ်းအင်ဖြစ်တယ်။ တွင်းထွက်ရေနံက အကန့်အသတ်စွမ်းအင်ဖြစ်ပြီးတော့ ရှားပါးလာတဲ့ အနေအထားဖြစ်ပါတယ်။ ဆိုလာက တစ်အိမ်ချင်းလွယ်လွယ်ကူကူ တပ်ဆင်အသုံးပြုလို့ရတယ်။ အိမ်တစ်အိမ်မှာ ၃ ကီလိုဝပ်သုံးမယ်ဆိုရင် ၅ ကီလိုဝပ်ဆိုလာစနစ် တပ်ဆင်ထားလိုက်တာနဲ့ လွယ်လွယ်ကူကူ အသုံးပြုလို့ရတယ်။ ပြည့်ဖြိုးမြဲ စွမ်းအင်တိုင်းမှာ အားသာချက် အားနည်းချက်ရှိတယ်။ ကျွန်မတို့ ဆိုလာစနစ်စလုပ်တဲ့ ၂၀၀၆ ခုနှစ်ဝန်းကျင်က ဆိုလာဆိုတာ ပြည်သူတွေကြားမှာ ရင်းနှီးမှုမရှိသေးသလို စီးပွားရေးအရလည်း တွက်ခြေမကိုက်သေးပါဘူး။ ဆိုလာပြားတွေ၊ အင်ဗာတာတွေကလည်း ဈေးကြီးပါသေးတယ်။ အဲဒီအချိန်အခါက ကျွန်မတို့အနေနဲ့ သန့်ရှင်းတဲ့စွမ်းအင်တစ်ခုအဖြစ် နည်းပညာမျှဝေမှုတွေကိုပါ လုပ်ဆောင်ခဲ့ပါတယ်။ အခုကတော့ ဆိုလာပြားတွေ၊ အင်ဗာတာတွေက ဈေးနှုန်းသက်သာလာတယ်။ မဟာဓာတ်အားလိုင်းမရောက်သေးတဲ့ နေရာတွေအတွက် အကောင်းဆုံးရွေးချယ်စရာဖြစ်လာတယ်။ ကျွန်မတို့ နိုင်ငံရဲ့စွမ်းအင်ကဏ္ဍတိုးတက်ဖို့အတွက် ပညာရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံးက အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်သလို နောင်မျိုးဆက်သစ်လူငယ်တွေကိုလည်း ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနဲ့ပတ်သက်ပြီး မြှင့်တင်ကြိုးစားပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

(သတင်းစဉ်)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ကျောင်းကုန်း ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ငရုတ်သီးစိမ်း ပိဿာချိန် ၃၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၄၉၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၆၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်းက ကျောင်းကုန်း မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးစိမ်းပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျောင်းကုန်းမြို့နယ်ကထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုပါ တင်ပို့ ရောင်းချနေတာဖြစ်ပါတယ်။ ကျောင်းကုန်းမြို့နယ်က ထွက်တဲ့ဒေသထွက် ငရုတ်သီးစိမ်းတွေက အရည်အသွေးကောင်းပါတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ ကုန်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိသည့် ငရုတ်သီးစိမ်းများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို အဆင်ပြေလျက်ရှိကြောင်း ကျောင်းကုန်းမြို့နယ် ကုန်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

## ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ငွေတံဆိပ်၊ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ်နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့် ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၃၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၃၄
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# ချင်းပြည်နယ် ဖလမ်းမြို့၌ နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများကို ဒုတိယဝန်ကြီး ဦးမျိုးမြင့် ထောက်ပံ့ပစ္စည်းများပေးအပ်



**နေပြည်တော် ဇူလိုင် ၁၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယနေ့တွင် ချင်းပြည်နယ် ဖလမ်းမြို့ မြို့တော်ခန်းမ၌ နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ကော်မတီဝင်များနှင့်အတူ နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူ ၂၃၃ ဦးအတွက် ဆန် ၇၂ အိတ်နှင့် ဆီ ၂၇၃ ပိဿာ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများကိုယ်စား မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး လိုအပ်ချက်များတင်ပြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး အားပေးစကားပြောကြားသည်။

ယင်းနောက် ဖလမ်းမြို့ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့် ကလေးကျန်းမာရေးဌာနသို့ ရောက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များကို ကာကွယ်ဆေးထိုးဆောင်ရွက်မှု၊ ငါးနှစ်အောက်ကလေးများကို တိုးချဲ့ကာကွယ်ဆေးထိုးဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိသူများကရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ဆေးခန်းအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများကို တစ်ဦးချင်းရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ယနေ့ထိ ဖလမ်းမြို့တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင်မိခင် ၃၄ ဦးနှင့် ငါးနှစ်အောက် ကလေး ၈၂ဦးတို့ကို ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး တီးတိန်၊ တွန်းဇံ၊ ဖလမ်းမြို့များတွင် ကိုယ်ဝန်ဆောင်မိခင် ၁၅၈၀၂ ဦးနှင့် ငါးနှစ်အောက်ကလေးဦးရေ၇၇၈၀ကိုကာကွယ်ဆေးထိုးပေးခြင်းများနှင့်အသိပညာပေးခြင်းများ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်က ကိုယ်ဝန်ဆောင်မိခင်များနှင့် ငါးနှစ်အောက် ကလေးများအတွက် လိုအပ်သည့် ကာကွယ်ဆေးနှင့် ဆေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (စခန်းရုံး) အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊တပ်ဖွဲ့များမှ အမျိုးသားပြိုင်ပွဲဝင်အသင်း ၁၁ သင်းနှင့် အမျိုးသမီးပြိုင်ပွဲဝင်အသင်း ၁၁ သင်းတို့ဖြင့် ဇူလိုင် ၈ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

☆ **ကျောဖုံးမှအဆက်**

ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ ကရင်ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့(KPMF)နှင့် KNLA တပ်ဖွဲ့တို့မှ အဖွဲ့ဝင် အမျိုးသား ၄၁ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ကြပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် အမ်၁၆ သေနတ် တစ်လက်၊ အမ်၄ သေနတ် နှစ်လက်၊ အူဇီသေနတ် တစ်လက်၊ ပွိုင့်-၂၂ လက်လုပ်သေနတ် တစ်လက်၊ လက်လုပ် ကိုးလုံးထိုးကျည်သေနတ် နှစ်လက်၊ Sigsauer ပစ္စတိုသေနတ် သုံးလက်၊ ၉ မမ ပစ္စတိုသေနတ် နှစ်လက်၊ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ အမ်ဂျီ-၁လက်ပစ်ဗုံး ၁၀ လုံး၊ လမ်းလျှောက်စကားပြောစက် ခြောက်လုံး၊ ကျည်အိမ် ၁၁ ခုနှင့် ကျည်မျိုးစုံ ၁၈၈ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် လေးလက်အတွက် ငွေကျပ် သိန်း ၂၀၀၊ လက်လုပ်သေနတ်သုံးလက်အတွက် ငွေကျပ် ၁၅ သိန်း၊ ပစ္စတိုသေနတ် ငါးလက်အတွက် ငွေကျပ် သိန်း ၁၀၀၊ လက်လုပ်ပစ္စတိုသေနတ် တစ်လက်အတွက် ငွေကျပ် ငါးသိန်း၊ အမ်ဂျီ-၁ လက်ပစ်ဗုံး ၁၀ လုံးအတွက် ငွေကျပ်သိန်း ၃၀၊ လမ်းလျှောက်စကားပြောစက် ခြောက်လုံးအတွက် ငွေကျပ် ၁၂ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ငွေကျပ် ၂၀ သိန်း ၅ သောင်း စုစုပေါင်း ၃၈၂ သိန်း ၅ သောင်းကျပ်နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများကို ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ ၁၀ ဦး၊ လှိုင်းဘွဲမြို့နယ်မှ တစ်ဦး၊ ကမမောင်းမြို့နယ်မှ တစ်ဦး၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ သုံးဦး၊ သထုံမြို့နယ်မှ ကိုးဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်မှ နှစ်ဦး၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ တစ်ဦး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်မှ သုံးဦး၊ တောင်ဥက္ကလာပမြို့နယ်မှ တစ်ဦး၊ မြောက်ဥက္ကလာပမြို့နယ်မှ တစ်ဦး၊ ရန်ကင်းမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်မှ နှစ်ဦး၊ မိတ္ထီလာမြို့နယ်မှ နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်မှ တစ်ဦး၊ ပန်းတောင်းမြို့နယ်မှ တစ်ဦး စုစုပေါင်း ၄၁ ဦး ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများများစွာကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(၅၀၁)**



# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းဆောင်ရွက်ကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် “လူငယ်နှင့်အသိပညာ” ခေါင်းစဉ်ဖြင့် နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက အမှာစကားပြောကြားပြီး အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းက လက်ခံရယူ၍ လူငယ်အသိပညာပေး ဟောပြောမည့် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)ကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)ကို ဂုဏ်ပြုလက်ဆောင်ပေးအပ်၍ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေကျပ် ၁၀သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)က “လူငယ်နှင့်အသိပညာ” ခေါင်းစဉ်ဖြင့် လူငယ်အသိပညာပေး ဟောပြောပြီး နေပြည်တော် လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်စိုးလင်းက ဉာဏ်စမ်းပဟေဠိများကို ကျောင်းသား၊ ကျောင်းသူများအားမေးမြန်းရာ မှန်ကန်စွာ ဖြေဆိုနိုင်သည့် ကျောင်းသား၊ကျောင်းသူများကို ဌာနဆိုင်ရာများက ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ၁၅-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂ ~ ၃၆၆၅.၅ | ၅၅၇.၈ ~ ၅၅၈.၆ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၈၉၆,၈၈၇.၅၃ | ၁၄,၆၀၉,၄၄၀.၀၀ | ၁၅,၇၄၉,၄၅၇.၁၅ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဂျုံ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၆၈၄၃ ဒသမ ၀၄ အား CMP ကုမ္ပဏီသို့ ရောင်းချပေးခဲ့ပါသည်။

**❍ စပိန်အသင်းမှ**

ပြင်သစ်အသင်း ခံစစ်ကစားသမား ဒစ်ကနေးက စပိန်အသင်းမှ လမိုင်းယာမယ်ကို ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် စပိန်အသင်းပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ အိုယာဇာဘယ်က အမှားအယွင်းမရှိကန်သွင်းပြီး စပိန်အသင်းအတွက် ဦးဆောင်ဂိုးရယူနိုင်ခဲ့ကာ ပထမပိုင်းတွင် စပိန်အသင်းက တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင်လည်း ပြင်သစ်အသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးခဲ့သော်လည်း စပိန်အသင်းကွင်းလယ်ပိုင်းကို ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ဘဲ စပိန်အသင်းကပင် ဂိုးပေါက်ခြိမ်းခြောက်မှုများပြုလုပ်နိုင်ခဲ့ကာ ပွဲချိန် ၅၈ မိနစ်တွင် ပြင်သစ်အသင်းခံစစ်ကစားသမားများ အမှားမှ တစ်ဆင့် ခံစစ်ကစားသမား ပက်ဒရိုပေါရိုက စပိန်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့နောက် လက်ကျန်ပွဲချိန်များတွင် ပြင်သစ်အသင်းက လူစားလဲမှုများလုပ်ဆောင်ပြီး ပြန်လည်ဖိအားပေး ကစားခဲ့သော်လည်း စပိန်အသင်းက အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် စပိန်အသင်းက ပြင်သစ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းသည် ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ နှစ်ပေါင်း ၁၅ နှစ်ကျော်အကြာတွင် ဗိုလ်လုပွဲအဆင့်သို့ ပြန်လည်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

## ၂၀၂၆ ခုနှစ် ဇူလိုင် ၁၅ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**



# ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်၌ သန့်ရှင်းရေးကုသိုလ်ပြုဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စုပေါင်းကုသိုလ်ပြု သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးဦးစီး၊ အရာရှိ၊ အရာခံ၊ အကြပ်တပ်သား၊ ရဲမေတပ်ဖွဲ့ဝင် ဦးရေ ၁၃၀ နှင့် မိသားစုဝင် ၂၅ ဦးတို့သည် ဘုရားကြီးရင်ပြင်တော်၊ ရေပန်းရင်ပြင်၊ ကျောက်စာရုံစေတီတို့တွင် ဘုရားပန်းကပ်လှူပူဇော်ခြင်း၊ ကြမ်းတိုက်သန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း အသုံးပြုရန်အတွက် ကြမ်းတိုက်တံမြက်စည်း အချောင်း၂၀၊ အဝတ်ကြမ်းတိုက်တံအချောင်း ၃၀၊ ရေပုံး ၂၅ ပုံး တို့ကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

“သုတကဗ္ဘာ” စစ်မှုရေးရာနှင့် သုတအဖြာဖြာ သတင်းဂျာနယ်ကို
၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်(တပ်မတော်နေ့)ကစ၍
အပတ်စဉ် စနေနေ့တိုင်း ထုတ်ဝေလျက်ရှိပါသည်။




နယ်ကိုစားလှယ်များ ဂျာနယ်မှာယူလိုပါက
ဖုန်း - ၀၉၃၂၄၉၈၇၂၄ သို့ ဆက်သွယ်မှာယူပါနိုင်ပါသည်။
စာမူရှင်များအနေဖြင့်
Email; thutakabarjournal@gmail.com
သို့ စာမူများပေးပို့နိုင်ပါသည်။
၁၁-၇-၂၀၂၆ ရက်ထုတ်
အတွဲ (၉)၊ အမှတ် (၁၄)
ထွက်ပြီ

စာပေအလင်းရရှိဖို့ သုတအလင်းကိုဖတ်ကြစို့




သုတအလင်း
Knowledge Light Magazine မဂ္ဂဇင်း

နာမည်ကြီးစာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ ကောင်းစည်သူ၊ ဒေါ်ဦးငြိမ်း၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ ရေနံ့သာမောင်ကျော်ညွန့်၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ ပေါက်ပေါက်၊ မောင်သောင်းဝင်း(တမန်ဟောင်း) တို့၏ စာကောင်းပေမွန် ဆောင်းပါးများ၊ ကဗျာများပါဝင်သည့် နိုင်ငံရေး၊ စာပေ၊ ရှေးဟောင်းသုတ၊ နိုင်ငံတကာ၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အတ္ထုပ္ပတ္တိ၊ ကျန်းမာသုတ၊ ထူးဆန်းထွေလာ၊ စိုက်မွေးသုတ၊ ယဉ်ကျေးမှု၊ အထွေထွေဗဟုသုတစသည့် ကဏ္ဍမျိုးစုံနှင့်အတူ သင်၏စာအုပ်စင်၌ အမြဲထိန်းသိမ်းထားရှိသင့်သည့်
၂၀၂၆ ခုနှစ်၊ ဇူလိုင်လထုတ် သုတအလင်းမဂ္ဂဇင်း
ထွက်ရှိပါပြီ။
E-mail - knowledgelight16@gmail.com
၁၅၀၀ ကျပ်
မြဝတီစာပေတိုက်က ထုတ်ဝေသည်။

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။

# နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကိုကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အကောင်းဆုံး အားကစားသမားဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော ပုဗ္ဗသီရိတပ်နယ် ကိုယ်စားပြုအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် ဇူလိုင် ၈ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၆ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် မော်လမြိုင်တပ်နယ် (ခ)အသင်းနှင့် သထုံတပ်နယ်(က)အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၁၅ သင်းဖြင့် ဩဂုတ် ၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော မင်္ဂလာဒုံတပ်နယ် ကိုယ်စားပြုအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပြေးခုန်ပစ် ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက်ရှိ တပ်နယ်၊ တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၈ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း






## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်းလိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

# နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ရေး အားကစားကဏ္ဍမြှင့်တင်ပေး

ညိုမောင်

**အားကစားဆိုသည်မှာ**

အားကစားဆိုသည်မှာ ခွန်အားနှင့်ဉာဏ်ရည်ကို အချိုးအစားညီမျှစွာအသုံးပြု၍ လှုပ်ရှားဆောင်ရွက်ရခြင်းဖြစ်သည်။ အားကစားလုပ်ဆောင်ခြင်းသည် လူတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးကို ကြံ့ခိုင်သန်စွမ်းစေရုံသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ ကြံ့ခိုင်ဖွံ့ဖြိုးနိုင်သည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဖွံ့၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကိုပေါ်လွင်စေနိုင်သော အထင်ကရပြယုဂ်တစ်ခုလည်းဖြစ်သည်။

စင်စစ် အားကစားဆိုသည်မှာ အခြားသော အနက်အဓိပ္ပာယ်များကိုလည်း ကျယ်ပြန့်နက်ရှိုင်းစွာဖော်ကျူးနေသည်။ နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးနိုင်စွမ်းရှိသည့် အမျိုးသားရေးအမှတ်လက္ခဏာတစ်ရပ်လည်းဖြစ်သည်။ ကျားကုတ်ကျားခဲ ခွဲနပဲဖြင့် ရည်မှန်းချက်ပြီးမြောက်သည်ထိ ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင်လိုသည့်စိတ်ဓာတ်တို့ မွေးဖွားရှင်သန်စေသည်။ အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်တို့ဖြင့် အချင်းချင်းရိုင်းပင်းကူညီဖေးမလိုသည့်စိတ်ဓာတ်တို့ ဖြစ်တည်ပေါ်ပေါက်ရာလည်းဖြစ်သည်။

**အားကစားမြှင့်တင်ခြင်း**

အားကစားကို မြှင့်တင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်အတွက်အရေးပါသည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံအတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့်၊ စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံကိုအကျိုးပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

အားကစားယှဉ်ပြိုင်ရာတွင်လည်း အားကစားစိတ်ဓာတ်ရှိရန်အလွန်အရေးကြီးသည်။ လူတိုင်း၏ဘဝတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ အနိုင်မခံအရှုံးမပေးသည့်စိတ်၊ မိမိကိုယ်ကို ယုံကြည်ရဲရင့်သည့်စိတ်များနှင့် ရင်ဆိုင်ကျော်လွှားနိုင်သည့်စိတ်မျိုးကို အားကစားစိတ်ဓာတ်မှရရှိစေနိုင်သည်။

**အားကစားသည် အမျိုးသားရေးတာဝန်**

နိုင်ငံတကာအခင်းအကျင်းနှင့် ကမ္ဘာ့ဇာတ်ခုံပေါ်၌ အားကစားသည် ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့်အညီ အရှိန်အဝါနှင့် အနေအထားအရပါ မြင့်မားလာခဲ့ပြီဖြစ်ရာ ကျန်းမာရေးသက်သက်၊ အားကစားသက်သက်အဆင့်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုးတက်လျက်ရှိသည်။ သို့ဖြစ်ရာ အမျိုးသားရေးတာဝန်တစ်ရပ်၏အဆင့်နှင့်အညီ အားကစားလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို အမျိုးသားအားကစားပွဲတော်အဖြစ် တစ်နိုင်ငံလုံးပါဝင်သည့်အားကစားပြိုင်ပွဲကြီးများကျင်းပပြီး အားကစားနည်းအလိုက် နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်နိုင်မည့် လက်ရွေးစင်အားကစားသမားများကို နိုင်ငံတော်ကစဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးအတွက် ခေတ်အဆက်ဆက်ကပင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားအားကစားပြိုင်ပွဲများကျင်းပ၍ နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်အားကစားသမားများကို ရွေးချယ်ကာ နိုင်ငံတကာပြိုင်ပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်စေခဲ့သည်။

**ရွှေရောင်လွှမ်းသောနေ့ရက်များ**

မြန်မာ့အားကစားသမိုင်းကိုကြည့်ပါက ၁၉၇ဝ ပြည့်နှစ်ဝန်းကျင်သည် မြန်မာ့အားကစား ရွှေရောင်လွှမ်းခဲ့သည့် ကာလများဖြစ်သည်ကိုတွေ့ရသည်။ ၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ်ဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့်

**❖ နိုင်ငံတကာအခင်းအကျင်းနှင့် ကမ္ဘာ့ဇာတ်ခုံပေါ်၌ အားကစားသည် ပြောင်းလဲလာသောအခြေအနေအရပ်ရပ်နှင့်အညီ အရှိန်အဝါနှင့်အနေအထားအရပါ မြင့်မားလာခဲ့ပြီဖြစ်ရာ ကျန်းမာရေးသက်သက်၊ အားကစားသက်သက်အဆင့်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုးတက်လျက်ရှိသည်။ သို့ဖြစ်ရာ အမျိုးသားရေးတာဝန်တစ်ရပ်၏ အဆင့်နှင့်အညီ အားကစားလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို အမျိုးသားအားကစားပွဲတော်အဖြစ် တစ်နိုင်ငံလုံးပါဝင်သည့် အားကစားပြိုင်ပွဲကြီးများကျင်းပပြီး အားကစားနည်းအလိုက် နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်နိုင်မည့် လက်ရွေးစင်အားကစားသမားများကို နိုင်ငံတော်က စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိသည်။ ❖**

အသန့်ရှင်းဆုံးအသင်းဆုကို ဆွတ်ခူးပိုင်ဆိုင်ခဲ့သည့် မှတ်တမ်းကောင်းများလည်းရှိခဲ့သည်။

အဆိုပါရွှေခေတ်ကာလ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစားသမားဟောင်းကြီးများ များစွာရှိခဲ့သည့်အနက် ဗိုလ်ကြီးတင်အောင်(ဂိုး)၊ ဦးအေးမောင်ကြီး၊ ဦးသန်းစိုး(ခ)ဆပ်သီး၊ ဦးနန္ဒကျော်စွာ၊ ဦးဘုန်းမြင့်၊ ဦးမြင့်အောင်၊ ဦးသန့်ဇင်၊ ဒေါ်ဂျနီဖာတင်လေး၊ ဒေါ်သန်းသန်း၊ ဒေါ်မာမာမင်း၊ ဒေါ်ခင်မူမူ၊ ဒေါ်နုနုရီ၊ ဗိုလ်မှူးမြင့်စိုး၊ ဒေါ်ကျင်လွှမ်တို့ကဲ့သို့ ပုဂ္ဂိုလ်များသည် ယနေ့ထိတိုင် သက်ရှိထင်ရှား ကျန်းမာစွာဖြင့် အားကစားလုပ်ငန်းများကို တတ်စွမ်းသရွေ့ ထမ်းဆောင်လျက်ရှိနေကြသည်မှာ ဂုဏ်ယူဖွယ်ကောင်းလှသည်။

ခေတ်အဆက်ဆက်က မိမိတို့၏တိုင်းရင်းသားညီအစ်ကို နိုင်ငံ့လက်ရွေးစင်အားကစားသမားများသည် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များစွာကို ဆွတ်ခူးပေးနိုင်ခဲ့ကြသည်။ မိမိတို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတကာအလယ်တွင် အလံတိုင်ထိပ်သို့ရောက်အောင် လွှင့်ထူစေနိုင်ခဲ့ပြီး တာဝန်ကျေပွန်ခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အလံကို တိုင်ထိပ်သို့ရောက်အောင် လွှင့်ထူနိုင်စွမ်းရှိသည့် အားကစားအောင်မြင်မှုများသည် နိုင်ငံ့ဂုဏ်သိက္ခာကို အလွန်မြင့်မားစေပြီး နိုင်ငံ၏အဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် အားကစားကဏ္ဍ မြှင့်တင်ရေးတွင် နိုင်ငံသားအားလုံးက တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

**ထိုက်တန်စွာ ချီးမြှင့်လျက်ရှိ**

အမိနိုင်ငံတော်ကြီးအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံ အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်း တစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် အစီအမံများ စနစ်တကျချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် အောင်မြင်မှုနှင့် ထိုက်တန်သည့် ဂုဏ်ပြုချီးမြှင့်မှုများကို ထိုက်ထိုက်တန်တန် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်သည့် အားကစားမောင်မယ်များကို ကြိုးစားမှုရလဒ်များအပေါ် မူတည်၍ နိုင်ငံတော်အနေဖြင့် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များထိုက်တန်စွာ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့ပြင် တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် လစဉ်ထောက်ပံ့ကြေးများနှင့် ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးလျက်ရှိသည်မှာ များစွာကြည်နူးဝမ်းမြောက်ဖွယ်ကောင်းလှသည်။

အားကစားသမားများအနေဖြင့် မိမိတို့တစ်ဦးချင်းအောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်မှုအတွက် ဆုများထိုက်တန်စွာချီးမြှင့်ခြင်းခံရသကဲ့သို့ ထိုသို့ထူးချွန်စွာဆုရရှိအောင် သင်ကြားလေ့ကျင့်ပေးသည့် နည်းပြနှင့် အုပ်ချုပ်သူများကိုလည်း ဂုဏ်ပြုချီးမြှင့်သည်။

**လေ့ကျင့်ကျွမ်းကျင် အောင်ပွဲဆင်**

မည်သည့်ပညာရပ်မဆို သင်ယူလေ့ကျင့်ခြင်းမှ အစပြုရခြင်းဖြစ်သည်။ လေ့ကျင့်သားပြည့်ဝနေမှလည်း မိမိ၏ဘာသာရပ်အပေါ် အပြည့်အဝယုံကြည်နေမည်ဖြစ်သည်။ "လေ့ကျင့်မှကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှရဲရင့်၊ ရဲရင့်မှအောင်ပွဲဆင်"ဆိုသည့်အတိုင်း လေ့ကျင့်သားပြည့်ဝပြီး ယုံကြည်မှုခိုင်မာစွာဖြင့် အောင်စိတ်တံခွန်ကို အမြင့်မားဆုံးလွှင့်ထူ၍ ပြိုင်ပွဲဝင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဆိုသည်မှာ အားကစားသမားများအတွက် အားကစားလူချွန်လူကောင်းများဖြစ်ကြောင်း မှတ်ကျောက်တင်သက်သေပြသနိုင်သည့်ပွဲလည်းဖြစ်သည်။

**အောင်မြင်မှုပန်းတိုင်ဆီသို့**

ဒေသတွင်းနှင့် နိုင်ငံတွင်း၌ အားကစားပွဲတော်ကြီးများကျင်းပခြင်းမှာ အားကစားနည်းအလိုက် မျိုးဆက်သစ်များပေါ်ထွက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများပင်လျှင် မိမိတို့နိုင်ငံ၏ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းအားကစားပြိုင်ပွဲမျိုးစုံနှင့် နိုင်ငံတကာဖိတ်ခေါ်အားကစားပြိုင်ပွဲများကို အသွင်သဏ္ဌာန်မျိုးစုံဖြင့် စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသည်။ ၎င်းတို့မှာ အားကစားနည်းအလိုက် အားကစားသမားများ၏ စွမ်းဆောင်ရည်နှင့် စံချိန်စံညွှန်းများတိုးတက်အောင် ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်သည်။

အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ပထမအကြိမ် ကျောင်းသားလူငယ်အားကစားပြိုင်ပွဲ The First Student (Youth) Game ကို နန်နင်းမြို့တွင်ကျင်းပခဲ့ရာ ၎င်းလူငယ်အားကစားပြိုင်ပွဲတွင် ကမ္ဘာ့လူငယ်စံချိန် ၁၁ ခု ချိုးနိုင်ခဲ့ပြီး ထိုစံချိန် ၁၁ ခုအနက်မှ ကမ္ဘာ့စံချိန်တစ်ခုချိုးနိုင်ခဲ့သည်ထိပင် အောင်မြင်မှုများ မြင့်မားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ပြိုင်ပွဲ၏အကျိုးဆက်အဖြစ် ၂၀၂၄ ခုနှစ် ပြင်သစ်နိုင်ငံတွင် ကျင်းပပြီးစီးခဲ့သည့် ပါရီအိုလံပစ်ပြိုင်ပွဲကြီးတွင် တရုတ်နိုင်ငံအနေဖြင့် ရွှေတံဆိပ်ဆု ၄၀ ရရှိခဲ့ပြီး ပထမနေရာတွင် ရပ်တည်နေသည့် အမေရိကန်နိုင်ငံနှင့် ရွှေတံဆိပ်ရရှိမှုအရေအတွက်တူညီသည်ထိ အောင်မြင်မှုရရှိခဲ့သည်။ အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပခြင်းအားဖြင့် အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်နေရုံမျှမက လူငယ်ပြိုင်ပွဲများမှ ကမ္ဘာ့စံချိန်များကိုပင်ချိုးနိုင်ခဲ့ပြီး နောက်ဆုံးအဆင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများထိပါ အထောက်အကူပြုလျက်ရှိခြင်းကို သိသာထင်ရှားစွာသာဓကပြနိုင်ခဲ့သည်။

မိမိတို့နိုင်ငံ၌လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံပါဝင်သည့် အမျိုးသားအားကစားပွဲတော်များကို ၁၉၈၂ ခုနှစ်၊ ၁၉၈၄ ခုနှစ်၊ ၁၉၈၇ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် စည်ကားသိုက်မြိုက် ခမ်းနားထည်ဝါစွာ ကျင်းပပေးနိုင်ခဲ့ပြီးဖြစ်သည်။

**ဦးစားပေးဖော်ဆောင်ရမည့် လူထုအားကစား**

မြန်မာ့အားကစား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များစွာရှိသည့်အနက် မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းစဉ်တစ်ခုမှာ "လူထုအားကစားလှုပ်ရှားမှု"များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားဆောင်ရွက်လာစေရေး လူထုအားကစားလှုပ်ရှားဆောင်ရွက်ခြင်း၏အကျိုးကျေးဇူးများကို အများပြည်သူသို့ (ကျောင်းသား၊ ကျောင်းသူများအပါအဝင်) ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာစေရန်အတွက် အားကစားအသိပညာပေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေးပင်ဖြစ်သည်။

ယခုအခါ လူထုအားကစားလှုပ်ရှားမှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့်တင်ကာ ပုံမှန်ပြုလုပ်နိုင်ရေး၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များနှင့် ရုံးဌာနများတွင် အားကစားပြုလုပ်သည့် အလေ့အထပျိုးထောင်ရေးတို့ကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ရည်ရွယ်၍ ရေရှည်တည်တံ့အောင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

## တရုတ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းဘာဗီတိုက်ခတ်ပြီး ရေကြီးရေလျှံမှုများ ပြင်းထန်စွာဖြစ်ပွားနေသဖြင့် လူဦးရေ ၂၆၀၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



**ပေကျင်း ဇူလိုင် ၁၅**

တရုတ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ဘာဗီတိုက်ခတ်ပြီး ရေကြီးရေလျှံမှုများ ပြင်းထန်စွာဖြစ်ပွားနေသဖြင့် လူဦးရေ ၂၆၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

ယနေ့ထိ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နေပြီး နိုင်ငံမြောက်ပိုင်းဒေသများတွင် စိုထိုင်းသောလေများ ဆက်တိုက် ဝင်ရောက်တိုက်ခတ်မှုက မိုးရွာသွန်းမှုကို ပိုမိုပြင်းထန်စေခဲ့ကြောင်း သိရသည်။

အဆိုပါ မုန်တိုင်းကြောင့် လျောင်နင်ပြည်နယ်၏ မြို့တော် ရှန်ယန်တွင် လျှပ်စစ်ဓာတ်အား လိုင်းများ ပျက်စီးထိခိုက်ခဲ့ပြီး အဓိကလမ်းမကြီးများတစ်လျှောက် ရေကြီးရေလျှံမှုများ ဆိုးရွားစွာ ဖြစ်ပွားခဲ့ကြောင်း၊ အာဏာပိုင်များက ရေဘေးသင့်ဒေသများမှ ကျောင်းများနှင့် လေ့ကျင့်ရေးဌာနများအားလုံးကို ယာယီပိတ်ထားရန် ညွှန်ကြားခဲ့သည်။

တရုတ် မိုးလေဝသပညာရှင်များ၏ အဆိုအရ တိုင်ဖွန်းမုန်တိုင်း ဘာဗီသည် လက်ရှိတွင် အပူပိုင်းမုန်တိုင်းအဖြစ် အားလျော့ကျလာသော်လည်း ရွေ့လျားနှုန်းနှေးကွေးလာသဖြင့် မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနက သတိပေးထားသည်။

Ref : Sputnik News

Trs : KZ

## အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်တွင် မိုးရာသီရောက်သော်လည်း မြစ်ချောင်းများရေခန်းခြောက်နေ

**နယူးဒေလီ ဇူလိုင် ၁၅**

အိန္ဒိယနိုင်ငံ ကာနာတာကာ ပြည်နယ်တွင် မိုးရာသီရောက်လာပြီဖြစ်သော်လည်း မိုးရေချိန် နည်းပါးစွာ ရွာသွန်းခဲ့သဖြင့် မြစ်ချောင်းများတွင် ရေခန်း ခြောက်နေကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယခုကဲ့သို့ ရေခန်းခြောက်မှု ဖြစ်ပေါ်နေသည့်အတွက် စစ်ဆေးမှုများပြုလုပ်ပေးရန် ကာနာတာကာပြည်နယ် ဝန်ကြီးချုပ်က အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီထံသို့ စာရေးကာ တောင်းဆိုမှုပြုလုပ်ထားကြောင်း ကာနာတာကာ ပြည်နယ်ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်။

ပုံမှန်မဟုတ်သည့် ရာသီဥတု ဖြစ်ပေါ်နေသည့် အတွက်ကြောင့် မြစ်ချောင်းများတွင် ရေခန်း ခြောက်နေသဖြင့် သောက်သုံးရေ ခက်ခဲသည့်အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အတွက် အခက်တွေ့နေကြောင်း၊ လက်ရှိကာလထိ မိုးရေချိန်မှာ ၂၀၃ မီလီမီတာထိ ရွာသွန်းခဲ့ပြီး မိုးရေချိန် လျော့နည်းခဲ့ခြင်း ဖြစ်ကြောင်း၊ ကာနာတာကာ ပြည်နယ်တွင် ခရိုင်ပေါင်း ၃၁ ခရိုင်ထိ မိုးရေချိန်နည်းပါးစွာ ရွာသွန်းကာ မြစ်ချောင်းတချို့၌ ရေခန်းခြောက်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ကာနာတာကာပြည်နယ်မှာ မိုးရေချိန် လျော့နည်းခဲ့ပါတယ်။ မိုးရာသီကာလ တစ်လကျော်လာပြီဖြစ်ပေမဲ့လဲ မိုးရေချိန်ဟာ ၂၀၃ မီလီမီတာသာ ရွာသွန်းခဲ့တယ်။ မြစ်ချောင်းတချို့မှာ ရေခန်း ခြောက်နေပြီဖြစ်လို့ အမြန်ဆုံး ကွင်းဆင်း စစ်ဆေးပေးဖို့အတွက် နိုင်ငံဝန်ကြီးချုပ် မိုဒီထံစာရေးပြီး အကူအညီ တောင်းခံထားပြီးဖြစ် ပါတယ်"ဟု ကာနာတာကာ ပြည်နယ် ဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြား ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

## ပြင်သစ်နိုင်ငံ ပဲရစ်မြို့အနီး ဖောင်တိန်းဘလူးသစ်တောကြီးဝိုင်းတွင် လောင်ကျွမ်းနေသောတောမီး ထိန်းချုပ်ရခက်သည့် အဆင့်သို့ရောက်ရှိနေ

**ပဲရစ် ဇူလိုင် ၁၅**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့အနီး ဖောင်တိန်းဘလူး သစ်တောကြီးဝိုင်းတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေကြောင်း ပဲရစ်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် သဘာဝ အလျောက် လောင်ကျွမ်းခဲ့ခြင်း မဟုတ်ဘဲ မီးပေါ့ဆမှုကြောင့် လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း၊ မီးပေါ့ဆသူများဟု သံသယရှိသူ နှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားပြီး လိုအပ်သော စစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် ဖောင်တိန်းဘလူးသစ်တောကြီးဝိုင်းသည် ပြင်သစ်နိုင်ငံ အတွက် အဖိုးတန်သစ်တောကြီးဝိုင်းဖြစ်သည့်အတွက် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် တောမီးကို ငြိမ်းသတ်ရာတွင် ဒေသခံပြည်သူများက ပါ ပါဝင်ကူညီပေးနေကြောင်း သိရသည်။



"ဖောင်တိန်းဘလူးသစ်တောကြီးဝိုင်းမှာတောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပါတယ်။ တောမီး ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိနေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားပေးနေပါတယ်။ တောမီးဟာ သဘာဝအလျောက် လောင်ကျွမ်းခဲ့တဲ့ တောမီးမျိုးမဟုတ်ဘဲ မီးပေါ့ဆမှုကြောင့် လောင်ကျွမ်းခဲ့တာ ဖြစ်ပါတယ်။ ရှေးဟောင်းအမွေအနှစ် သစ်တောကြီးဝိုင်းဖြစ်တဲ့ အတွက်ကြောင့် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် တောမီး ငြိမ်းသတ်ရေးမှာ အင်အားသုံး ထားပါတယ်" ဟု ပဲရစ်မီးသတ် တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

## ဗင်နီဇွဲလားနိုင်ငံတွင် လှုပ်ခတ်ခဲ့သော အမြွှာငလျင်ကြောင့် သေဆုံးသူ ၄၇၃၄ ဦးထိ မြင့်တက်လာကြောင်း အစိုးရက ထုတ်ပြန်

**ကာရာကက်စ် ဇူလိုင် ၁၅**

ဗင်နီဇွဲလားနိုင်ငံတွင် ဇွန် ၂၄ ရက်က လှုပ်ခတ်ခဲ့သော အင်အား ၇ ဒသမ ၂ နှင့် ၇ ဒသမ ၅ အဆင့်ရှိ အမြွှာငလျင်ကြောင့် သေဆုံးသူ ဦးရေမှာ ၄၇၃၄ ဦးထိ မြင့်တက် လာကြောင်း အစိုးရက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ငလျင်ကြောင့် လူဦးရေ ၁၆၇၄၀ ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ပျက်စီးဆုံးရှုံးမှုများကြောင့် အိုးမဲ့ အိမ်မဲ့ဖြစ်နေသူ ၁၇၆၀၇ ဦးရှိနေ ကြောင်း၊ ငလျင်ဒဏ်ကို အဆိုး ရွားဆုံးခံခဲ့ရသည့် ကာရာကက်စ် မြို့တော်နှင့် လာဂိုင်ရာဒေသတို့ တွင် အဆောက်အအုံများစွာ ပြိုကျ ခဲ့ပြီး လမ်းတံတားများ၊ လျှပ်စစ်နှင့် ရေပေးဝေရေးအခြေခံ အဆောက် အအုံများလည်း ထိခိုက်ပျက်စီး ခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးအဖွဲ့များသည် ပျက်စီးနေသော အဆောက်အအုံ အပျက်အစီးများ အောက်တွင် ပိတ်မိနေသူများကို ဆက်လက် ရှာဖွေလျက်ရှိသော်လည်း အသက် ရှင်ကျန်ရစ်သူ တွေ့ရှိနိုင်ခြေမှာ တဖြည်းဖြည်း လျော့နည်းလာ ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိတွင် ယာယီခိုလှုံရေး စခန်းများ၌ လူထောင်ပေါင်းများ စွာ နေထိုင်လျက်ရှိပြီး သန့်ရှင်း သောသောက်သုံးရေ၊ အစားအစာ၊ ဆေးဝါးနှင့်ကျန်းမာရေးဝန်ဆောင် မှုများ လိုအပ်လျက်ရှိကြောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းများက အရေးပေါ် အကူအညီများ ပေးအပ်လျက်ရှိ ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပွား

**အော့တဝါ ဇူလိုင် ၁၅**

ကနေဒါနိုင်ငံ အွန်တေးရီးယိုး ပြည်နယ် တိုရွန်တိုမြို့တွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များ မြို့အနှံ့ ဖုံးလွှမ်းနေပြီး မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေ ကြောင်း ကနေဒါသဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေး အေဂျင်စီက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင်ဖော်ပြထားသည်။


ထို့ပြင် အပူချိန်မြင့်တက်မှု ကြောင့်လည်း လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေပြီး ဇူလိုင် ၁၄ ရက်တွင် အပူချိန်ပမာဏမှာ ၃၆ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ထိ စံချိန်တင် မြင့်တက်ခဲ့ကြောင်း၊ သို့သော် လည်း ယနေ့အစောပိုင်းတွင် အပူချိန်အနည်းငယ် ကျဆင်းခဲ့ပြီး အပူချိန်ပမာဏမှာ ၃၆ ဒီဂရီ စင်တီ ဂရိတ်သို့ကျဆင်းခဲ့ကြောင်း၊ မီးခိုး ငွေ့များနှင့် အပူချိန်မြင့်တက်မှု ကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ် နေခြင်းဖြစ်ကြောင်း သိရသည်။

"တိုရွန်တိုမြို့မှာ တောမီး လောင်ကျွမ်းမှုကနေ ထွက်ပေါ် လာတဲ့ မီးခိုးငွေ့တွေမြို့အနှံ့ ဖုံး လွှမ်းနေပါတယ်။ မီးခိုးငွေ့တွေ ကြောင့် လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်နေတယ်။ ကျန်းမာရေး လုံခြုံမှုကို ထိခိုက်စေနိုင်တဲ့အဆင့် လည်းဖြစ်ပါတယ်။ မီးခိုးငွေ့တွေ အပြင် အပူချိန်မြင့်တက်ခဲ့တာ ကြောင့်လဲ လေထုညစ်ညမ်းမှုက မြင့်တက်လာခဲ့တာ ဖြစ်ပါတယ်။ လေထုညစ်ညမ်းမှုဟာ ဇူလိုင် ၁၆ ရက်ညက စတင်ခဲ့ပြီးတော့ ဇူလိုင် ၂၂ ရက်ထိ ကြာမြင့်သွားနိုင်ပါ တယ်"ဟု ကနေဒါသဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြား ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ




**ယမန်နေ့မှအဆက်**

"သူ့မှာက ယောက်ျားရော၊ မောင်ရော၊ သားရော ရှိနေတော့လဲ စိုးရိမ်ရှာတာပေါ့လေ။ ဒါတောင် အဖေကြီးက ခုနစ်ဆယ်နားကပ်နေတဲ့ အဘိုးကြီးမို့လို့ စိုးရိမ်ရမဲ့သူတစ်ယောက် လျော့သွားတာ"

သို့သော်လည်း ထိုအသက်ခုနစ်ဆယ်နီးပါး အဘိုးကြီးကို သူ၏မြေးနှစ်ယောက်က "မော်ဒန်ဘိုးဘိုး"ဟု ခေါ်ကြလေသည်။ အဘိုးကြီးက မြေးများနှင့်အပြိုင် ယခုခေတ်စားနေသော ဒေါ်ကုလားမ၏အခေါ် ဖေ့စ်ဘုတ်ဆိုသည်ကိုသုံးပြီး တယ်လီဖုန်းပွတ်နေတတ်သောကြောင့်ဖြစ်သည်။

သူ့တွင် လက်ကိုင်ဖုန်းတစ်လုံးရှိသော်လည်း ဒေါ်ကုလားမက အင်တာနက်တို့၊ ဖေ့စ်ဘုတ်တို့ကို မသုံးတတ်ရှာပေ"တယ်လီဖုန်းဆိုတော့ တယ်လီဖုန်းပြောလို့ရရင်တော်ပြီပေါ့" ဟူ၍ စွဲစွဲမြဲမြဲခံယူထားသူဖြစ်သည်။ အခုတော့ သူ့ခမျာ အိမ်ပြန်ရောက်လျှင် စကားပြောဖော်ပင်မရှိချေ။ ယောက်ျားရော၊ သမီးကပါဖုန်းတစ်လုံးစီနှင့် သဲသဲမဲမဲပွတ်နေတတ်ကြသောကြောင့် ဖြစ်သည်။

ဘောကတော်ကလည်း တပွတ်တည်း ပွတ်နေသော သူ့ဖခင်ကိုကြည့်ရင်း စိတ်ညစ်ဟန်ရှိသည်။ "အဖေကလဲလေ အားရင်ပုတီးလေးစိပ်၊ တရားလေးထိုင်ပါလား"ဟု မရဲတရဲပြောသောအခါ "ဟ... နင်ဘာသိလို့လဲ ကမ္ဘာ့အရေး၊ မြန်မာ့အရေး ဒါလေးထဲကနေပြီး အပ်ဒိတ်အကုန်သိနေရတာ ကမ္ဘာပြားနေပြီဆိုတာ နင်သိရဲ့လား"ဟု အဘိုးကြီးက ထအော်လေသည်။

အဘိုးကြီးက သမီးနှင့်အတူနေသည်ဟု ဆိုသော်လည်း မှီခိုနေသူမဟုတ်ပေ။ အဆင့်မြင့်တိုက်ခန်းအတော်များများကို ပိုင်ဆိုင်ထားပြီး ငွေးခငွေများကို သုံးမကုန်နိုင်အောင်ရနေသူဖြစ်သည်။ ထိုသို့ချမ်းသာသူဖြစ်သဖြင့်လည်း သားသမီးများအပေါ် သာမက သမက်အပေါ်မှာပါ ဩဇာညောင်းခြင်းဖြစ်မည်ဟု ဒေါ်ကုလားမထင်သည်။ ယခု သူတို့နေသော တိုက်ခန်းကြီးကိုလည်း အဘိုးကြီးဝယ်ပေးထားခြင်းဖြစ်သည်။ သမီးတစ်ခန်း၊ သားတစ်ခန်း ကပ်လျက်ဝယ်ကာ ကြားထဲမှနံရံကိုဖြိုချပြီး စုစုစည်းစည်းနေထိုင်ခြင်းဖြစ်သည်ဟုဘောကတော်က စိတ်လိုလက်ရပြောပြဖူးသည်။ တိုက်ခန်းကျယ်နှစ်ခန်းစာဖြစ်သဖြင့် အိပ်ခန်းခြောက်ခန်းပါဝင်ကာ တစ်ယောက်တစ်ခန်းစီ ကျယ်ကျယ်ဝန်းဝန်းနေနိုင်ခြင်းဖြစ်သည်။ တံမြက်စည်းလှည်း၊ ကြမ်းတိုက်ပြီး အိမ်သန့်ရှင်းရေးလုပ်ရသော ပိန်ခြောက်ခြောက်တို့ခမျာမှာတော့ မသက်သာကြပေ။

အဘိုးကြီး၏သား ဘောယောက်ဖကတော့ ဘဝကို အလိုမကျဖြစ်နေသူဖြစ်သည်။ သူကြိုက်သော မိန်းမကို သူ့ဖခင်ကမကြိုက်၍ အသက်လေးဆယ်နားနီးသည်ထိ အိမ်ထောင်မပြုဖြစ်သေးပေ။ သူ့ဖခင်ကြိုက်သော မိန်းမကျပြန်တော့လည်း သူကလုံးဝမကြိုက်ပြန်ပေ။ ထို့ကြောင့် သားအဖနှစ်ယောက်ခပ်တန်းတန်းဖြစ်နေကြသည်။

ထိုအကြောင်းအချက်များသည်ကား စပ်စပ်စုစုသိပ်မလုပ်ရပါဘဲနှင့် သူတို့အချင်းချင်းပြောနေဆိုနေကြသည်များကိုဆက်စပ်ကာ ဒေါ်ကုလားမသိထားခြင်းဖြစ်လေသည်။

ဒေါ်ကုလားမ မသိသည်ကတော့ ဘောကတော်သည် သူ၏ယောကျ်ား၊ သူ၏မောင်နှင့် သူ၏သားတို့ကို စိုးရိမ်သောကြောင့် အိမ်ဖော်ကောင်မလေးများကို မျက်စိဒေါက်ထောက်ပြီး ကြည့်နေခြင်းမဟုတ်ဟူသည့်အချက်ဖြစ်သည်။

ဘောကတော် တကယ်စိတ်မချသည်က အသက်ခြောက်ဆယ့်ရှစ်နှစ်ရှိနေပြီဖြစ်သော သူ၏ဖခင်ကြီးဖြစ်သည်။ နိုင်ငံခြားနှင့် ဆက်သွယ်ကာသွင်းတန်သောကုန်ကိုသွင်း၊ ပို့တန်သောကုန်ကိုပို့၊ ပေးတန်သောသူကိုပေးပြီး စီးပွားရေးလောကတွင် ခြေသွက်ခဲ့သူဖြစ်သည်။ သို့ပါသော်လည်း ခြေလှမ်းတစ်ချက်မှားပြီး အဖမ်းအဆီးခံရမလိုဖြစ်ခဲ့ရသည့်အတွက် အဖေက သူခြေလှမ်းများကို လျှော့လိုက်သည်။ သူ၏ငွေပင်ငွေရင်းများကို စိတ်ချရသူတို့ထံတွင် အတော်အတန်မြှုပ်နှံပြီး အချို့ကိုလည်း အဆင့်မြင့်တိုက်ခန်းများကို ကြိုပွိုင့်နှင့်ဝယ်ယူခဲ့သည်။ "စီးပွားရေးလုပ်လို့ မကောင်းတော့ဘူးကွယ်" ဟုပြောပြီး အိမ်တွင်ပင် တီဗွီလေးကြည့်လိုက်၊ အခွေလေးကြည့်လိုက်၊ တစ်ခါတစ်ရံလည်း အပေါင်းအသင်းများနှင့် ဆုံလိုက်နှင့်အေးချမ်းစွာပင်နေခဲ့သည်။

အဖေက ခြောက်ဆယ့်ရှစ်နှစ်ပြည့်တော့မည်ဖြစ်သော်လည်း ကျန်းမာသည်။ မည်သည့်ရောဂါမျှလည်း ထွေထွေထူးထူးမရှိပေ။ နံနက်တိုင်းလည်း လမ်းမှန်မှန်လျှောက်ဆဲဖြစ်သည်။

"ခုခေတ်က သွားမပါရင်နေပါစေ ကားပါဖို့သာအရေးကြီးတာတဲ့။ ငါတို့အဖေက သွားတောင်မကျိုးသေးဘူး။ သွားရော၊ ကားရော၊ တိုက်ခန်းရော၊ အေတီအမ်ကတ်ရော ပိုင်တယ်နော်။ အသက်ကြီးပြီဆိုပြီးတော့ စိတ်ချမနေနဲ့"

မောင်ဖြစ်သူက တီးတိုးကပ်၍ ပြောသည်။

"သူ တစ်ခါတစ်လေ နေ့ခင်းထွက်သွားတတ်တာ အစည်းအဝေးဆိုပေမဲ့ အစည်းအဝေးမှမဟုတ်တာ။ ငါသိသားပဲ အနည်းအပါးတော့ရှိမှာပေါ့ဟာ၊ ယောက်ျားပဲဟာ။ နောက်ပြီး အဖေ့အကြောင်းလဲ နင်သိသားပဲ"

"သိလို့ပေါ့ဟ"

သူတို့၏ဖခင်တွင် ဇကလေးရှိကြောင်း သူတို့

**❖ သူတို့၏ဖခင်တွင်ဇကလေးရှိကြောင်း သူတို့ငယ်စဉ်ကတည်းက သိခဲ့ကြရသည်။ မကြာခဏကျိတ်၍ငိုရရှာသောအမေ့၏ဒုက္ခကိုလည်း မျှဝေခံစားခဲ့ကြရဖူးသည်။ သို့သော်အမေက အလွန်လိမ္မာသည်ဟုဆိုရမည်ဖြစ်သည်။ သူခံစားနေရသော အိမ်ထောင်ရေးပြဿနာများကို မောင်နှမအရင်းများကိုပင် အသိမပေးခဲ့ပေ။ အဖေ့သိက္ခာကို လုံးဝမထိပါးစေဘဲ ကျိတ်ပြီးဖြေရှင်းလေ့ရှိသည်။ ထို့ကြောင့် အများ၏အမြင်တွင် သူတို့၏ဖခင်ကြီးသည် အလွန်သစ္စာမြဲမြံသော တည်တည်ကြည်ကြည် အိမ်ထောင်ဦးစီး တစ်ယောက်ဖြစ်နေခဲ့လေသည်။ ❖**

ငယ်စဉ်ကတည်းက သိခဲ့ကြရသည်။ မကြာခဏကျိတ်၍ငိုရရှာသော အမေ့၏ဒုက္ခကိုလည်း မျှဝေခံစားခဲ့ကြရဖူးသည်။ သို့သော် အမေက အလွန်လိမ္မာသည်ဟုဆိုရမည်ဖြစ်သည်။ သူခံစားနေရသော အိမ်ထောင်ရေးပြဿနာများကို မောင်နှမအရင်းများကိုပင် အသိမပေးခဲ့ပေ။ အဖေ့သိက္ခာကိုလုံးဝမထိပါးစေဘဲကျိတ်ပြီးဖြေရှင်းလေ့ရှိသည်။ထို့ကြောင့် အများ၏အမြင်တွင် သူတို့၏ဖခင်ကြီးသည် အလွန်သစ္စာမြဲမြံသော တည်တည်ကြည်ကြည် အိမ်ထောင်ဦးစီး တစ်ယောက်ဖြစ်နေခဲ့လေသည်။ အမေတော်သဖြင့် သူတို့တွင် အမွေပြိုင်လုမည့် အဖေတူအမေကွဲ မောင်နှမများရှိမလာခဲ့ခြင်းဖြစ်သည်ကို သူတို့မောင်နှမကောင်းစွာသဘောပေါက်လေသည်။

ဘောကတော်ကလည်း သူ့အမေလိုပင် အလိမ္မာဖက်သူဖြစ်သည်။ အဖေ၏ဇကလေးကို သူ၏ယောကျ်ားမသိရအောင် ကြိုပြီးကာထားနိုင်သူဖြစ်သည်။ အဖေဟန်ဆောင်ကောင်းခြင်းလည်းဖြစ်နိုင်သည်။ သူတကာအဘိုးကြီးများလို ကာရာအိုကေဆိုင်သွားပြီး ပန်းကုံးမစွပ်တတ်သဖြင့်လည်း တစ်ဖက်မှကျေးဇူးတင်ရသည်။ အမေမဆုံးမီက အဖေ့သိက္ခာကို အမေကလိုက်ထိန်းပေးနေရသော်လည်း အမေဆုံးသွားသောအချိန်တွင်တော့ အဖေငြိမ်လာသည်။ ဒီအသက် ဒီအရွယ်ထိ နာမည်ပျက်မရှိခဲ့ရခြင်းမှာ အမေ့ကျေးဇူးကြောင့်ဟူသည်ကိုလည်း သဘောပေါက်လာဟန်ရှိသည်။

သို့သော် သူက အဖေ့ကို မယုံရဲသေးသည်ကတော့အမှန်ပင်။ ရှယ်ယာဝင်ထားသော ကုမ္ပဏီများမှ အစည်းအဝေးခေါ်လျှင်၊ အကြောင်းကြီးငယ်ရှိ၍ အပြင်ထွက်ရလျှင်ပင် ကားကျပ်လွန်းသောလမ်းများကြောင့် အဖေကစိတ်ညစ်သည်။ မြို့ထဲသွားရမည်ကိုလည်း ဝန်လေးပြီးအိမ်မြဲလာသည်။ အဖေအိမ်မြဲနေပြန်တော့ အိမ်ဖော်လှလှမထားရဲသော ဘောကတော်၏ဒုက္ခက ကြီးလာလေသည်။

"အသက်လဲကြီးလှပါပြီဟာ၊ ငါတို့အဖေလဲ ငြိမ်လောက်ပြီထင်ပါရဲ့"

ထိုသို့ပြောမိလျှင် သူ၏မောင်က ဟဲဟဲဟက်ဟက် ရယ်သည်။ "ယောက်ျားဆိုတာရေသဖန်းပင်လိုပဲ အိုလေသီးလေတဲ့ခင်ဗျ။ ခြောက်ဆယ့်ရှစ်ဆိုတာ ခုခေတ်မှာ ဘာများကြီးသေးလို့လဲ"

"မသီးတော့ပါဘူးထင်ပါရဲ့ဟာ။ တစ်ခါတလေတော့ အပြင်မှာ တစ်ခါတလေမှာပေါ့၊ ယောက်ျားပဲဟာ။ ဟိုးအရင်တုန်းကလို စွဲစွဲမြဲမြဲဖြစ်မလာရင်ပြီးရောပေါ့"

ဘောကတော်က အဖေ့ကို မယုံမရဲဖြစ်နေရခြင်းအတွက် ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မိသည်။ အဖေ့အတွက်လည်း စိတ်မကောင်းလှပေ။ အဖေ့ကို ကျိတ်ပြီး အထင်အမြင်သေးနေသလို၊ စော်ကားနေသလိုများ ဖြစ်နေမလားဟု တွေးမိတတ်သည်။ အမေဆုံးစဉ်က အဖေ့အသက်ခြောက်ဆယ်ကျော်ခါစလေးပင် ရှိသေးသည်။ နောက်အိမ်ထောင်ထူမည်ဆိုလျှင် ထူနိုင်သေးသော်လည်း အဖေက မစဉ်းစားခဲ့ပေ။ ထိုတစ်ချက်တည်းနှင့်ပင် ကျေးဇူးတင်စရာ ကောင်းလှပြီဖြစ်သည်။ **ဆက်လက်ဖော်ပြပါမည်။**

# ခေတ်သစ်လယ်ယာစိုက်ပျိုးရေးကို ပြောင်းလဲစေသော ဉာဏ်ရည်တု (AI) နည်းပညာ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)



လယ်ယာစိုက်ပျိုးရေးသည် ကမ္ဘာ့စီးပွားရေး၏ အရေးကြီးဆုံးကဏ္ဍများထဲမှတစ်ခုဖြစ်ခဲ့ပြီး လူသန်းပေါင်းများစွာအတွက် အစားအစာ၊ ကုန်ကြမ်းများနှင့် အလုပ်အကိုင်များကို ပံ့ပိုးပေးသည်။ သို့သော် ခေတ်သစ်လယ်ယာစိုက်ပျိုးရေးသည် ရာသီဥတုပြောင်းလဲမှု၊ ရေရှားပါးမှု၊ မြေဆီလွှာမြေသြဇာကျဆင်းမှု၊ အလုပ်သမားရှားပါးမှု၊ ထုတ်လုပ်မှုကုန်ကျစရိတ်များမြင့်တက်လာမှုနှင့် လူဦးရေတိုးပွားလာမှုကြောင့် အစားအစာလိုအပ်ချက် မြင့်တက်လာခြင်းအပါအဝင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည်။ ကုလသမဂ္ဂ၏ အဆိုအရ ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ခုနှစ်တွင် ၁၀ ဘီလီယံခန့်ထိ ရောက်ရှိရန် မျှော်လင့်ရသည်။ ထို့ကြောင့် သဘာဝအရင်းအမြစ်များကို နည်းပါးစွာအသုံးပြုပြီး အစားအစာ ပိုမိုထုတ်လုပ်ရန် စိုက်ပျိုးရေးစနစ်များအပေါ် သိသာထင်ရှားသော ဖိအားများရောက်ရှိလာခဲ့ပြီဖြစ်သည်။

ဉာဏ်ရည်တု (AI) သည် စိန်ခေါ်မှုများစွာကို ဖြေရှင်းပေးသည့် အသွင်ပြောင်းနည်းပညာတစ်ခုအဖြစ်ပေါ်ထွက်လာခဲ့သည်။ AI သည် ဒေတာမှ သင်ယူခြင်း၊ ပုံစံများကိုမှတ်မိခြင်း၊ ခန့်မှန်းချက်ပြုလုပ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ပံ့ပိုးခြင်းကဲ့သို့သော လူ့ဉာဏ်ရည်လိုအပ်သော လုပ်ငန်းများကို လုပ်ဆောင်နိုင်သည်။ စိုက်ပျိုးရေးတွင် AI သည် စက်သင်ယူမှု၊ ကွန်ပျူတာအမြင်၊ ရိုဘော့တစ်၊ အာရုံခံကိရိယာများ၊ ဒရုန်းများ၊ ဂြိုလ်တုပုံရိပ်များနှင့် အရာဝတ္ထုများ၏ အင်တာနက်တို့ကို ပေါင်းစပ်ပြီး ပိုမိုစမတ်ကျသော လယ်ယာစိုက်ပျိုးရေးစနစ်များကို ဖန်တီးနိုင်သည်။ ဤနည်းပညာများသည် လယ်သမားများ သီးနှံများကို စောင့်ကြည့်ရန်၊ အရင်းအမြစ်အသုံးပြုမှုကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ရန်၊ ရောဂါများကို စောစီးစွာ ရှာဖွေတွေ့ရှိရန်၊ အလုပ်သမားများစွာ အသုံးပြုရသော လုပ်ငန်းများကို အလိုအလျောက်လုပ်ဆောင်ရန်နှင့် လယ်ယာထုတ်လုပ်မှုအလုံးစုံကို တိုးတက်စေရန် ကူညီပေးသည်။ AI ဆက်လက်တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ၎င်းသည် စိုက်ပျိုးရေး၏ မရှိမဖြစ်အရေးပါလာသော အစိတ်အပိုင်းတစ်ခုဖြစ်လာမည်ဖြစ်သည်။

စင်စစ်ဉာဏ်ရည်တု (AI) သည် လယ်သမားများကို အသိဉာဏ်ရှိရှိ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်၊ ထုတ်လုပ်မှုတိုးမြှင့်နိုင်ရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို လျှော့ချနိုင်ရန်ကူညီပေးသော အစွမ်းထက်သည့်ဖြေရှင်းချက်တစ်ခုအဖြစ် ပေါ်ထွက်လာသည်။ စက်သင်ယူမှု၊ ကွန်ပျူတာအမြင်၊ အာရုံခံကိရိယာများ၊ ဒရုန်းများနှင့်ဂြိုလ်တုပုံရိပ်များကို ပေါင်းစပ်ခြင်းအားဖြင့် AI သည် ရိုးရာလယ်ယာစိုက်ပျိုးရေးကို ပိုမိုထိရောက်ပြီး အချက်အလက်အခြေပြု စက်မှုလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲပေးနေပြီဖြစ်သည်။

**ခေတ်သစ်လယ်ယာစိုက်ပျိုးရေးတွင် AI အသုံးချမှုများ**

**တိကျသောလယ်ယာစိုက်ပျိုးရေး**

AI ၏ အရေးအကြီးဆုံးအသုံးချမှုများထဲမှတစ်ခုမှာ တိကျသောလယ်ယာစိုက်ပျိုးရေးဖြစ်သည်။ ရိုးရာလယ်ယာစိုက်ပျိုးရေးကို ရေ၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများတွင် လယ်ကွင်းတစ်ခုလုံးတွင် တစ်ပြေးညီအသုံးပြုလေ့ရှိသည်။ သို့သော် လယ်ကွင်း၏အစိတ်အပိုင်းတိုင်းတွင် မြေဆီလွှာအခြေအနေ၊ အစိုဓာတ်အဆင့်နှင့် သီးနှံကျန်းမာရေး မတူညီပါ။ ယခုအခါ AI သည် ဤကွဲပြားမှုများကို ဖော်ထုတ်ရန် ဂြိုဟ်တုများ၊ ဒရုန်းများ၊ GPS ကိရိယာများနှင့် မြေဆီလွှာအာရုံခံကိရိယာများမှစုဆောင်းရရှိသော အချက်အလက်များဖြင့် ခွဲခြမ်းစိတ်ဖြာပေးသည်။

AI စွမ်းအားပေးသော ဆော့ဖ်ဝဲကို အသုံးပြုခြင်းဖြင့် လယ်သမားများသည် ရေသွင်းခြင်း၊ ဓာတ်မြေသြဇာ သို့မဟုတ်ပိုးမွှားကုသမှုလိုအပ်သည့်နေရာများကို ပြသသည့်အသေးစိတ်မြေပုံများကို ရရှိကြသည်။ လယ်ကွင်းတစ်ခုလုံးကို တူညီစွာလုပ်ဆောင်မည့်အစား အရင်းအမြစ်များကို လိုအပ်သည့်နေရာတွင်သာအသုံးပြုသည်။ ဤပစ်မှတ်ထားသော ချဉ်းကပ်မှုသည် ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျှော့ချပေးပြီး သီးနှံအထွက်နှုန်းကို မြင့်တင်ပေးသည်။ ဓာတုပစ္စည်းများအလွန်အကျွံသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အနည်းဆုံးဖြစ်စေသည်။

**စမတ်ကျသော ရေသွင်းစနစ်များ**

ရေရှားပါးမှုသည် ကမ္ဘာတစ်ဝန်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ရင်ဆိုင်နေရသော အကြီးမားဆုံးစိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်လာခဲ့သည်။ AI စွမ်းအင်သုံး ရေသွင်းစနစ်များသည် မြေဆီလွှာစိုထိုင်းဆ၊ ရာသီဥတုခန့်မှန်းချက်များ၊ အပူချိန်၊ စိုထိုင်းဆနှင့် သီးနှံကြီးထွားမှုအဆင့်များကို စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်းဖြင့် လယ်သမားများ ရေကိုပိုမိုထိရောက်စွာအသုံးပြုနိုင်စေရန် ကူညီပေးသည်။ စက်သင်ယူမှုအယ်လဂိုရီသမ်များသည် လယ်ကွင်းတစ်ခုစီအတွက် လိုအပ်သော ရေပမာဏကို ဆုံးဖြတ်ပေးသည်။

စမတ်ကျသော ရေသွင်းစနစ်သည်အဖိုးတန်ရေအရင်းအမြစ်များကို ထိန်းသိမ်းပေးသည့်အပြင် ကောင်းမွန်သောသီးနှံများကို ရရှိစေသည်။ ဤစနစ်များသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် ထိရောက်သော ရေစီမံခန့်ခွဲမှုဖြစ်ပြီး အရေးကြီးသော မိုးခေါင်ရေရှားမှုဖြစ်ပွားလေ့ရှိသည့် ဒေသများတွင် အလွန်အကျိုးရှိသည်။

**သီးနှံရောဂါနှင့် ပိုးမွှားများ ရှာဖွေတွေ့ရှိခြင်း**

သီးနှံရောဂါများနှင့် ပိုးမွှားကျရောက်မှုများကို စောစီးစွာ မဖော်ထုတ်နိုင်ပါက စိုက်ပျိုးရေးထုတ်လုပ်မှုကို သိသိသာသာ လျော့ကျစေနိုင်သည်။ AI သည် ကွန်ပျူတာအမြင်နှင့် နက်ရှိုင်းသော သင်ယူမှုအယ်လဂိုရီသမ်များကို အသုံးပြု၍ ဒရုန်းများ၊ စမတ်ဖုန်းများ သို့မဟုတ် လယ်ကွင်းကင်မရာများမှ ရိုက်ကူးထားသော ရုပ်ပုံများကို ခွဲခြမ်းစိတ်ဖြာသည်။ ဤစနစ်များသည် ရောဂါများ၊ အာဟာရချို့တဲ့မှုများ သို့မဟုတ် အင်းဆက်ပိုးမွှားများ ပျက်စီးမှုလက္ခဏာများကို လူ့မျက်စိဖြင့် မမြင်နိုင်မီ ရှာဖွေတွေ့ရှိနိုင်သည်။

ရောဂါရှာဖွေတွေ့ရှိမှုကို စောစီးစွာ သိရှိခြင်းဖြင့် လယ်သမားများကို ချက်ချင်းဆောင်ရွက်နိုင်စေပြီး ရောဂါများ လယ်ကွင်းတစ်ခုလုံးသို့ ပျံ့နှံ့ခြင်းမှ ကာကွယ်ပေးနိုင်သည်။ ၎င်းသည် သီးနှံအထွက်နှုန်းကို ကာကွယ်ပေးရုံသာမက မလိုအပ်သော ပိုးသတ်ဆေးအသုံးပြုမှုများကို လျှော့ချပေးပြီး ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျှော့ချပေးကာ ပတ်ဝန်းကျင်ပျက်စီးမှုကို အနည်းဆုံးဖြစ်အောင် ပြုလုပ်ပေးသည်။

**အလိုအလျောက် လယ်ယာလုပ်ငန်းသုံးစက်ယန္တရားများ**

လုပ်သားရှားပါးမှုသည် အထူးသဖြင့် စိုက်ပျိုးရာသီနှင့် ရိတ်သိမ်းရာသီများအတွင်း စိုက်ပျိုးရေးလုပ်ငန်းအတွက် တိုးပွားလာနေသော စိုးရိမ်မှုတစ်ခုဖြစ်လာခဲ့သည်။ AI မောင်းနှင်သည့်အလိုအလျောက်စက်ယန္တရားများသည် လူသားကြီးကြပ်မှု အနည်းဆုံးဖြင့် ထပ်ခါတလဲလဲ လယ်ယာလုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် ဤပြဿနာကို ဖြေရှင်းရန် ကူညီပေးသည်။ အလိုအလျောက် မောင်းနှင်သော ထွန်စက်များသည် GPS လမ်းညွှန်၊ အာရုံခံကိရိယာများနှင့် AI အယ်လဂိုရီသမ်များကို အသုံးပြု၍ မျိုးစေ့များစိုက်ပျိုးခြင်း၊ ဓာတ်မြေသြဇာများ အသုံးပြုခြင်းနှင့် လယ်ကွင်းများကို မှတ်သားဖွယ်တိကျမှုဖြင့် စိုက်ပျိုးကြသည်။ စက်ရုပ်ရိတ်သိမ်းသူများသည် ကွန်ပျူတာအမြင်ကို အသုံးပြု၍ ရင့်မှည့်နေသော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို ခွဲခြားသိရှိနိုင်သည်။ သီးနှံပျက်စီးမှုကို လျှော့ချပေးခြင်းဖြင့် ရိတ်သိမ်းမှုကို မြှင့်တင်ပေးနိုင်သည်။

> ❖ AI ၏ အရေးအကြီးဆုံး အသုံးချမှုများထဲမှတစ်ခုမှာ တိကျသော လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ ရိုးရာလယ်ယာစိုက်ပျိုးရေးကို ရေ၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများတွင် လယ်ကွင်းတစ်ခုလုံးတွင် တစ်ပြေးညီအသုံးပြုလေ့ရှိသည်။ သို့သော် လယ်ကွင်း၏ အစိတ်အပိုင်းတိုင်းတွင် မြေဆီလွှာအခြေအနေ၊ အစိုဓာတ်အဆင့်နှင့် သီးနှံကျန်းမာရေး မတူညီပါ။ ယခုအခါ AI သည် ဤကွဲပြားမှုများကို ဖော်ထုတ်ရန် ဂြိုဟ်တုများ၊ ဒရုန်းများ၊ GPS ကိရိယာများနှင့် မြေဆီလွှာအာရုံခံကိရိယာများမှ စုဆောင်းရရှိသော အချက်အလက်များဖြင့် ခွဲခြမ်းစိတ်ဖြာပေးသည်။ ❖

အလိုအလျောက် ပေါင်းပင်ရိတ်သိမ်းသည့် စက်ရုပ်များသည် ပေါင်းသတ်ဆေးများကို အလွန်အမင်း မှီခိုခြင်းမရှိဘဲ ပေါင်းပင်များကို ဖယ်ရှားပေးပြီး ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းစဉ်များကို ပံ့ပိုးပေးသည်။

**မွေးမြူရေးစီမံခန့်ခွဲမှု**

AI သည်သီးနှံထုတ်လုပ်မှုအတွက်သာ ကန့်သတ်ထားခြင်းမဟုတ်ဘဲ မွေးမြူရေးခြံများကိုလည်း ပြောင်းလဲစေသည်။ တိရစ္ဆာန်များတွင် တပ်ဆင်ထားသော စမတ်အာရုံခံကိရိယာများသည် ခန္ဓာကိုယ်အပူချိန်၊ လှုပ်ရှားမှု၊ အစာစားခြင်းအပြုအမူနှင့် ယေဘုယျကျန်းမာရေးကို စောင့်ကြည့်ပေးသည်။ AI စနစ်များသည် ရောဂါ၊ စိတ်ဖိစီးမှု သို့မဟုတ် ကိုယ်ဝန်ဆောင်ခြင်း၏ အစောပိုင်းလက္ခဏာများကို ထောက်လှမ်းရန် ဤအချက်အလက်ကို ခွဲခြမ်းစိတ်ဖြာသည်။

တိရစ္ဆာန်များသည် ဆေးကုသမှုလိုအပ်သည့်အခါ AI ၏ ချက်ချင်းအကြောင်းကြားချက်များကို မွေးမြူရေးသမားများရရှိကြသည်။ ထို့ကြောင့် ကုသမှုကို ပိုမိုမြန်ဆန်စေပြီး ရောဂါဖြစ်ပွားမှုများကို လျှော့ချပေးသည်။ AI သည် အစာကျွေးခြင်း အချိန်ဇယားကို အကောင်းဆုံးဖြစ်အောင် ကူညီပေးပြီး တိရစ္ဆာန်ကျန်းမာရေး၊ နို့ထုတ်လုပ်မှုနှင့် လယ်ယာအကျိုးအမြတ်အလုံးစုံကို တိုးတက်ကောင်းမွန်စေရန်လည်း ကူညီပေးသည်။

**ရာသီဥတုခန့်မှန်းခြင်းနှင့် အထွက်နှုန်းခန့်မှန်းခြင်း**

ရာသီဥတုအခြေအနေများသည် စိုက်ပျိုးရေးထုတ်လုပ်မှုကို များစွာလွှမ်းမိုးသည်။ AI သည် သမိုင်းဝင်ရာသီဥတုဒေတာများ၊ ဂြိုဟ်တုစောင့်ကြည့်မှုများနှင့် ရာသီဥတုပုံစံများကို ခွဲခြမ်းစိတ်ဖြာပြီး အလွန်တိကျသော ရာသီဥတုခန့်မှန်းချက်များကို ပေးစွမ်းသည်။ လယ်သမားများသည် ဤခန့်မှန်းချက်များကိုအသုံးပြု၍ စိုက်ပျိုးခြင်း၊ ရေသွင်းခြင်း၊ ဓာတ်မြေသြဇာအသုံးပြုခြင်းနှင့် ရိတ်သိမ်းခြင်းအတွက် အကောင်းဆုံးအချိန်များကို ဆုံးဖြတ်နိုင်သည်။

AI သည် သီးနှံကြီးထွားမှု၊ မြေဆီလွှာ အရည်အသွေးနှင့် ရာသီဥတုအခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် ရိတ်သိမ်းခြင်းမပြုမီ သီးနှံအထွက်နှုန်းကိုလည်း ခန့်မှန်းသည်။ တိကျသော အထွက်နှုန်းခန့်မှန်းခြင်းသည် လယ်သမားများကို သိုလှောင်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဈေးကွက်ရှာဖွေရေးဗျူဟာများကို စီစဉ်ရာတွင် အထောက်အကူပြုပြီး ငွေကြေးဆိုင်ရာအန္တရာယ်များကို လျှော့ချပေးသည်။

ဆက်လက်ဖော်ပြပါမည်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၅၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၅၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၃၀၂၂ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၀၅၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲတီစိမ်း ဧက ၄၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ်၌ စားသုံးသူရေးရာကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**စဉ့်ကိုင် ဇူလိုင် ၁၅**


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချမှုရရှိစေရေးအတွက် စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ စားသုံးသူရေးရာကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၄ ရက်က အထက(ပလိပ်)ခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အထက(ပလိပ်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ညွန့်က အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်မင်းလတ်က စားသုံးသူကာကွယ်ရေးဥပဒေနှင့် ပတ်သက်သည့်ရည်ရွယ်ချက်များ၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ အချက်အလက်များ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များအကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် တာဝန်ခံဦးစိုးလွင်က စားသုံးသူများ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ပါက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ Consumer Information & Complaint Center(CICC)များနှင့် Consumer Call Center ဖြစ်သည့် (1535)သို့ ဆက်သွယ်တိုင်ကြားနိုင်သည့်အပြင် စားသုံးသူရေးရာဦးစီးဌာန၏ Websiteဖြစ်သော www doca.gov.mmသို့ဝင်ရောက်တိုင်ကြားနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး(၄) ဦးဖြိုးဝေထွဋ်က အစားအသောက်များ စားသုံးရာတွင် သန့်ရှင်းသည့်အစားစာများကို ဝယ်ယူစားသုံးကြရန်နှင့် အသင့်စားရန် ထုတ်လုပ်ထားသည့် အစားအစာများကို နေ့စဉ်စားသုံးရန် မသင့်ကြောင်း အကျယ်တဝင့် ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**









## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်၊ (၁၂)ရပ်ကွက်နေ ဦးကျော်ဇင်ထွန်း (ဘ) ဦးထွန်းကြည်(၁၂/တမန(နိုင်)၀၉၇၉၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-898912884

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်(၇၂၁)နေ မောင်သုငြိမ်းစျာန်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမောင်ထိုက်** ဖြစ်ပါကြောင်း။

**ဦးမောင်ထိုက်(၁၀/မလမ(နိုင်)၂၂၁၃၂၅)**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ လေးကျင့်ရေးအထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်စိုင်းထက်ကိုကိုလွင်၏ ဖခင်အမည်မှန်မှာ **ဦးနေလင်းအောင်** ဖြစ်ပါကြောင်း။

**ဦးနေလင်းအောင်(၅/စကန(နိုင်)၃၄၁၉၈၅)**

## ဖခင်အမည်မှန်

မတ္တရာမြို့နယ်၊ အထက(တောင်ပြုံးကြီး)၊ Grade-3(B) တွင် ပညာသင်ကြားနေသော မောင်ဝင်းမင်းဟိန်း၏ ဖခင်အမည်မှန်မှာ **ဦးသန့်ဇင်ဦး** ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်ဦး(၉/မတရ(နိုင်)၂၀၆၈၂၂)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ VEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မသူသူမြင့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမြင့်ဆောင်** ဖြစ်ပါကြောင်း။

**ဦးမြင့်ဆောင်(၉/တတဥ(နိုင်)၀၃၀၂၄၅)**

## ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ကေတုမတီမြို့သစ်၊ တပင်ရွှေထီးရပ်ကွက်နေ မောင်ချမ်းငြိမ်းသူ (ဘ) ဦးမောင်သက်(၇/ကကန(နိုင်)၀၆၃၁၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-784095370

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဩဗက်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဂျီလေး** ဖြစ်ပါကြောင်း။

**ဦးဂျီလေး(၉/မကန(နိုင်)၁၄၀၁၂၄)**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးဂျီလေး၏သား မောင်ဩဗတ်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်ဩဗက်** ဖြစ်ပါကြောင်း။

**မောင်ဩဗက်(၉/မကန(နိုင်)၁၇၆၂၂၀)**

## ပျောက်ဆုံးကြောင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၁)နေ ဦးအိုက်ပု (ဘ) ဦးရင်းကျီကြိုး(၁၃/တယန(နိုင်)၀၃၇၅၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-178854)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ 09-670975840

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)နေ မောင်မိုးမြင့်သူ (ဘ) ဦးကျော်နိုင်(၁၃/လရန(နိုင်)၁၇၂၈၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-388427)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ 09-66066660

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**

**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် ကရင်ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့(KPMF)နှင့် KNLA အဖွဲ့တို့မှ အဖွဲ့ဝင် ၄၁ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်ထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက လက်နက်အပ်နှံစဉ်။

နေပြည်တော် ဇူလိုင် ၁၅

တပ်မတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများကို အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

❖ နိုင်ငံတော်ရှေ့သို့ဖို့
ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။


နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ စာမျက်နှာ - ၁၇

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ဇွဲကပင်ယူနိုက်တက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရ စာမျက်နှာ - ၉

အလုပ်၊ မိသားစုနှင့် ကိုယ်ပိုင်ဘဝကြား မျှတစွာနေထိုင်ခြင်း(Work-Life Balance) ဆောင်းပါး စာမျက်နှာ - ၁၀


## မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်မှုအပေါ် အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများ Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်သော မော်တော်ယာဉ်များအား လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အမည်ပြောင်းမှတ်ပုံတင်နိုင်ရန် အခွန်စိစစ်သည့်ကိစ္စရပ်များကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်မှစ၍ Vehicle Automatic Valuation System (VAVS)ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် https://vavs.ird.gov.mm ၌ မိမိ၏ ဖုန်းနံပါတ်ကိုအသုံးပြု၍ စနစ်အတွင်းသို့ဝင်ရောက်ပြီး မော်တော်ယာဉ်အမှတ်နှင့်လိုအပ်သောအချက်အလက်များကို ဖြည့်သွင်းပေးခြင်းဖြင့် စနစ်မှ အလိုအလျောက်တန်ဖိုးစိစစ်၍ အခွန်တွက်ချက်ပေးမည်ဖြစ်ပြီး Online Payment ဖြင့် ကျသင့်အခွန်ကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၃။ အခွန်ပေးဆောင်ခြင်းကို VAVS စနစ်နှင့် ချိတ်ဆက်ထားသော IRD's Tax Payment Hub မှတစ်ဆင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ❖

## မိုးရာသီကာလ ပွင့်လင်းချိန်ခါမဟုတ်သော်လည်း အနီးစခန်းလေယာဉ်ကွင်း ဖွင့်လှစ်လိုက်သဖြင့် ပြင်ဦးလွင်မြို့၌ ခရီးသွားဧည့်သည် အဝင်၊အထွက် များပြားလျက်ရှိ




ပြင်ဦးလွင် ဇူလိုင် ၁၅

ယခုအချိန်ကာလသည် မိုးရာသီဖြစ်နေပြီး ခရီးသွားဧည့်သည်နည်းပါးလေ့ရှိသော်လည်း အနီးစခန်းလေယာဉ်ကွင်း ဖွင့်လှစ်လိုက်သဖြင့် ပြင်ဦးလွင်မြို့၌ ခရီးသည် အဝင်၊အထွက်များပြားလျက်ရှိကြောင်း ဟိုတယ်လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ယခင်က လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်နည်းပါးခဲ့သော်လည်း ယခုအခါ ခရီးသွားလာရောက်လည်ပတ်မှုများပြားပြီး ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင်လည်း တည်းခိုမှုများပြားလာကြောင်း၊ အနီးစခန်းလေယာဉ်ကွင်း ဖွင့်လှစ်လိုက်သဖြင့် ခရီးသွားလာမှုလွယ်ကူလျင်မြန်လာခြင်းကြောင့် ဖြစ်ကြောင်း ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

"ပုံမှန်အတိုင်းဆိုရင် ဒီလိုအချိန်၊ ဒီလိုရာသီက ဧည့်သည်အဝင်၊ အထွက်

စာမျက်နှာ ၁၇ ကော်လံ ၃ ■

## ပြင်သစ်အသင်းကို အနိုင်ရရှိပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ စပိန်အသင်း တက်ရောက်



မက်ဒရစ် ဇူလိုင် ၁၅

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် စပိန်အသင်းနှင့် ပြင်သစ်အသင်းတို့ပွဲစဉ်တွင် စပိန်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစတင်ကတည်းက စပိန်အသင်းက ကွင်းလယ်ပိုင်းစိုးမိုးဖိအားပေးပြီး အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၂ မိနစ်တွင်

စာမျက်နှာ ၂၃ ကော်လံ ၁ ❍

## လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇူလိုင် ၁၅

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် – ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး

စာမျက်နှာ ၁၇ ကော်လံ ၁ ●